# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၃၂)


# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖော်ဆောင်ရာ၌ ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ကူညီဆောင်ရွက်စေလို



**ကန်ပက်လက် ဖေဖော်ဝါရီ ၈**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချင်းပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ကန်ပက်လက်မြို့ Win Unity Hotel အစည်းအဝေးခန်းမ၌ ကန်ပက်လက် ဒေသခံပြည်သူ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒေသခံပြည်သူ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းကို ဆက်သွယ်ထားသည့်လမ်းများ၏ အခြေအနေများနှင့် ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မျက်မြင်လာရောက်ကြည့်ရှုခြင်းဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို သိရှိလို၍ လာရောက်ခြင်းလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံ၊ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းနေသည့် အချိန်ကာလလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်အတွင်း လမ်းကွန်ရက်များနှင့် အဓိကလမ်းမများ တည်ဆောက်ခြင်း၊ လေယာဉ်ကွင်းများ တည်ဆောက်ခြင်း၊ တက္ကသိုလ်နှင့် ကောလိပ်များ တည်ဆောက်ခြင်း၊ ဆေးရုံများအဆင့်မြှင့်တင်ခြင်း၊ မြို့အဆင့်တိုးချဲ့ခြင်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို ထောက်ပံ့ကူညီပေးခြင်း စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်များကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်း ကုလားတန်မြစ် စီမံကိန်းကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ဆော်လောင်းကျေးရွာရှိ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားမှုကို ကြည့်ရှုစဉ်။**

သတင်းစဉ်

- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံ၊ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းနေသည့် အချိန်ကာလလည်းဖြစ်
- နိုင်ငံတော် အစိုးရအနေဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်များကို မြင်တွေ့ကြရမည်ဖြစ်



### သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ ၊ ၁၇ တွင် ဖော်ပြထားပါသည်။

**ပင်လုံမြေသာစခန်း မြန်းကြစို့ တို့ညီအစ်ကိုတွေ**

စာ » ၆

**စွန့်စားခြင်းနှင့် သဘာဝတရားကို ရှာဖွေသည့် ခရီးစဉ်သစ်များကို ဖေဖော်ဝါရီ ပိတ်ရက်များအတွက် လူငယ်များရွေးချယ်**

စာ » ၁၀

**ပြုံချမ်း အိုလံပစ် အားကစားပြိုင်ပွဲ မကျင်းပမီ တစ်ရက်အလိုတွင် စစ်ရေးပြအခမ်းအနား ကျင်းပမှုကို မြောက်ကိုရီးယားထုတ်လွှင့်**

စာ » ၁၄




# (၂၁)ရာစုပင်လုံညီလာခံနှင့် ပြည်ထောင်စု၏အနာဂတ်

အမျိုးသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူမျိုးများအကြား ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည်မှာ နှစ်ပေါင်း(၇၁)နှစ် ပြည့်တော့မည်ဖြစ်ပါသည်။ ပင်လုံစာချုပ်သည် တိုင်းပြည်အား အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် အုတ်မြစ်ချပေးခဲ့သော စာချုပ်ဖြစ်ပါသည်။ သို့သော် နိုင်ငံရေးအယူဝါဒ အစွန်းရောက်မှုမှတစ်ဆင့် တိုင်းရင်းသားလူမျိုးများအရေးအထိ ကျယ်ပြန့်ခဲ့သော ပြည်တွင်းစစ်မီးသည် လွတ်လပ်ရေးနှင့်အတူ တောက်လောင်ခဲ့ပြီး ယနေ့တိုင် ပြည်တွင်းစစ်မီး အကြွင်းအကျန်တို့ တောက်လောင်နေဆဲဖြစ်ပါသည်။ ဤပြည်တွင်းစစ်မီး အကြွင်းအကျန်တို့ကို အပြီးတိုင်ငြိမ်းသတ်နိုင်ရေးအတွက် (၂၁) ရာစုပင်လုံ ညီလာခံကို ကျင်းပခဲ့သည်မှာ နှစ်ကြိမ်ရှိသွားပြီ ဖြစ်ပါသည်။ ပင်လုံညီလာခံသည် လွတ်လပ်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ (၂၁)ရာစုပင်လုံညီလာခံသည်လည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံအုတ်မြစ်ဖြစ်လာမည် ဖြစ်ပါသည်။

ဤနေရာ၌ (၂၁) ရာစုပင်လုံညီလာခံလုပ်ငန်းစဉ်တို့ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကို အပြည့်အဝအကောင်အထည်ဖော်၍ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ထူထောင်နိုင်ရေးက ပြည်ထောင်စုတစ်ရပ်လုံးနှင့် တိုင်းရင်းသား လူမျိုးအားလုံးအတွက် မည်မျှအရေးကြီးသည်ကို သုံးသပ်ရန် လိုအပ်လာပါသည်။ လိုရင်းကို တင်ပြရပါက ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသည် ပြည်ထောင်စုသားအားလုံးအတွက် မည်မျှအရေးကြီးသည်ကို သိရှိနားလည်ရန် လွန်စွာအရေးကြီးပါသည်။ ဤသို့သော အရေးကြီးမှုအတိုင်းအတာကို ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များနှင့်ယှဉ်ထိုးကြည့်ပါမှ ပီပီပြင်ပြင်ပေါ်လွင်မည်ဟု ယူဆပါသည်။ သို့ဖြစ်ပါ၍ မြန်မာ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်ရေးတို့ကို အခြေခံ၍ (၂၁)ရာစု ပင်လုံညီလာခံလုပ်ငန်းစဉ်များမှတစ်ဆင့် အကောင်အထည်ဖော်မည့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့၏ အရေးပါပုံကို တင်ပြလိုပါသည်။

မြန်မာ - အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေး၌ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းနှင့် ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့သည် အဓိကစီမံကိန်းကြီးများဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ မြန်မာ - တရုတ်ပူးပေါင်းဆောင်ရွက်ရေး၌ ယူနန်ပြည်နယ်နှင့် မန္တလေး - ရန်ကုန်-ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့ကို ချိတ်ဆက်မည့် မြန်မာ - တရုတ် စီးပွားရေးစင်္ကြံအား အဓိက စီမံကိန်းကြီးဖြစ်လာရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးများဖြစ်၍ ဤစီမံကိန်းကြီးများ အကောင်အထည်ဖော်ပြီးစီးချိန်၌ မြန်မာနိုင်ငံသည် တစ်နိုင်ငံချင်း လူဦးရေသန်းထောင်ချီရှိသော ဈေးကွက်ကြီးနှစ်ရပ်နှင့် တိုက်ရိုက် ချိတ်ဆက်ခွင့်ရရှိမည် ဖြစ်ပါသည်။ ဤသည်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် မဟာ့မဟာအခွင့်အလမ်းကြီးတစ်ရပ်ဖြစ်သကဲ့သို့ ရောမစိတ်ခေါ်မှုကြီးလည်း ဖြစ်ပါသည်။ (၂၁) ရာစုပင်လုံညီလာခံလုပ်ငန်းစဉ်တို့ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အပြည့်အဝတည်ဆောက်နိုင်ပါက တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရာနှုန်းပြည့် စုစည်းညီညွတ်မှုဖြင့် ဤမဟာ့မဟာ အခွင့်အလမ်းကြီးကို အပြည့်အဝအသုံးချ၍ ပြည်ထောင်စုကြီး တစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်မားစွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။ အမျိုးမျိုးသောအကြောင်းတို့ကြောင့် (၂၁) ရာစုပင်လုံညီလာခံလုပ်ငန်းစဉ်တို့ နှောင့်နှေး၍ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ မအောင်မမြင်ဖြစ်ပါက မဟာ့မဟာ အခွင့်အလမ်းတို့သည် ရောမစိန်ခေါ်ခြိမ်းခြောက်မှုအဖြစ် အသွင်ပြောင်းလဲသွားမည် ဖြစ်ပါသည်။ ရောမစိန်ခေါ်ခြိမ်းခြောက်ဖိစီးမှုတို့အောက်၌ ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံတို့နှင့်နှိုင်းယှဉ်ပါက ပို၍ပို၍ နိမ့်ကျသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့၌ (၂၁) ရာစုပင်လုံညီလာခံလုပ်ငန်းစဉ်များ အောင်မြင်ရေးကို ပြည်ထောင်စုတစ်ရပ်လုံး၏ နိုင်ငံရေးသန္နိဋ္ဌာန်အဖြစ် ဆုပ်ကိုင်ကြိုးပမ်း အကောင်အထည်ဖော်ကြပါရန် လေးစားစွာနှိုးဆော်တင်ပြအပ်ပါသည်။ ။

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊




## တနင်္သာရီမြစ်ကို ဖြတ်၍ တနင်္သာရီတံတားသစ်တစ်စင်းအား စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်

**တနင်္သာရီ ဖေဖော်ဝါရီ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၄) မှ တနင်္သာရီတိုင်းဒေသကြီးရှိ ရန်ကုန်-မြိတ်-ကော့သောင်းနယ်စပ်အထိသို့ သွားရောက်မည့် လမ်းတစ်လျှောက်ရှိ အဓိကကျသည့်နေရာတွင် တနင်္သာရီမြစ်ကိုဖြတ်၍ တနင်္သာရီသံမဏိသံပေါင်တံတားသစ်တစ်စင်းကို လက်ရှိတွင် ရေလယ်တိုင်များ ဘိုးပိုင်အုတ်မြစ်ချရေး စီမံကိန်းလုပ်ငန်းများ တည်ဆောက်ခြင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားကို တနင်္သာရီတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၆၀၂၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း တံတားအရှည်မှာ ချဉ်းကပ်လမ်းပါ ၁၄၄၃ ပေ၊ တံတားအကျယ် ၃၄ ပေ ၆ လက်မ၊ ချဉ်းကပ်တံတား မှာ RC/OC Girder & RC Concrete၊ မြစ်ရေကင်းလွတ်အမြင့်မှာ ၁၉ ပေ ၆ လက်မ၊ ရေလမ်းကင်းလွတ် အကျယ် ၁၆၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်မှာ ၃ ပေစီဖြစ်ပြီး ခွင့်ပြုယာဉ် အလေးချိန်မှာ ၇၅ တန်အထိ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါတံတားကို ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၈-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ・၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ・၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ・၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ・၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ・၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ・၄ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ ရှေ့ဖုံးမှ

အဆိုပါ စီမံကိန်းကြောင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသမှ ထွက်ကုန်များနှင့် ချင်းပြည်နယ်၏ ထွက်ကုန်များကို စစ်တွေဆိပ်ကမ်းမှတစ်ဆင့် ပြည်ပသို့ တင်ပို့နိုင်တော့မည်ဖြစ်သည့်အပြင် အိန္ဒိယ - မြန်မာ နှစ်နိုင်ငံ အပြန်အလှန်လွယ်လင့်တကူ ကုန်သွယ်နိုင်တော့မည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းပြီးစီးပါက နိုင်ငံတော် နှင့် ဒေသခံပြည်သူများအတွက် အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရေတိုရေရှည်စီမံချက်များ ကြိုတင်ချမှတ်၍ ပါဝင်ဆောင်ရွက် ကြစေလိုပါကြောင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စီမံချက်များချမှတ်၍ စီးပွားဖြစ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**အသီးအပွင့်များ ခံစား**

ပလက်ဝမြစ်ကူးတံတားကိုလည်း ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဖွင့်လှစ်ပေးနိုင်တော့မည် ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ၆၀၀ မဂ္ဂါဝပ် ထုတ်ပေးနိုင်မည့် လေးမြို့မြစ်စီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးရေအားလျှပ်စစ်ထုတ်လုပ်သည့်စီမံကိန်းကြီး ဖြစ်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သကဲ့သို့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားစရာလည်း ဖြစ်စေပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာကို သိမြင်နားလည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် တစ်တပ်တစ်အား ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်စေလိုပါကြောင်း၊ သို့မှသာ ဖွံ့ဖြိုးတိုးတက်သည့် အသီးအပွင့်များကို အမြန်ဆုံးရရှိခံစားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ချင်းပြည်နယ်အတွင်း လမ်းကွန်ရက်တည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဖြည့်စွက်ရှင်းလင်းသည်။

**သဘာဝအခြေခံ ခရီးသွားလုပ်ငန်း**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူများ၏ သဘောထားဆန္ဒများနှင့်အညီ စနစ်တကျ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်သွားစေလိုပါကြောင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကို ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဆော်လောင်းကျေးရွာရှိ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသည့် ကျေးရွာအတွင်း လျှပ်စစ်မီးအမြန်ဆုံး သွယ်တန်းဖြန့်ဖြူးနိုင်ရေး မှာကြားပြီး ရိုးရာအကအဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ ဆော်လောင်းရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ဒေသခံပြည်သူများက ဦးစီးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး Forever Top Travel and Tour ကုမ္ပဏီက ပံ့ပိုးကူညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ခရီးသွားလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လေ့လာလျက်ရှိနေကြောင်း သိရသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ ကန်ပက်လက်မြို့ အမှတ်(၂) ရပ်ကွက်ရှိ 'ကန်ပုလဲ 'ဝဥနှင့် တောင်ပေါ်သီးနှံများ အခြောက်ခံခြင်းနှင့် တန်ဖိုးမြှင့်လုပ်ငန်း၌ ကြည့်ရှုလေ့လာစဉ် သတင်းစဉ်

**ဖြည့်စွက်ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကန်ပက်လက်မြို့ အမှတ်(၂) ရပ်ကွက်ရှိ 'ကန်ပုလဲ 'ဝဥနှင့် တောင်ပေါ်သီးနှံများ အခြောက်ခံခြင်းနှင့် တန်ဖိုးမြှင့်လုပ်ငန်းသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက စိုက်ပျိုး စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဗီဒီယိုပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ချင်းပြည်နယ်၏ ရေမြေရာသီဥတု အခြေအနေကပေးသည့် ထောပတ်၊ ဝဥ၊ စပျစ်နှင့် ကော်ဖီသီးနှံများကို ပြည်နယ်အတွင်း နိုင်ငံအကျိုးပြု ပြည်ပပို့ကုန်အဖြစ် တိုးချဲ့စိုက်ပျိုးသွားစေလိုပါကြောင်း၊ အဆိုပါသီးနှံများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ပြောင်းလဲ၍ နိုင်ငံတကာဈေးကွက်သို့ ကျယ်ပြန့်စွာတင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ ထောပတ်၊ ကော်ဖီ၊ စပျစ်နှင့် ဝဥများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်မည်ဖြစ်ပါကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရေးအတွက် အရေးပါသော ဝဥအခြေခံစက်ရုံစီမံကိန်းအား အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းစေလိုကြောင်း၊ အဆိုပါလုပ်ငန်းများတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာနိုင်ရန် ဝိုင်းဝန်းပံ့ပိုး ကူညီကြစေလိုပါကြောင်း၊ ချင်းပြည်နယ်မှ ထွက်ရှိသည့် သစ်သီးဝလံများသည် ဓာတုပစ္စည်းကင်းလွတ်သည့်အတွက် အဆိုပါအားသာချက်ကို အသုံးပြု၍ နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် အဆိုပါလုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**ကမ္ဘာ့အကောင်းဆုံးအဆင့်တွင် ပါဝင်**

ချင်းပြည်နယ်တွင် ဝဥကို မတူပီ၊ မင်းတပ်နှင့် ပလက်ဝမြို့နယ်များတွင် အများဆုံး စိုက်ပျိုးလျက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ဝဥအစို ပိဿာ ၅၀၀၀ ခန့်ရရှိပြီး စနစ်တကျစိုက်ပျိုးနိုင်ပါက အထွက်နှုန်း သုံးဆခန့် ပိုမိုထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြည်ပဈေးကွက်တွင် ဝဥလှော်ခြောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀၀ ခန့် ရရှိနိုင်ပြီး ပြည်ပ ဈေးကွက်တွင် ဝဥ အစိုရောင်းချပါက တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်၊ ဝဥလှော ခြောက်အဖြစ် ရောင်းချပါက တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ခန့်၊ ဝဥခြောက် အမှုန့်အဖြစ် ရောင်းချပါက တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၀ ခန့်၊ ဝဥ ခေါက်ဆွဲအဖြစ် တန်ဖိုးမြှင့်ထုတ်လုပ်ရောင်းချနိုင်ပါက ငွေကျပ် ၇၁၀၀၀ ခန့် ရရှိနိုင်သဖြင့် ဝဥစိုက် တောင်သူများအနေဖြင့် စီးပွားဖြစ်တွက်ခြေကိုက်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ကော်ဖီအနေဖြင့် နိုင်ငံတကာ၏ သတ်မှတ်ချက် အရ အဆင့် ၈၀ ကျော်လျှင် အထူးတန်းဝင် သတ်မှတ်ထားရာ မြန်မာနိုင်ငံ (ပြင်ဦးလွင်၊ ရှာင်း၊ သံတောင် ဒေသများ)မှ ကော်ဖီများသည် အဆင့် ၈၄ မှ ၈၆ အထိရှိပြီး ချင်းပြည်နယ်ထွက် ကော်ဖီမှာ အဆင့် ၉၆ ရှိသဖြင့် ကမ္ဘာ့အကောင်းဆုံးအဆင့်တွင် ပါဝင်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ခေါ်နူးစုမ် (နတ်မတောင်)အမျိုးသားဥယျာဉ်သို့ ရောက်ရှိရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အမျိုးသားဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ဆိုင်ရာ အကြောင်းအရာများ၊ သုတေသနပြုနိုင်သည့်အခြေအနေများ၊ လေ့လာကြည့်ရှု အပန်းဖြေနိုင်သည့် အခွင့်အလမ်းများ၊ သဘာဝအခြေခံခရီးသွားဝန်ဆောင်မှုများနှင့် ဒေသခံပြည်သူများထံ အကျိုးပြုမှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**အဖိုးတန်ဇီဝမျိုးစုံမျိုးကွဲများစွာ တည်ရှိ**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အမျိုးသားဥယျာဉ်အတွင်း သဘာဝတောရိုင်းတိရစ္ဆာန် ဖမ်းဆီးမှုများကို ထိရောက်စွာ တားဆီးနိုင်ရေး၊ ရှိပြီးသဘာဝပတ်ဝန်းကျင်ကို ဦးစားပေးထိန်းသိမ်းဆောင်ရွက်ပြီးမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရေး၊ ယင်းဥယျာဉ်ကြီးတွင် ကမ္ဘာ့ဒေသ အနှံ့အပြား၌ မျိုးတုန်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မျက်ခုံးဖြူငှက်ပြာချောက်များနှင့် မျိုးစိတ်ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် သစ်ခွအမျိုးအစားခုနစ်မျိုးအပါအဝင် အဖိုးတန်ဇီဝမျိုးစုံမျိုးကွဲများစွာ တည်ရှိနေသဖြင့် ဝိုင်းဝန်းထိန်းသိမ်းနိုင်ရေး စောင့်ရှောက်နိုင်ရေး ဒေသခံပြည်သူများကို အသိပညာ ဗဟုသုတများ ပိုမိုဖြန့်ဖြူးနိုင်ရေးတို့ကို မှာကြားသည်။

**သဘာဝအလှအပများကို ခံစား**

အဆိုပါ ခေါ်နူးစုမ် (နတ်မတောင်)အမျိုးသားဥယျာဉ်ကို ၁၉၃၆ ခုနှစ်တွင် မိုယ်းကြိုးဝိုင်းအဖြစ် တည်ထောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခဲ့ကာ ဥယျာဉ်သည် ချင်းပြည်နယ် တောင်ပိုင်းရှိ ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီမြို့နယ်များအတွင်း ကျရောက်တည်ရှိပြီး ၁၇၆၂၀၂ ဧကကျယ်ဝန်းကာ အမြင့်ပေ ၁၀၂၀၀ ရှိကြောင်း၊ တောတွင်းကင်းစခန်းများနှင့် တောတွင်းငှက်ကြည့်စခန်းများ၊ တောင်ဇလပ်ပန်းများ၊ သစ်ခွမျိုးစိတ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကျက်စားရာဒေသကြီးဖြစ်၍ တောတွင်းလျှောက်လမ်းများ၊ တောင်ပေါ်ရှုခင်းများနှင့် သဘာဝအလှအပများကို ခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ဝင်များသည် မင်းတပ်မြို့နယ် အေးစခန်းကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကန်ပက်လက် - မင်းတပ်လမ်းကီလိုမီတာ ၅၀ ဒသမ ၄ နှင့် ၅၀ ဒသမ ၆ အကြားရှိ ချီချောင်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ယာယီရှင်းလင်းဆောင်၌ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဇော်ဝင်းမြင့်က တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတသည် အဆိုပါ တံတားတည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များသည် ပြေကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ မင်းတပ်မြို့မှ ပုဂံမြို့သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောဒေသတွင် တည်ဆောက်တပ်ဆင်မည့် သီးနှံ (စပါး) သိုလှောင်ရုံ (Silo) ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့တွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည့် Great Myanmar Co., Ltd.မှ ရခိုင်ပြည်နယ် မောင်တောဒေသတွင် တည်ဆောက် တပ်ဆင်ရန်အတွက် သီးနှံ(စပါး) သိုလှောင်ရုံ (Silo) ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားသည်။ ထို့နောက် Great Myanmar Co., Ltd. ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာစိုင်းဆမ်ထွန်းမှ သီးနှံ (စပါး) သိုလှောင်ရုံ (Silo) တည်ဆောက် တပ်ဆင်ခြင်းအတွက် ကုန်ကျစရိတ် ငွေကျပ် ၁၈၆၅ သိန်းကို ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

Great Myanmar Co., Ltd. က လှူဒါန်းသော တန် ၂၅၀ ဆံ့ သီးနှံ (စပါး) သိုလှောင်ရုံကို စက်မှုဝန်ကြီးဌာန အမှတ် (၁၅) အကြီးစားစက်ရုံ (သာဂရ) ၌ ထိုင်းနိုင်ငံမှ ပညာရှင်များဖြင့် ပူးပေါင်းထုတ်လုပ်ခြင်းဖြစ်ကာ သိုလှောင်ရုံတစ်လုံး၏ တည်ဆောက်တပ်ဆင်စရိတ်မှာ ငွေကျပ် ၁၈၆၅ သိန်းဖြစ်ပြီး အဆိုပါ သိုလှောင်ရုံအား မကြာမီအချိန်တွင် မောင်တောဒေသသို့ သွားရောက် တပ်ဆင်ပေးမည် ဖြစ်သည်။

အလားတူပင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ သိုလှောင်ရုံ တပ်ဆင်ရန် လိုအပ်သော အခြားနေရာ ဒေသများအတွက်လည်း လိုအပ်ချက်အလိုက် သိုလှောင်ရုံအမျိုးမျိုးကို ဆက်လက်ထုတ်လုပ်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ မူကြမ်းအား လေ့လာသုံးသပ်



**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ မူကြမ်းအား လေ့လာသုံးသပ်ခြင်းနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များဖြစ်သည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲအရာရှိများ၊ International Foundation for Electoral Systems (IFES)မှ တာဝန်ရှိသူများနှင့် International IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အစည်းအဝေးပထမနေ့တွင် မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ကို လေ့လာသုံးသပ် ဆွေးနွေးသွားမည်ဖြစ်ပြီး ဒုတိယနေ့တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်အတွက် ရွေးကောက်ပွဲများသည် အခြေခံဖြစ်ကြောင်း၊ ရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများကို စီမံ၍ နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ ဝင်ပေါက်ဟု ဆိုနိုင်ပါကြောင်း။

ရွေးကောက်ပွဲများသည် အလွန်အရေးပါကြောင်း၊ ရွေးကောက်ပွဲတစ်ခု အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စနစ်တစ်ကျ ကြိုတင်စီမံဆောင်ရွက်ရပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အပိုင်းသုံးပိုင်း ရှိပါကြောင်း၊ ပထမပိုင်းမှာ ရွေးကောက်ပွဲအကြိုကာလဖြစ်ပြီး ဒုတိယပိုင်းမှာ ရွေးကောက်ပွဲကျင်းပခြင်းနှင့် တတိယပိုင်းမှာ ရွေးကောက်ပွဲပြီးနောက် ရွေးကောက်ပွဲ၌ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာအမှုများကို စစ်ဆေးဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် ရွေးကောက်ပွဲများ၏ အားသာချက်၊ အားနည်းချက်များကို ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများစသည့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သူ အားလုံးတို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုတွေ့ဆုံဆွေးနွေးပွဲများမှ ရရှိခဲ့သည့် သုံးသပ် အကြံပြုချက်များအပေါ် အခြေခံ၍ မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ကို ကော်မရှင်နှင့် IFES တို့ပူးပေါင်း၍ ရေးဆွဲခဲ့ပါကြောင်း၊ ယခု မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ တွင် အခန်း ၁၁ ခန်း ပါရှိပါကြောင်း၊ မဟာဗျူဟာစီမံချက်တွင် ရေးဆွဲထားသည့် လုပ်ငန်းစဉ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ချိတ်ဆက်လျက်ရှိပါကြောင်း။

မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် အဓိကလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်နိုင်ရန် ရေးဆွဲထားပါကြောင်း၊ ရွေးကောက်ပွဲများတွင် ကော်မရှင်၏ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်စေရန် စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်၍ လိုအပ်ချက်များကို မွမ်းမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အစည်းအဝေးတက်ရောက်လာသူများအနေဖြင့် မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ကို ပိုမိုပြည့်စုံကောင်းမွန်စေရန် ကဏ္ဍအလိုက်ပါဝင်သည့် အချက်အလက်များအား သုံးသပ်ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ မူကြမ်းအား စီမံကိန်းပါ အခန်း တစ်ခုချင်းစီအလိုက် အဖွဲ့သုံးဖွဲ့ ခွဲ၍သုံးသပ်ခြင်းကို ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများနှင့် ဖက်ဒရယ်စနစ်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမြင် ဗဟုသုတများ ကျယ်ပြန့်လာစေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းဆိုင်ရာ အတွေးအခေါ်များ မြင့်မားလာစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုတေသနလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် Institute For Democracy and Electoral Assistance (IDEA) တို့ပူးပေါင်း၍ “ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့် ဖက်ဒရယ်စနစ်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ” ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်တွင် နေပြည်တော်ရှိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်က အဖွင့်အမှာစကား ပြောကြားပြီး International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာရှိများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



# မီဒီယာကျင့်ဝတ် မြှင့်တင်ရေးနှင့် မီဒီယာကို ကောင်းမွန်စွာ အသုံးချရေး ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား UNESCO ရန်ကုန်ရုံး အကြီးအကဲဖြစ်သူ Ms. Min Jeong Kim နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ့မီဒီယာဖွံ့ဖြိုး တိုးတက်ရေးအကဲဖြတ်မှု အစီရင်ခံစာပါ အကြံပြုချက်များအပေါ် သုံးသပ်ပေးရေးကိစ္စရပ်များ၊ မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစားပေးဆောင်ရွက်မည့် နယ်ပယ်များ၊ သတင်းအချက်အလက် ရယူပိုင်ခွင့် ဥပဒေ (Right to Information Law) ရေးဆွဲနေမှု၊ ရခိုင်ပြည်နယ်သို့ သတင်းမီဒီယာအဖွဲ့များ စေလွှတ်နေမှု၊ မီဒီယာကျင့်ဝတ် မြှင့်တင်ရေးနှင့် မီဒီယာကို ကောင်းမွန်စွာ အသုံးချရေး ပညာပေး အစီအစဉ် (Media Information Literacy)များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကျောင်းအဆောက်အအုံများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရွှေတောင်လုပ်ငန်းစုက အခြေခံပညာကျောင်း အဆောက်အအုံများ လွှဲပြောင်းပေးအပ်ခြင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ ဗဟိုဌာနနှင့် စာကြည့်တိုက်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက်က မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ပြည်ညောင်ကျေးရွာနှင့် ကူပြင်ကျေးရွာတို့၌ ကျင်းပသည်။

ယနေ့လွှဲပြောင်းပေးအပ်သော ပြည်ညောင်ကျေးရွာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် အဆောက်အအုံမှာ အကျယ်အဝန်းစတုရန်းပေ ၁၂၆၇၂ ရှိကာ RC နှစ်ထပ်ဖြစ်ပြီးကျောင်းသားဦးရေ ၆၀၀ ကျော် ပညာသင်ကြားနိုင်သည့် စာသင်ခန်း ၁၀ ခန်း၊ ဓာတ်ခွဲစမ်းသပ်ခန်းနှင့် ကျောင်းအုပ်ကြီးရုံးခန်းတို့ ပါဝင်သည်။ ကူပြင်ကျေးရွာ မူလတန်းကျောင်းဆောင်သစ်မှာ စတုရန်းပေ ၃၆၀၀ ကျယ်ဝန်းကာ ကျောင်းသား ၈၀ ခန့်အတွက် စာသင်ခန်း ငါးခန်းနှင့် ရုံးခန်းတို့ ပါဝင်သည်။ လှူဒါန်းမှု စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ် သိန်းပေါင်း ၃၀၀၀ ခန့်ဖြစ်ပြီး ကျောင်းစာသင်ခန်းသုံး သင်ထောက်ကူပစ္စည်းများလှူဒါန်းသည်။

ထို့အပြင် ယင်းကျောင်းနှစ်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအားလုံးအတွက် ကျောင်းသုံးကိရိယာများနှင့် ဖတ်စာအုပ်များကို သံအမတ်ကြီးများနှင့် ဥက္ကဋ္ဌ ဦးအိုက်ထွန်း၏မိတ်ဆွေ အလှူရှင်များက ပါဝင်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာကျောင်းများ၏ နှစ်ဆုံးစာမေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် နှစ်ဆုံးစာမေးပွဲကို ယနေ့ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ယခုကျင်းပသည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဒုတိယတန်း၊ တတိယတန်း၊ ပဉ္စမတန်း၊ သတ္တမတန်းနှင့် နဝမတန်းများ၏ ကျောင်းတွင်းနှစ်ဆုံး စာမေးပွဲများအဖြစ် ဖြေဆိုကြခြင်းဖြစ်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသူ ကျောင်းသားများက အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

ထို့အပြင် ၂၀၁၇-၂၀၁၈ ခုနှစ် အခြေခံပညာအဆင့် စတုတ္ထတန်း နှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ လည်းကောင်း၊ အဋ္ဌမတန်းစာမေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၆ ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မတ် ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြန်မာတစ်ပြည်လုံး၌ ကျောင်းတွင်း ဖြေဆိုသူ ၅၁၈၀၀၆ ဦးနှင့် ကျောင်းပြင်ပဖြေဆိုသူ ၃၂၆၂၃၁ ဦး စုစုပေါင်း ၈၄၄၂၃၇ ဦးဖြေဆိုကြမည်ဖြစ်သည်။

ထို့အပြင် အပြစ်ဒဏ်ကျခံနေသည့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် မန္တလေးဗဟိုအကျဉ်းထောင် (အိုးဘို)တို့တွင် ဖြေဆိုရမည်ဖြစ်ပြီး ယခုနှစ်တွင် အကျဉ်းထောင်အတွင်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၀၂ ဦးရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူလေကြောင်းပြပွဲ တတိယနေ့ ဆက်လက်ကြည့်ရှု




**နေပြည်တော် ဖေဖော်ဝါရီ ၈**

စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim ၏ ဖိတ်ကြားချက်အရ စင်ကာပူလေကြောင်းပြပွဲသို့ တက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် Changi Exhibition Centre ၌ ကျင်းပလျက်ရှိသည့် စင်ကာပူလေကြောင်းပြပွဲ ( Singapore Airshow 2018) တတိယနေ့တွင် နိုင်ငံအလိုက် ကုမ္ပဏီများမှ ပြသထားသည့် ပြခန်းများနှင့် အဆင့်မြင့်နည်းပညာသုံး ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းပြခန်းများ၊ တိုက်ခိုက်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် သယ်ယူပို့ဆောင်ရေး လေယာဉ်များကို ကြည့်ရှုလေ့လာသည်။

**လေယာဉ်အလှုပြပျံသန်းကြည့်ရှု**

ထို့နောက် လေယာဉ်အလှုပြပျံသန်းမောင်းနှင်မှုနှင့် စွမ်းရည်သရုပ်ပြ ပျံသန်းမောင်းနှင်မှုများအား ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူလေကြောင်းပြပွဲ တတိယနေ့တွင် နိုင်ငံအလိုက် ကုမ္ပဏီများမှ ပြသထားသည့် လေယာဉ်များကို ကြည့်ရှုလေ့လာစဉ်။** သတင်းစဉ်

❇ *ကျောဖုံးမှ*

ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် “အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့” ဆောင်ပုဒ်နှင့်အညီ တရားစီရင်ရေး ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားစီရင်ရေး ငါးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ပါ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များက ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ကျင့်ဝတ်များစောင့်ထိန်း**

မိမိတို့ကျရာကဏ္ဍမှ ပေးအပ်သည့် တာဝန်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် တရားရုံးအဆင့်ဆင့်၏ တာဝန်သိ တာဝန်ခံယူမှု၊ အနီးကပ်ကြီးကြပ်မှု၊ စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်မှုများဖြင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တရားစီရင်ရေးစနစ်ကို တည်မြဲစေသောအရာသည် တရားရုံးများ၏ လွတ်လပ်မှု၊ တရားသူကြီးများ၏ ဖြောင့်မတ် တည်ကြည်မှု၊ တရားရုံးများ၏ လုပ်ငန်းစဉ်များ သမာသမတ်ကျမှုနှင့် ထိရောက်မှုတို့ကို အများပြည်သူမှ ယုံကြည်ကိုးစားမှုပင်ဖြစ်ကြောင်း၊ အများပြည်သူ၏ ယုံကြည်ကိုးစားမှုကို ထိန်းသိမ်းထားနိုင်ရန်အတွက် တရားသူကြီးများသည် ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာပြီး လုပ်ငန်းတာဝန်များကို တာဝန်သိသိ စေတနာမှန်မှန် တာဝန်ကျေကျေဖြင့် ဆောင်ရွက်သွားကြမှသာ ပြည်သူ့အကျိုးပြု တရားစီရင်ရေးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့် စပ်လျဉ်း၍ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ ရာဇဝတ်အမှုပေါင်း ၁၅၄၃ မှု လက်ခံရရှိပြီး ၁၃၂၂ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၂၅၀၃ မှု လက်ခံရရှိပြီး ၂၂၁၄ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၂၉၈ မှု လက်ခံရရှိပြီး ၂၈၇ မှု စစ်ဆေးပြီးပြတ်ကြောင်း။

**စစ်ဆေးပြီးပြတ်**

တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များမှာ ရာဇဝတ်အမှုပေါင်း ၆၂၀၂ မှု လက်ခံရရှိပြီး ၅၇၀၆ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၆၀၄၀ မှု လက်ခံရရှိပြီး ၅၀၇၁ မှု စစ်ဆေးပြီးပြတ်ကြောင်း။

ခရိုင်တရားရုံးများမှာ ရာဇဝတ်အမှုပေါင်း ၂၀၄၇၈ မှု လက်ခံရရှိပြီး ၁၈၈၂၀ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၂၆၄၄ မှု လက်ခံရရှိပြီး ၁၁၂၃၈ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ မြို့နယ်တရားရုံးများမှာ ရာဇဝတ်အမှုပေါင်း ၃၆၅၂၅၆ မှု လက်ခံရရှိပြီး ၃၅၅၃၅၁ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၂၇၂၈၇ မှု လက်ခံရရှိပြီး ၂၄၂၂၇ မှု စစ်ဆေးပြီးပြတ်ကြောင်း။

ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများဖြစ်သည့် ကလေးသူငယ်တရားရုံး (ရန်ကုန်နှင့် မန္တလေး)မှာ ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၄၅၀ မှု လက်ခံရရှိပြီး ၄၀၉ မှု စစ်ဆေးပြီးပြတ်ကြောင်း။

စည်ပင်သာယာတရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၂၃၀၈၁ မှု လက်ခံရရှိပြီး ယခင်နှစ် အမှုလက်ကျန် ၂၂ မှု အပါအဝင် ၂၃၁၀၃ မှု စစ်ဆေးပြီးပြတ်ကြောင်း။

**အသိအမှတ်ပြု လက်မှတ်ထုတ်ပေး**

မော်တော်ယာဉ်တရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၄၆၂၉၆ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ ထို့ကြောင့် မှုခင်းများ စစ်ဆေးစီရင်ရာတွင် အမှန်တရား ပေါ်ပေါက်အောင် တွေးတောကြံဆ၍ ဥပဒေနှင့်အညီ စစ်ကြောစီရင် အဆုံးအဖြတ်ပြုကြရန်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ်အတွင်း ရှေ့နေအသိအမှတ်ပြု လက်မှတ်ပေးအပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၂၃၅၂ ဦးကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခဲ့ပြီး ၈၇၉ ဦးကို အထက်တန်းရှေ့နေ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ကြောင်းဖြင့် ပြောကြားသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကင်းထောက်အဖွဲ့၏ လုပ်ငန်းစဉ်များ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ဆွေးနွေးညှိနှိုင်း

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နာယက ဒေါက်တာတင်မျိုးဝင်းအား အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr. Paul Parkinson ဦးဆောင်သည့် အဖွဲ့ဝင်များက ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

**လေ့ကျင့်သင်ကြားပေး**

တွေ့ဆုံစဉ် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နာယက ဒေါက်တာတင်မျိုးဝင်းက အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့် ဒေသဆိုင်ရာ ဒါရိုက်တာအဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ လာရောက်ကြသဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့ငယ်စဉ်က ကင်းထောက်လုလင်များ ပေါ်ပေါက်ခဲ့ကြောင်း၊ ကင်းထောက်များသည် လူမှုရေးကူညီရှင်များဖြစ်ပြီး သန့်ရှင်းစင်ကြယ်သော လုပ်ငန်းဖြင့် ကူညီသူများဖြစ်၍ ကြည်နူးဝမ်းမြောက်ပါကြောင်း၊ ယခု ကင်းထောက်မောင်မယ်များသည် မိမိတို့၏ ကျန်းမာရေးကူညီသည့် အကျိုးပြုလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်သဖြင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီက ကြီးမှူး၍ ငြိမ်းချမ်းရေးနှင့် ဆက်နွှယ်ဆောင်ရွက်ရမည့်၊ ဆောင်ရွက်သင့်သည့်လုပ်ရပ်များ တွေးခေါ်မြော်မြင်မှုများကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးသဖြင့် ယခုအချိန်အခါ ကင်းထောက်လုပ်ငန်းများကို သုံးသပ်ပြောရမည်ဆိုပါက လူမှန်နေရာမှန် အချိန်ကာလမှန်ဖြစ်သော သင်တန်းမျိုးဖြစ်သဖြင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီကို အထူးပင်ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။



**ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နာယက ဒေါက်တာတင်မျိုးဝင်းနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr. Paul Parkinson ဦးဆောင်သည့် အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

**အကောင်းဆုံးကူညီ**

အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr. Paul Parkinson ကလည်း အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီအနေဖြင့် အချိန်တိုအတွင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အနေဖြင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည့်အတွက် ဂုဏ်ပြုချီးကျူးပါကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် ယခုဖွင့်လှစ်လျက်ရှိသည့် နိုင်ငံတွင်း ငြိမ်းချမ်းရေးသံတမန် ညှိနှိုင်းရေးမှူးများ သင်တန်းကဲ့သို့ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်နိုင်ရေးနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပသည့် ကင်းထောက် ဂျန်ဘူရီတွေ့ဆုံပွဲ ပြည်ပလေ့လာရေးခရီးစဉ်များကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဝင်များ တက်ရောက်နိုင်ရေးအပါအဝင် လိုအပ်သည့် လုပ်ငန်းများကို အကောင်းဆုံး ကူညီဆောင်ရွက်ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် နံနက် ၉ နာရီက ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နာယက ဒေါက်တာတင်မျိုးဝင်းသည် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နိုင်ငံတွင်း ငြိမ်းချမ်းရေးသံတမန် ညှိနှိုင်းရေးမှူးများ သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားများနှင့် နိုင်ငံတကာမှ သင်တန်းနည်းပြဆရာများ လက်တွေ့လေ့ကျင့် သင်ကြားပြသမှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

**ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး**

နံနက် ၁၁ နာရီတွင် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr. Paul Parkinson ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်နှင့် ကင်းထောက်ကော်မတီဝင်များ၊ ကင်းထောက်ကြီးများတွေ့ဆုံ၍ မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကျင်းပရာ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက မြန်မာနိုင်ငံ၏ ကင်းထောက်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ အားနည်းချက်၊ အားသာချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr.Paul Parkinson နှင့် အဖွဲ့က ကမ္ဘာ့ကင်းထောက်အဖွဲ့၏ လုပ်ငန်းစဉ်များ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်လုံမြေသာစခန်း မြန်းကြစို့ တို့ညီအစ်ကိုတွေ

## မိုးလွင်ဦး(လွိုင်လင်)



၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် အမိမြန်မာနိုင်ငံတော်ကြီး၏ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ပင်ဖြစ်ပေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ပြည်မနှင့် တောင်တန်းသား ညီအစ်ကိုများ၏ သွေးစည်းညီညွတ်မှုကို ပြသလိုက်သည့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ် (ပင်လုံ) ချုပ်ဆိုခဲ့သည့် နေ့ထူး နေ့မြတ် ဖြစ်ပြီး ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့ရာ ယခု ၂၀၁၈ ခုနှစ် တွင် (၇၁)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံအတွင်းအေးအတူပူအမျှ မှီတင်းနေထိုင်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးဖြင့် ပေါင်းစည်းထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးပင်ဖြစ်သည်။

**ငြိမ်းချမ်းရေးစကားဝိုင်းများကျင်းပ**

မြန်မာနိုင်ငံတော်ကြီး ရှည်းလျားသည့် သမိုင်းကြောင်း အစဉ်အလာရှိခဲ့သည်။ နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့ပြီးနောက် ၁၈၈၆ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံသည် ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းကျွန်ပြုခြင်းကိုခံခဲ့ရသည်။ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များက အမျိုးချစ်စိတ် တိုင်းပြည်ချစ်စိတ် ပြင်းထန်စွာဖြင့်အသက်သွေးချွေးမြောက်မြားစွာ ရင်းနှီး၍ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကိုပြန်လည် အရယူပေးခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်သည့် မြန်မာနိုင်ငံကြီး အဖြစ်သို့ ကမ္ဘာ့အလယ်တွင် တင့်တယ်စွာဖြင့် ပေါ်ထွန်းလာခဲ့သည်။

သက္ကရာဇ်တွေ အလီအလီပြောင်းခဲ့သော်လည်း နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ရောက်တိုင်း ပြည်ထောင်စုနေ့ အခမ်းအနားများကို နိုင်ငံတစ်ဝန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် ပင်လုံစာချုပ်ချုပ်ဆိုခဲ့ရာ ပင်လုံ ပြည်ထောင်စု ကျောက်တိုင်တွင်လည်း ခမ်းနားစွာဆင်ယင်ကျင်းပကြသည်။ ၂၀၁၄ ခုနှစ်မှ စတင်ကာ ပင်လုံပြည်ထောင်စု ကျောက်တိုင်ဝင်းပန်းခြံ အဆင့်မြှင့်တင် ဆောင်ရွက်ပြီးနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကိုယ်တိုင် တက်ရောက်ပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ၂၀၁၇ ခုနှစ် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသည် ထူးခြားစည်ကားသည့် ပွဲတစ်ပွဲဖြစ်ခဲ့



သည်မှာ ငြင်းဆန်၍ မရနိုင်သည့် သက်သေသာဓကပင်ဖြစ်သည်။ အကြောင်းမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မိန့်ခွန်း ပြောကြားခြင်း၊ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ခေါင်းဆောင်ကြီးများ၏ ဆွေမျိုး တော်စပ်သူများကို ဖိတ်ကြား၍ တက်ရောက်လာကြသူများကို တစ်ပေါင်းတစ်စည်းတည်းတွေ့မြင်ရခြင်း၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ငြိမ်းချမ်းရေးစကားဝိုင်းများကျင်းပခြင်းများကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် "သမိုင်းဝင်မြို့ပင်လုံမှ သမိုင်းတွင်မည့် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့" ဟူ၍ ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ မိန့်ခွန်းကို အနည်းငယ် ကောက်နုတ်တင်ပြရသော် "ပင်လုံဆိုတာဟာ ရှမ်းပြည်နယ်ရဲ့တစ်စိတ်တစ်ဒေသပင် မဟုတ်ပါဘူး၊ ပြည်ထောင်စုတစ်ခုလုံးအတွက် အင်မတန်မှအရေးကြီးတဲ့နေရာ ဖြစ်ပါတယ်။ ဒီကနေစတင်ပြီး ပြည်ထောင်စုရဲ့ ညီညွတ်မှုအတွက် အခြေခံအုတ်မြစ်ကို ချလိုက်တာဖြစ်ပါတယ်။ စောစောကဖတ်ပြသွားတဲ့ ပင်လုံစာချုပ်ရဲ့အချက်အလက်တွေကို လေ့လာမယ်ဆိုရင် တိုင်ပင်ခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သဘောတူညီမှုယူခြင်းဆိုတဲ့ မှုတွေအပေါ် မှာ အခြေခံပြီးတော့ ပြည်ထောင်စုကို စတင်ထူထောင်ခဲ့တာ ဖြစ်ပါတယ်။

**သမိုင်းရဲ့အင်မတန်မှ တန်ဖိုးရှိတဲ့အစိတ်အပိုင်းတစ်ခု**

"ပြည်ထောင်စုသားစစ်စစ်ရဲ့နှလုံးသားထဲမှာ ပင်လုံဆိုတဲ့ အင်မတန်မှ ရိုးရှင်းတိုတောင်းလှတဲ့ အမည်လေးဟာ စိတ်နှလုံးချမ်းသာဖွယ်ရာ၊ လှုပ်ရှားဖွယ်ရာဖြစ်ပါတယ်။ ပင်လုံကို အခမ်းအနားတစ်ခု အနေနဲ့မဟုတ်ဘဲ သမိုင်းရဲ့ အင်မတန်မှ တန်ဖိုးရှိတဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ အသိအမှတ်ပြုထားပါတယ်။

"သမိုင်းဆိုတာဘယ်တော့မှ ရပ်မနေပါဘူး၊ ဆက်ပြီးတော့လှုပ်ရှားသွားတာဖြစ်ပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ လွတ်လပ်ရေး ခေါင်းဆောင်ကြီးများဟာ ပင်လုံသမိုင်းကို စတင်ပြီးတော့ ထူထောင်ခဲ့တယ်။ ဒီသမိုင်းဟာ အောင်အောင်မြင်မြင်နဲ့ နိဂုံးချုပ်ဖို့အတွက်တာဝန်ကတော့ ကျွန်မတို့အပေါ် ကျရောက်လာပြီ ဖြစ်ပါတယ်။

"ကျွန်မတို့ ပင်လုံရယ်လို့ဖြစ်လာတာဟာ တိုင်းရင်းသားခေါင်းဆောင်ကြီးများက လွတ်လပ်ရေးရဖို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းညီညာလုပ်မှသာလျှင် မြန်မြန် ဆန်ဆန်ချောချော မွေ့မွေ့ရရှိနိုင်တယ်ဆိုတာ ယုံကြည်လို့ လုပ်ခဲ့ကြတာ ဖြစ်ပါတယ်၊ ဘာမှတော့ လွယ်လွယ်နဲ့ မရပါဘူး၊ ကျွန်မတို့ အခုထိ လွတ်လပ်ရေးရပြီးကာလကနေစပြီးတော့ တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းရေးရရှိဖို့ မစွမ်းဆောင်နိုင်ခဲ့သေးပါဘူး၊ တစ်နေရာ မဟုတ်တစ်နေရာမှာတော့ ကျွန်မတို့အချင်းချင်းကြားမှာ စစ်မက်တွေ ဖြစ်ပွားခဲ့တယ်ဆိုတာဟာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီဟာတွေငြိမ်းအေးဖို့လုပ်ဖို့ဆိုတာ ကျွန်မတို့မှာ အခွင့်အရေးရှိသလို တာဝန်လည်းရှိပါတယ်။ ကျွန်မတို့ရဲ့ အခွင့်အရေးကို ထိထိရောက်ရောက်နဲ့ သုံးစွဲစေချင်ပါတယ်။

"ကျွန်မတို့ယုံကြည်တဲ့အရေးဆိုတာဟာ ပြည်ထောင်စုနေ့မှာဆိုရင် အားလုံးအတွက် ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ ကျွန်မတို့ယုံကြည်တဲ့အရေး၊ ငြိမ်းချမ်းရေး ဖြစ်စဉ်ပေါ်မှာ သစ္စာရှိရမယ်၊ မြတ်နိုးရမယ်၊ ငြိမ်းချမ်းရေးကို အမှန်တကယ် မြတ်နိုးရမယ်၊ ငြိမ်းချမ်းရေးလိုချင်ပါတယ် လိုချင်ပါတယ်ဆိုပြီး တော့ ငြိမ်းချမ်းရေးကို တကယ်မမြတ်နိုးရင်တော့ ငြိမ်းချမ်းရေး နဲ့ဗီလာဆန့်ကျင်တဲ့ အပြုအမူတွေကို လုပ်မိကြပါလိမ့်မယ်။နောက်ပြီးတော့ ဒီအရေးပေါ်မှာ သစ္စာရှိရမယ်၊ ငြိမ်းချမ်းရေး အရေးမှာသစ္စာရှိဖို့ဆိုတာက ငြိမ်းချမ်းရေးအတွက် အားလုံးစွန့်လွှတ်ရဲရမယ်၊ စွန့်စားရဲရမယ်၊ အဲဒါဟာသစ္စာရှိခြင်းပါပဲ။

"ငြိမ်းချမ်းရေးဆိုတာဟာ နောင်လာမယ့် မျိုးဆက်တွေအတွက် ဘယ်လိုမှငြင်းလို့ မရတဲ့ ရတနာကြီး တစ်ရပ်ဖြစ်ပါတယ်။ ဒီရတနာကိုသာ နိုင်ငံသူနိုင်ငံသားတွေကို အမွေအနှစ်အနေနဲ့ ထားခဲ့ဖို့လိုပါတယ်။ သယံဇာတပစ္စည်းဆိုတာလည်း အရေးမကြီးပါဘူး။ လောလောဆယ် စီးပွားရေးအကျိုးအမြတ်ဆိုတာလည်း အရေးမကြီးပါဘူး။ လောလောဆယ် ကျွန်မတို့ကို ထောက်ခံမှု ဘယ်လိုထောက်ခံမှုပဲဖြစ်ဖြစ်၊ ရွေးကောက်ပွဲက ထောက်ခံမှုပဲဖြစ်ဖြစ်၊ သာမန်ထောက်ခံမှုပဲဖြစ်ဖြစ် အဲဒါတွေကလည်းအရေးမကြီးပါဘူး။ ဒီဟာတွေဟာ တစ်ခဏနဲ့ ပျောက်ကွယ်သွားမယ့် အမွေအနှစ်တွေဖြစ်နိုင်ပါတယ်၊ သယံဇာတပစ္စည်းတွေဆိုတာလည်း တစ်ချိန်တစ်ခါမှာ ပျောက်ကွယ်သွားနိုင်တာပဲ၊ စီးပွားရေးဆိုတာလည်း အတက်အကျရှိတာပဲ၊ ဒီကမ္ဘာကြီးမှာ အင်မတန်မှ စီးပွားရေးတောင့်တင်းပါတယ်ဆိုတဲ့ နိုင်ငံတွေတောင်မှ စီးပွားရေး အကျပ်အတည်းနဲ့ ကြုံရတဲ့ အခါ ကြုံရတာပဲ၊ ကျွန်မတို့ဟာပြည်ထောင်စုကြီးကို တကယ့်တည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေး အမွေအနှစ်သာ ပေးခဲ့နိုင်မယ်ဆိုရင် ဒါဟာသုံးလို့မကုန် ဖြုန်းလို့မကုန်တဲ့ အမွေအနှစ်လို့ ပြောချင်ပါတယ်၊ ပထမပင်လုံစာချုပ်ဟာ ကျွန်မတို့ပြည်ထောင်စုအတွက် သမိုင်း စာမျက်နှာ တစ်မျက်နှာအသစ် လှန်ပေးလိုက်လို့ ပြည်သူလူထုဟာ အခုထိ သတိရတမ်းတနေကြတာဖြစ်ပါတယ်၊ ကျွန်မတို့ဟာ (၂၁)ရာစု ပင်လုံအနေနဲ့ သမိုင်း စာမျက်နှာ တစ်မျက်နှာလှန်ရုံမက သမိုင်းစာအုပ် အသစ်တစ်အုပ်ဖွင့်လှစ်ကြပါစို့လို့ မေတ္တာရပ်ခံချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။" ဟူ၍ ပါရှိသည်ကို တွေ့ရသည်။

**ထာဝရသွေးစည်းချစ်ကြည်မှုပုံရိပ်များပင်ဖြစ်**

ထို့အတူ နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ ကျင်းပသည့် ပင်လုံ ကျောက်တိုင်ဝင်း၌ မြင်တွေ့ခဲ့ရသည့် မြင်ကွင်းများကိုလည်း ဆက်လက်တင်ပြလိုပါသည်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ထိုနေ့ နံနက် ၇ နာရီမှစတင်ကာ ပြည်ထောင်စုနေ့ ကျင်းပရေးကော်မတီများ၊ တာဝန်ရှိသူများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် အေးချမ်းတဲ့ ရှမ်းပြည်နယ်၏ ရာသီဥတုဒဏ်ကို အန်တုရင်းဖြင့် တက်ကြွသောခြေလှမ်း၊ ပြုံးရွှင်သောမျက်နှာ၊ တည်ကြည်သော စိတ်ဓာတ်များဖြင့် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရာ ပြည်ထောင်စုကျောက်တိုင်ကြီးတည်ရှိရာ ကျောက်တိုင်ဝင်းအတွင်း၌ အိုးစည်ဗုံ မောင်းအတီးအမှုတ်အကအခုန်များဖြင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ချီတက်လာကြပြီး ကျောက်တိုင်ဝင်းအတွင်းသတ်မှတ်နေရာများတွင် စနစ်တကျဝင်ရောက်နေရာယူကြရာ တိုင်းရင်းသားတို့၏ အရောင်အသွေးစုံသည့် တိုင်းရင်းသားဝတ်စုံများဖြင့် ပြည်ထောင်စုဥယျာဉ်ကြီးသဖွယ် လှပနေသည်။ မြန်မာ့ရုပ်မြင်သံကြားကလည်း အမိအရ မှတ်တမ်းတင်ရိုက်ကူးပြီး တိုက်ရိုက် ထုတ်လွှင့်ပြသနေပေသည်။

နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကို သတ်မှတ်အစီအစဉ်များအတိုင်းကျင်းပကြသည်။ အခမ်းအနားသို့ တက်ရောက်လာကြသည့်တိုင်းရင်းသားညီအစ်ကိုများ၊ ယဉ်ကျေးမှုအကအဖွဲ့ဝင်များက ပင်လုံညီလာခံ သီချင်းဖြင့် စုပေါင်းညီညာကပြဖျော်ဖြေသည့် မြင်ကွင်းသည်လည်း ထာဝရ သွေးစည်းချစ်ကြည်မှု ပုံရိပ်များပင်ဖြစ်ပါသည်။အခမ်းအနားအပြီးတွင် ပင်လုံဒေသသို့ ရောက်ရှိလာသည့် ရပ်နီးရပ်ဝေးမှ တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများက ပြည်ထောင်စုကြီး သန္ဓေတည်ရာ ပင်လုံမြေ၊ ပင်လုံပြည်ထောင်စု ကျောက်တိုင်ကြီးနှင့် အတူမှတ်တမ်းဓာတ်ပုံများ တဖျပ်ဖျပ်ဖြင့် ရိုက်ကူးမှတ်တမ်းတင်နေကြသည်မှာလည်း ပင်လုံ၏ ဝိသေသဂုဏ်ကို အလေးအနက်ထားပြီး တိုင်းရင်းသားများ၏ ပြည်ထောင်စု နှလုံးသားထဲတွင် မှတ်ကျောက်တင်သွားကြသည်။ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်ကြီးများ၏ ဆွေမျိုးတော်စပ်သူများသည်လည်း ဝေးလံသည့် အရပ်ဒေသမှ လာရောက်၍ ဖော်မပြနိုင်သော ဝမ်းသာပီတိများခံစားရကြောင်း ကိုလည်း ခေါင်းဆောင်ကြီးများ၏ ဆွေမျိုးတော်စပ်သူများ၏ ရင်းတွင်းစကားများ လည်းကြားသိခဲ့ရသည်။ ပင်လုံဆိုသည့်ဒေသကို ရောက်ရှိလာရန် အိပ်မက်တောင် မမက်ခဲ့ဘူးကြောင်း၊ ယင်းကဲ့သို့ လာရောက်နိုင်အောင်စီစဉ်ပေးသည့်ဗိုလ်ချုပ်အောင်ဆန်း၏သမီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ကြသည်။ ဤသည်မှာလည်း ပြည်ထောင်စု၏ တိုင်းရင်းသား သွေးသားရင်းများပီပီ အရေးကြီးလှျင်သွေးစည်း ချစ်ကြည်မှုပင်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရာ ပင်လုံပြည်ထောင်စု ကျောက်တိုင်သို့ ရပ်နီးရပ်ဝေးမှ တိုင်းရင်းသား ညီရင်းအစ်ကိုများမှ ပင်လုံမြေသာစခန်းကို အရောက်လှမ်းလာကြပါစေလိုကြောင်း၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများရရှိခံစားနိုင်ကြပါစေကြောင်း ဖိတ်ခေါ်၍ (၇၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## မြန်မာအမိ ကမ္ဘာသိ

**မောင်နေလ**

✤ အမိမြန်မာ၊ ဤကမ္ဘာဝယ်
ရောဝတီ၊ သက်သေတည်၍
နှစ်ချီရာထောင်၊ သမိုင်းပြောင်ခဲ့
နှိုင်းဆောင်နေမင်း၊ ပုဂံ ပင်းယ
အင်းဝ တောင်ငူ၊ ညောင်ရမ်းမူရာ
ကုန်းဘောင်ခါနှင့်၊ မြန်မာနိုင်ငံ
ရွှေအောင်လံလွှင့် အောင်သံလွှင့်။

✤ အနော်ရထာ၊ တေဇာဝင့်ပြောင်
ဘုရင့်နောင်တည့်၊ တင့်ဆောင်အပေါင်း
အလောင်းမင်းတရား၊ အများအရေး
အသက်ပေးဆောင်၊ ဗိုလ်ချုပ်အောင်ဆန်း
ပြည်ချစ်ပန်းများ၊ သစ်ဆန်းနိုင်ငံ
အောင်ပွဲခံပြီ အောင်တေးသီ။

✤ ကချင် ကယား၊ ကရင်များနှင့်
သွေးသားချင်းပါ၊ မွန်ဗမာတည့်
ညီညာစိတ်ဝမ်း၊ ရခိုင်ရှမ်းဖြင့်
ချမ်းမြေ့တူစုံ၊ လက်တွဲဆုံကြ
ပင်လုံစိတ်ဓာတ်၊ မျိုးမြင့်မြတ်များ
လွတ်လပ်ရေးပန်း၊ ကြိုင်ပွင့်လန်းကို
တင့်ဆန်းဝေဆာ၊ အလှဖြာ
ရင့်မာနှလုံးသား ရင်မှာထား။

✤ အမျိုးဘာသာ၊ သာသနာကို
သာယာယုံကြည်၊ မြဲခိုင်ကျည်၍
တိုင်းပြည်လူမျိုး၊ ချစ်မြတ်နိုးလျက်
အကျိုးများမြောင်၊ ကြိုးစားဆောင်ရွက်
ညီနောင်အများ၊ တည်ထောင်ထားကြ
အားလုံးချစ်ကြည်၊ ပြည်သစ်တည်
ပြည်ထောင်စုနေ့ တို့မမေ့။

✤ ဒီမိုကရေစီ၊ နိုင်ငံဆီသို့
တူညီမကွဲ၊ ရွှေလက်တွဲကြ
ထာဝရငြိမ်းချမ်းရေး၊ အလေးပေးလေ
အရေးသုံးပါး၊ ဦးထိပ်ထားပြု
ပြည်ထောင်စု မပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး
သွေးချင်းညီညာ၊ ရွှေပြည်သာ
ကမ္ဘာအသိ မြန်မာမိ။
မြန်မာအမိ ကမ္ဘာသိ။ ။

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့သို့ ကြိုဆိုဂုဏ်ပြုလျက်

# လဝရေလွှဲဆည် သဲနုန်းတူးဖော်ခြင်း လုပ်ငန်းအား ယခုနှစ် မတ်လပထမပတ်တွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ လယ်ယာကဏ္ဍဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းတင်သွင်းခြင်းနှင့် စက်မှုလယ်ယာစနစ်ဖော်ထုတ်ခြင်းလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ရေး အဆိုအား ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး၏ လယ်ယာကဏ္ဍ၊ ဆည်မြောင်းကဏ္ဍနှင့် နိုင်ငံပိုင်စက်ရုံများ ငှားရမ်းခြင်းဆိုင်ရာ မေးခွန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ **သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း- မင်းလှကန်ပေါင်အား ပုံစံကျတည်ဆောက်ပေးရန်နှင့် ရေပေးဝေနေသော အမှတ်(၁)၊ အမှတ်(၅)မြောင်းများကို ပုံစံကျပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ညောင်ရမ်း-မင်းလှကန် အမှတ်(၁)နှင့် အမှတ်(၅) မြောင်းများ ပုံစံကျ ပြန်လည်တူးဖော်ခြင်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများအတွက် လိုအပ်ရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိခြင်း မရှိခဲ့ပါသဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း။

### ခွင့်ပြုရန်ပုံငွေရရှိမှုပေါ် မူတည်

လိုအပ်ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ဆက်လက်တင်ပြတောင်းခံရန် လျာထားပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေရရှိမှုပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ **ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများအနီးတွင် ပေါ်ထွန်းနေသော မြေနုကျွန်း (သောင်နုမြေ)များအား လယ်မဲ့ယာမဲ့တောင်သူများကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ ဦးစားပေးခွဲဝေပေးခြင်း မရှိဘဲ နီးစပ်ရာ အခြားသော ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့သည့် မြို့နယ် လယ်၊ စီ အဖွဲ့အပေါ် မည်သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများအနီးတွင် ပေါ်ထွန်းနေသည့်မြေများသည် မြေနုကျွန်းမြေများနှင့် မြေနုကျွန်းမှတည်မြဲလာသော မြေရင့်များဖြစ်ပါကြောင်း၊ အဆိုပါမြေများ လုပ်ပိုင်ခွင့်ချထားခြင်းနှင့် စပ်လျဉ်းပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ နီးစပ်ရာအခြားသော ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့ခြင်း မရှိပါကြောင်းနှင့် အဆင့်ဆင့်သော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သော ကိစ္စရပ် ဖြစ်သည့်အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား အရေးယူရန် မရှိပါကြောင်း ဖြေကြားသည်။

> **“ နိုင်ငံတော်အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ စနစ်ကျ လယ်ယာမြေကေ စုစုပေါင်းကေ ၆၂၃၀၀ ကျော်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပြီးဖြစ် ”**

မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ **မိုင်းပန်မြို့နယ်အတွင်း လယ်ယာမြေများ ရေလုံလောက်စွာ ပေးနိုင်ရန်၊ နွေရာသီ ရေရှားပါးမှု ပြဿနာဖြေရှင်းနိုင်ရန်၊ မြို့ရေပေးဝေမှု လုံလောက်နိုင်ရန်အတွက် နန့်ပန်ချောင်းဖျား ဝိုးလိုင်းဒေသတွင် အလတ်စားရေလှောင်တမံတစ်ခု တည်ဆောက်ပေးရန်နှင့် အသေးစားချောင်းပိတ်ဆည်ဖြစ်သော လဝဆည် တိမ်ကောလာမှုကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည် ဖြစ်ပါကြောင်း၊ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လဝရေလွှဲဆည် သဲနုန်းတူးဖော်ခြင်း လုပ်ငန်းအား ယခုနှစ် မတ်လ ပထမပတ်တွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများကို အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ကွင်းဆင်းစစ်ဆေး

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အခကြေးငွေနှင့် နှစ်ချုပ်စာချုပ်ချုပ်ပြီး ငှားရမ်းရာတွင် ငှားရမ်းလုပ်ကိုင်သူအနေဖြင့် မူလငှားရမ်းစဉ် လုပ်ကိုင်သောလုပ်ငန်းမှာ အဆင်မပြေတော့သောကြောင့် အခြားလုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ဆောင်ရာတွင် နိုင်ငံတော်သို့ ပေးဆောင်ရသော အခကြေးငွေကို နှုန်းထားပြောင်းလဲပြီး စာချုပ်ချုပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ငှားရမ်းလုပ်ကိုင်သူအနေဖြင့် မူလ ငှားရမ်းလုပ်ကိုင်သည့် လုပ်ငန်းအဆင်မပြေသည့်အတွက်ကြောင့် အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းလဲဆောင်ရွက်လိုလျှင် အငှားချထားသောဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် မြေအသုံးချမှု၊ အဆောက်အအုံ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းတို့အတွက် ဝန်ကြီးဌာန၏ခွင့်ပြုချက်ကို ပြန်လည်ရယူစေပါကြောင်း၊ ငှားရမ်းခများကို လိုအပ်ပါက Third Party ဖြင့် ကွင်းဆင်းစစ်ဆေးပြီး သင့်လျော်မှုရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြ အတည်ပြုချက်ရယူ၍ စာချုပ်ပြင်ဆင်ချုပ်ဆို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၏ **ဒေးဒရဲမြို့နယ်နှစ်သီးစားလယ်များတွင် ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ် နှစ်နှစ်ဆက်တိုက်မိုးစပါးစိုက် လယ်ကေများ ပျက်စီးနေခြင်းကိစ္စနှင့်ပတ်သက်သည့်** မေးခွန်းနှင့်စပ်လျဉ်း၍ ရေကြီးနစ်မြုပ်မှုကို ရှောင်လွှဲနိုင်စေရန်အတွက် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် စိုက်ချိန်ကာလကို စောစောစိုက်ပျိုးနိုင်စေရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် မိုးစပါးရာသီတွင် ဒေးဒရဲမြို့နယ်၏ မိုးစပါးပျက်စီးမှုကြောင့် တောင်သူလယ်သမားများ နစ်နာမှုရှိကြောင်း သိရှိမှုအပေါ် ထောက်ပံ့ပေးနိုင်ရေးနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်စိစစ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ သီးနှံပျက်စီးမှုအတွက် ထောက်ပံ့ပေးရမည့် စာရင်းအပေါ်တွင် သဘောထားပြန်ကြားပေးနိုင်ရန်အတွက်ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ညှိနှိုင်းစာပေးပို့ထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ **ဇန်းမောက်မြို့နယ်အတွင်း ပင်ပုံကျေးရွာအုပ်စု ရွှေနစ်ရွာအနီး ချောင်းကြီးချောင်းရေလွှဲဆည် တည်ဆောက်ပြီး ခုနစ်လအတွင်း ပျက်စီးသွားခြင်းကိစ္စအား မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အဆိုပါရေလွှဲဆည်၏ ပျက်စီးနေသော အပိုင်းများအား ပြန်လည်ပြုပြင် ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် စတင်၍ မင်းပြည့်စုံကုမ္ပဏီမှ တာဝန်ယူပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ရာ ပြုပြင်ခြင်းလုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်ပါကြောင်း၊ နောင်တွင် ယခုကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ နည်းပညာရပ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်သည့် ဌာနများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်သင့်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးသို့ အသိပေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### အစီရင်ခံစာဖတ်ကြား

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက **“မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်း”** ကို တင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားသည်။

ယင်းနောက် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းထားသည့် **စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ကေကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့က ဆွေးနွေးကြသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးက အဆင့်မြင့်လယ်ယာမြေကေကွက်များ ဖော်ထုတ်ခြင်းဖြင့် လယ်ယာမြေကွက်တစ်ကွက်ခြင်းအလိုက် ရေကိုလိုအပ်သလို အထုတ်အသွင်းပြုနိုင်ခြင်း၊ လယ်ကွက်တိုင်းတွင် ကိုယ်ပိုင်ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိလာခြင်း၊ ပုံစံမကျဘဲ ပြန့်ကျဲနေသော လယ်ကွက်များကို ပုံစံကျသော လေးထောင့်ကွက်များအဖြစ် ပြောင်းလဲပေးနိုင်ခြင်း၊ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်ခြင်း၊ လယ်ယာလုပ်သား လိုအပ်ချက်များကို လျှော့ချနိုင်ခြင်း၊ ပိုလျှံလာသော လုပ်သားအင်အားများကို အခြားကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်း၊ ရိတ်သိမ်းစရိတ်ကို လျှော့ချနိုင်ခြင်း၊ လေလွင့်ဆုံးရှုံးမှုများကို သက်သာစေခြင်း၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာခြင်းစသည့် အကျိုးကျေးဇူးကို ရရှိစေပါကြောင်း ဆွေးနွေးသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်က ခေတ်မီစိုက်ပျိုးရေးနည်းပညာများကြောင့် အထွက်နှုန်းသိသာစွာ တိုးလာပြီး ရရှိလာမည့် အကျိုးကျေးဇူးများကို တောင်သူများ တိုက်ရိုက်ခံစားကြရမည် ဖြစ်ပါကြောင်း၊ သို့သော်လည်း လယ်ယာမြေများကို အဆင့်မြှင့်ရာတွင် ကုန်ထုတ်လမ်းများ၊ ရေနုတ်မြောင်းများ ထည့်သွင်းဖော်ဆောင်ရမည် ဖြစ်သည့်အတွက် တောင်သူများထည့်ဝင်ထားသည့် လယ်ကေ အပြည့်ပြန်မရနိုင်ဘဲ ကေလျော့နည်းသွားသည့်အတွက် လုပ်ငန်းဖော်ဆောင်ရာတွင် တောင်သူများ တွန့်ဆုတ်သွားနိုင်ပါကြောင်း၊ မြေယာအငြင်းပွားမှုများဖြစ်ပေါ်လာပါက ဖြေရှင်းပေးရမည့်ကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### အဆင့်မြင့်မြေကွက်များဖော်ထုတ်

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ချီတက်မည်ဟု ကြွေးကြော်သည်မှာ နှစ်ပေါင်း ၅၀ နီးပါးရှိနေပြီဖြစ်ပါကြောင်း၊ ယနေ့ အချိန်ထိ လက်တွေ့မလုပ်ဆောင်နိုင်သေးပါကြောင်း၊ အိမ်ရာတိုက်တာဆောက်လုပ်ခြင်းထက် လယ်ယာအဆင့်မြင့်မြေကွက်များ ဖော်ထုတ်ခြင်းက ပိုပြီးအရေးကြီးပါကြောင်း၊ ရာသီဥတု ဖောက်ပြန်ခံရမည့် အဆင့် ၂ ရှိသည့် မြန်မာနိုင်ငံသည် စက်မှုလယ်ယာအဆင့်ရောက်အောင် ဆောင်ရွက်မှသာ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကျော်ဖြတ်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေဇင်လတ်၊ လောင်းလုံမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ ပေါက်ခေါင်း မဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း၊ သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့်၊ မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းနှင့် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်းတို့ကလည်း အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတော်အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ စနစ်ကျလယ်ယာမြေကေ စုစုပေါင်းကေ ၆၂၃၀၀ ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ စနစ်ကျလယ်ယာ မြေဖော်ထုတ်ရေးလုပ်ငန်းတွင် ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများ ပါရှိပြီး ထောင့်မှန်စတုဂံပုံ ကေကွက်များကို မြေညီညာမှုရှိအောင် ဖော်ထုတ်ရခြင်းဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်များပြားမှုရှိပါကြောင်း၊ လယ်မြေအနေအထားအပေါ်မူတည်ပြီး တစ်ကေလျှင် ကုန်ကျစရိတ်ငွေကျပ် ၁၂ သိန်းမှ သိန်း ၂၀ ထိ ကျသင့်မှုရှိပါကြောင်း၊ တောင်သူများ၏ အခြေအနေမှာ ကုန်ကျစရိတ်ကျခံနိုင်မှု အင်အားနည်းသည့်အတွက် နိုင်ငံတော်က အခမဲ့ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးမြေဧရိယာများပြားသည့်အတွက် ရေရှည်အခမဲ့ဖော်ထုတ်ဆောင်ရွက်ပေးရန် အခက်အခဲရှိနိုင်ပါကြောင်း၊ လက်ရှိဖော်ထုတ်ဆောင်ရွက်မှုအတွေ့အကြုံများအရ တောင်သူတစ်ဦးချင်း၏ ပိုင်ဆိုင်မှုမှာ ကေအနည်းငယ်သာဖြစ်သည့်အတွက် တစ်ကွင်းတစ်စပ်တည်းဖော်ထုတ်ရန် စည်းရုံးဆောင်ရွက်ရာတွင် တောင်သူအားလုံး၏ သဘောတူညီမှုရှိရေးသည် အဓိကအချက်ဖြစ်ပါကြောင်း၊ အများစု သဘောတူညီသော်လည်း ကန့်ကွက်သူများ ပါဝင်နေသည့်အတွက် စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့သည်။

**ကျော်သူထက်**

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် ၁၆၀ သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသည်။

လေ့လာရေးအဖွဲ့အား ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ လွှတ်တော်အဆောက်အအုံများသို့ လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုက်ပွဲရှောင်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံကိန်းအသွင်ဖြင့် ဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်း**

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နိုင်၏ **ပြည်တွင်းစစ်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာရှောင်တိမ်းနေထိုင်နေကြရသော ဒေသအသီးသီးမှ စစ်ပြေးဒုက္ခသည်များအား ပြည်ထောင်စုအစိုးရမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အသစ်တစ်ခု ဖွင့်လှစ်ခွင့်ရရှိကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာလုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများတွင် တိုက်ပွဲရှောင်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံကိန်းအသွင်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးပေးဆောင်ရွက်လျက်ရှိရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် အထူးစီးပွားရေးဇုန်များ အမြန်ပေါ်ပေါက်လာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေပြီး ငြိမ်းချမ်းမှုများ အလျင်အမြန်ရရှိကာ ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့**

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးကျော်သောင်း၏ **ကြက်စာအတွက် ထုံးခါတ်ပါဝင်သည့် ကျောက်ဆွေးများကို စစ်ကိုင်းမင်းဝံတောင်မှ တူးဖော်ထုတ်ယူသုံးစွဲနေသောကြောင့် မင်းဝံတောင်ကြီး ပြိုလဲပျက်စီးသွားရမည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီ ဖြစ်သဖြင့် အချိန်မီတားဆီး ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မင်းဝံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ယခင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန(သစ်တောဌာနစု)၏ ၁၉၇၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်ရှိ မြေဧရိယာအကျယ်အဝန်း ၅၀၈၇၄ ဧကကို မင်းဝံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ဘေးမဲ့တောအတွင်း ဓာတ်သတ္တုစမ်းသပ်ရှာဖွေတိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့်များ ထုတ်ပေးထားခြင်း မရှိပါကြောင်း။

**ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်**

သစ်တောဦးစီးဌာနအနေဖြင့် မင်းဝံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား စနစ်တကျထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိပါကြောင်း၊ ဘေးမဲ့တောအတွင်း တရားမဝင်ကျောက်၊ ဓာတ်သတ္တုတူးဖော်ခြင်းများကို ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ ဘေးမဲ့တောအနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဟောပြောခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း၊ ဘေးမဲ့တောအတွင်း နယ်မြေအလိုက် စဉ်ဆက်မပြတ်ကင်းလှည့်စစ်ဆေးခြင်းနှင့် ကျောက်တူးဖော်မှုမပြုရန် ဆိုင်းဘုတ်စိုက်ထူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင်ကျောက်တူးဖော်သူများကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများဖြင့် အရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိဖွဲ့စည်းထားရှိသည့် ဧရိယာအတွင်း ရှိနေသည့် အခြားမြေအသုံးချမှုများအနက် မလိုအပ်သောမြေအသုံးချမှုများ စနစ်တကျပြန်လည်စိစစ်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်မည်ဆိုပါက မင်းဝံတောင်အား ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်က ဆွေးနွေးသည်။

**တိုင်းပြည်၏ဘဏ္ဍာများ တိုးတက်လာနိုင်**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးဖေချစ်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက သယံဇာတအမျိုးမျိုး ဆုံးရှုံးမှုအမျိုးမျိုးရှိသည့်အနက် နယ်မြေမအေးချမ်းမှု မစီမံမခန့်ခွဲနိုင်မှု၊ စီမံခန့်ခွဲမှုအားနည်းမှုကြောင့် လည်းကောင်း၊ စသည်ဖြင့် နေ့စဉ်နှင့်အမျှ တိုင်းပြည်၏ သယံဇာတများ အဟောသိကံ ဖြစ်နေသည်များကို စာရင်းပြုစု၍ ရမည်မထင်ပါကြောင်း၊ ရေနံဓာတ်ငွေ့နှင့် သတ္တုတွင်းထွက်၊ ရေသယံဇာတများကို ပိုင်ပိုင်နိုင်နိုင် စီမံခန့်ခွဲရန် မလွယ်ကူသော်လည်း ဖြေရှင်းရန် ကြိုးစားသင့်သည့် ကိစ္စဖြစ်ပါကြောင်း၊ သယံဇာတများကို မှန်ကန်စွာ စီမံခန့်ခွဲနိုင်လျှင် တိုင်းပြည်၏ဘဏ္ဍာများ တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း။

**ပြုပြင်ချင်စိတ်လေးရှိရန်**

နိုင်ငံအနေဖြင့် စုဆောင်းခြင်းနှင့် တည်ငြိမ်ရေး ရန်ပုံငွေများ ချမှတ်ရန်ထက်မြက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် သယံဇာတများ အကျိုးအမြတ်နည်းသည့်အပြင် အဆိုးကပ်ဝဲတွင် နစ်နေသောကြောင့် နှစ်စဉ်ရေကြီး ရေလျှံမှု သဘာဝဘေးဒုက္ခများ ပိုမိုခံစားနေရသည်ကို အားလုံးသိရှိကြပါကြောင်း၊ သယံဇာတစီမံအုပ်ချုပ်မှု ကောင်းမည်ဆိုလျှင် သဘာဝကြောင့် ဖြစ်ပေါ်သည့် ဘေးဒဏ်များကို လျှော့ချနိုင်မည် ဖြစ်ပါကြောင်း၊ စီမံခန့်ခွဲမှုများ ညံ့ဖျင်းမှုကြောင့် သယံဇာတများ ဆုံးရှုံးနေရပါသည်ဟု ပြောနေခြင်းသည် အပြစ်ဖို့သည် မဟုတ်ပါကြောင်း၊ ပြုပြင်စေလွန်း၍ ပြုပြင်လျှင်ရနိုင်သောကြောင့် ပြုပြင်ချင်စိတ်လေးရှိရန်အတွက် ပြောခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

**နှောင့်နှေးပျက်ကွက်မှုများရှိ**

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက အဆိုထဲတွင် သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းဟု ဖော်ပြပါရှိပါကြောင်း၊ ပျက်စီးဆုံးရှုံးရသည်ဆိုသည်မှာ မထိန်းသိမ်း၊ မကာကွယ်၊ မစောင့်ရှောက်နိုင်ဟု ယေဘုယျအားဖြင့် ပြောရမည်ဖြစ်ပါကြောင်း၊ မည်သည့်အတွက်ကြောင့် မထိန်းသိမ်းမကာကွယ် မစောင့်ရှောက်နိုင်သည်ကို အလေးထားသုံးသပ်ရန် လိုပါကြောင်း၊ မိမိအနေဖြင့် အချက်ငါးချက်သုံးသပ်မိပါကြောင်း၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံနိုင်မှု ငွေကြေးအားနည်းခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် စနစ်တကျ ရေရှည်အသုံးပြုနိုင်ရန်အတွက် ဥပဒေများ ပြည့်စုံလုံလောက်မှုမရှိခြင်း သို့မဟုတ် ပြဋ္ဌာန်းပြီး ဥပဒေများ အားနည်းချက်ရှိခြင်း၊ ဥပဒေအားနည်းချက်များအပေါ် အခွင့်ကောင်းယူကာ ဝိသမလောဘသားများနှင့် လုပ်ပိုင်ခွင့်ရှိသူများ ပူးပေါင်းပြီး အလွန်အကျွံထုတ်ယူ ကိုယ်ကျိုးရှာခဲ့ကြခြင်း၊ သဘာဝသယံဇာတပေါကြွယ်ဝသည့်ဒေသများတွင် တရားဥပဒေမစိုးမိုးနိုင်ခြင်း၊ ပုံမှန်ငြိမ်းချမ်းနေသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အစိုးရဌာနလုပ်ပိုင်ခွင့်ရှိသူတချို့ အဂတိလိုက်စားခြင်း၊ တာဝန်ပေါ့လျော့ခြင်း၊ အလုပ်ရှုပ်မခံလိုခြင်းများကြောင့် သဘာဝသယံဇာတလိုင်စင်မဲ့၊ စည်းကမ်းမဲ့ ထုတ်လုပ်ခြင်းများကို ဥပဒေနှင့်အညီ မဆောင်ရွက်ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ဥပဒေကို မျက်ကွယ်ပြုလုပ်ခဲ့ကြသည့် စီးပွားရေးလုပ်ငန်းများ၏ အရှိန်သည် ယနေ့အချိန်ထိ အားကောင်းဆဲဖြစ်နေသောကြောင့် ထိုအခြေအနေများကို ရပ်တန့်ရန်အတွက် မိမိတို့ ကြိုးစားရန်းကန်ရဆဲဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များ ရှိလျက်နှင့် တာဝန်ရှိသူများက လုပ်၍ရသည်များကို လုပ်ရန် နှောင့်နှေးပျက်ကွက်မှုများ ရှိနေကြသည့်အတွက် မိမိတို့အနေဖြင့် ထောက်ပြဝေဖန်တိုက်တွန်းကြခြင်းဖြစ်ကြောင်း ဆွေးနွေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဦးဇော်ဟိန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက် မြောက်နေ့ကို ဖေဖော်ဝါရီ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**




**"နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးပေးဆောင်ရွက်လျက်ရှိရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် အထူးစီးပွားရေးဇုန်များ အမြန်ပေါ်ပေါက်လာရေး ဆောင်ရွက်သွားမည်ဖြစ်"**

# ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄ ။)**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **ပြည်ထောင်စုလွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဂ) **ပြည်သူ့လွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်သူ့လွှတ်တော်ကို ဆိုသည်။

(ဃ) **အမျိုးသားလွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော အမျိုးသားလွှတ်တော်ကို ဆိုသည်။

(င) **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(စ) **လွှတ်တော်** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ဆိုသည်။

(ဇ) **နာယက** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် တာဝန်ထမ်းဆောင်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကို ဆိုသည်။

(ဈ) **ဒုတိယနာယက** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကအဖြစ် တာဝန်ထမ်းဆောင်သော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကို ဆိုသည်။

(ည) **ဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

(ဋ) **အဖွဲ့ဝင်** ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ အပါအဝင် အဖွဲ့ဝင်အသီးသီးကို ဆိုသည်။

(ဌ) **လွှတ်တော်အဖွဲ့ရုံး** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံလွှတ်တော် အဖွဲ့ရုံးကို ဆိုသည်။

(ဍ) **ရုံးအဖွဲ့မှူး** ဆိုသည်မှာ လွှတ်တော်အဖွဲ့ရုံး၏ ရုံးအဖွဲ့မှူးကို ဆိုသည်။

(ဎ) **အစည်းအဝေး** ဆိုသည်မှာ လွှတ်တော်အဖွဲ့အစည်းအဝေးကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး အရည်အသွေးတိုးတက်မြင့်မားရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) လွှတ်တော်အချင်းချင်း လုပ်ငန်းအတွေ့အကြုံဖလှယ်ရေးနှင့် စွမ်းရည်တိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာ ဥပဒေပြုအဖွဲ့အစည်းများ၊ ရည်ရွယ်ချက်တူညီသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတကာလွှတ်တော်များအဖွဲ့နှင့် အာဆီယံပါလီမန်များညီလာခံအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်း လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရန်။

**အခန်း (၃)**
**လွှတ်တော်အဖွဲ့ဖွဲ့စည်းခြင်း၊ သက်တမ်းနှင့် အစည်းအဝေးကျင်းပခြင်း**

**ဖွဲ့စည်းခြင်း**

၄။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) နာယက ပြည်ထောင်စုလွှတ်တော် — ဥက္ကဋ္ဌ

(ခ) ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် — ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် — အဖွဲ့ဝင်

(ဃ) ဥက္ကဋ္ဌများ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် — အဖွဲ့ဝင်များ

(င) ဒုတိယနာယက ပြည်ထောင်စုလွှတ်တော် — အတွင်းရေးမှူး

၅။ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် လွှတ်တော်အဖွဲ့ရုံး၏ ရုံးအဖွဲ့မှူးဖြစ်သည်။

**သက်တမ်း**

၆။ လွှတ်တော်အဖွဲ့၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

**အစည်းအဝေးကျင်းပခြင်း**

၇။ (က) အစည်းအဝေးကို တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ်ကျင်းပရမည်။

(ခ) အထူးအစည်းအဝေးကျင်းပရန် လိုအပ်သည်ဟု ဥက္ကဋ္ဌက ယူဆလျှင်ဖြစ်စေ၊ အဖွဲ့ဝင် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်က တင်ပြလျှင်ဖြစ်စေ ဥက္ကဋ္ဌက အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ဂ) အစည်းအဝေးကို ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့ရက်၊ အချိန်နှင့်နေရာတွင် ကျင်းပရမည်။

(ဃ) အစည်းအဝေးသို့ အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(င) အဖွဲ့ဝင်ဖြစ်သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကိုယ်တိုင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါက ဒုတိယဥက္ကဋ္ဌကို မိမိကိုယ်စား တက်ရောက်စေနိုင်သည်။

(စ) အစည်းအဝေး အထမြောက်ခြင်းမရှိပါက ဥက္ကဋ္ဌသည် အဖွဲ့ဝင်များ၏ တင်ပြချက်များနှင့် အကြံပြုချက်များကို စာဖြင့်ပေးပို့ရန် တောင်းယူနိုင်သည်။

(ဆ) ရုံးအဖွဲ့မှူးသည် လွှတ်တော်အဖွဲ့အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

**အခန်း (၄)**
**လွှတ်တော်အဖွဲ့၏ လုပ်ငန်းတာဝန်များ**

၈။ လွှတ်တော်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်ဆိုင်ရာဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ဥပဒေပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ဆက်နွှယ်အကျိုးဝင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) လွှတ်တော်အဖွဲ့၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် လွှတ်တော်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် ဆွေးနွေးဆောင်ရွက်ခြင်း၊ ပြည်တွင်း ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ညီလာခံများနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း၊

(င) လွှတ်တော်အဖွဲ့၏ လုပ်ငန်းအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များကို လိုအပ်ပါက ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(စ) လွှတ်တော်အဖွဲ့နှင့် နိုင်ငံတကာ လွှတ်တော်များအဖွဲ့၊ အာဆီယံပါလီမန်များ ညီလာခံအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများအကြား ဆက်သွယ်ရေး၊ ဆက်ဆံရေးကိစ္စများကို ဆောင်ရွက်ခြင်းနှင့် ၎င်းအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်များ၊ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်များ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ပြည်သူများသိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဆ) မြန်မာနိုင်ငံလွှတ်တော်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုများကို နိုင်ငံတကာ လွှတ်တော်များသိရှိစေရန် ဆောင်ရွက်ခြင်း။

၉။ လွှတ်တော်အဖွဲ့၏ အတွင်းရေးမှူးသည်-

(က) အစည်းအဝေးများ ကျင်းပရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်အဖွဲ့၏ ဆောင်ရွက်မှုကို အစည်းအဝေးတွင် တင်ပြရမည်။

(ဂ) လွှတ်တော်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကိုပြုစုပြီး အစည်းအဝေးတွင် တင်ပြရမည်။

(ဃ) ဥက္ကဋ္ဌက ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

**အခန်း (၅)**
**အဖွဲ့ဝင်များ၏ တာဝန်နှင့်အခွင့်အရေးများ**

၁၀။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ရည်ရွယ်ချက်များနှင့်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၁။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးကြောင်းကို လွှတ်တော်အဖွဲ့သို့ ပြန်လည်အစီရင်ခံရမည်။

၁၂။ အဖွဲ့ဝင်များသည် အစည်းအဝေးတွင် လွှတ်တော်အလိုက် တွေ့ကြုံရသော လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ဆွေးနွေးညှိနှိုင်းရန် တင်ပြခွင့်ရှိသည်။

၁၃။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့က ထုတ်ပြန်သော သတင်းအချက်အလက်များကို သိခွင့်ရှိသည်။

**အခန်း (၆)**
**အထွေထွေ**

၁၄။ ဤဥပဒေ အတည်ပြုမပြဋ္ဌာန်းမီက ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့သည် ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဟု မှတ်ယူရမည်။

၁၅။ လွှတ်တော်အဖွဲ့ အတွင်းရေးမှူးသည် လွှတ်တော်အဖွဲ့၏ ဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်တွင် တင်ပြရမည့်အပြင် သက်ဆိုင်ရာလွှတ်တော်များသို့လည်း ပေးပို့ရမည်။

၁၆။ ပုဒ်မ ၁၅ အရပေးပို့သော အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင်တင်ပြရန် လိုအပ်သည်ဟု ယူဆပါက အနီးကပ်ဆုံး အစည်းအဝေးတွင် တင်ပြရမည်။

၁၇။ လွှတ်တော်အဖွဲ့၏ ရုံးလုပ်ငန်းနှင့်စီမံခန့်ခွဲမှု ကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ခံ ဆောင်ရွက်ရမည်။

၁၈။ လွှတ်တော်အဖွဲ့၏ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်ရုံး ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



## မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး
## အင်ဒို-ပစိဖိတ်မဟာဗျူဟာနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဂျပန်နိုင်ငံ ဂျပန်ဝန်ကြီးချုပ်၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးဖြစ်သူ Mr. Kentaro SONOURA အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၈) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဂျပန်နိုင်ငံ၏ လွတ်လပ်ပြီး ပွင့်လင်းသည့် အင်ဒို-ပစိဖိတ်မဟာဗျူဟာတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အားလပ်ရက် ခရီးသွား**

# စွန့်စားခြင်းနှင့် သဘာဝတရားကို ရှာဖွေသည့် ခရီးစဉ်သစ်များကို ဖေဖော်ဝါရီ ပိတ်ရက်များအတွက် လူငယ်များရွေးချယ်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မကြာမီရက်ပိုင်းအတွင်း သုံးရက်တာ ပိတ်ရက်ကာလကို ရောက်ရှိလာတော့မည်ဖြစ်သည်။ ပိတ်ရက်ကာလအတွင်း ခရီးသွားလိုသူ လူငယ်အများစုက ခရီးစဉ်များ ရွေးချယ်မှုတွင် ပုံမှန်ခရီးစဉ်များထက် ခရီးသွားဝန်ဆောင်မှုများက အသစ်ရှာဖွေထားသည့် စွန့်စားခြင်းခရီးစဉ်များနှင့် သဘာဝအလှတရားများကို ရရှိခံစားနိုင်မည့် ခရီးစဉ်ရက်တိုများကို ပိုမိုရွေးချယ်လာကြောင်း ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများထံမှ သိရသည်။

"ပြည်တွင်းခရီးသွားလုပ်ငန်းက ပုံစံပြောင်းလာတယ်၊ ခရီးစဉ်တွေက အရင်လို ဘုရားဖူးတစ်ခုတည်း မဟုတ်တော့ဘူး၊ ကမ်းခြေသွားတာ တစ်ခုတည်း မဟုတ်တော့ဘူး၊ အများစုက ဘုရားလည်းဖူးလို့ရမယ်၊ အပန်းလည်းပြေမယ်၊ ဒေသန္တရ ဗဟုသုတကိုလည်း အတွင်းကျကျ ရရှိမယ်ဆိုတဲ့ ရည်ရွယ်ချက်သုံးခုနဲ့ ခရီးစဉ်တွေကို ရွေးချယ်လာကြတယ်၊ နောက်ပိုင်းမှာ ထရက်ကင်းလို ခရီးစဉ်တွေလည်း လူငယ်တွေကြိုက်ကြတယ်၊ အခုရက်ပိုင်းမှာတော့ ရက်တိုတိုနဲ့ အသွားများတဲ့ နေရာတွေက ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်ခရီးစဉ်တွေအားလုံး လူကြိုက်များကြတယ်၊ ကမ်းခြေသွားတဲ့သူတွေလည်းရှိတယ်။ ကျွန်မတို့ဆီမှာတော့ ခရီးစဉ်တွေအားလုံး လူပြည့်နေပါပြီ"ဟု ခေတ်မြန်မာခရီးသွားဝန်ဆောင်မှု လုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ မဟေမန်ဦးက ပြောပြသည်။

လူငယ်အများစုရွေးချယ်သည့် ဖေဖော်ဝါရီလ ဒုတိယပတ်ခရီးစဉ်များမှာ ငပလီ သုံးညအိပ်ခရီးစဉ်၊ ရန်ကုန်-ဘန်ဘွေကျင်းရေတံခွန်- ဂုတ်ထိပ်- ပြင်ဦးလွင်-မန္တလေးခရီးစဉ်၊ ပြည်-မြောက်ဦး-အကောက်တောင်ခရီးစဉ်၊ မလိဝှမ်းရေတံခွန်-ငါးသုံးလုံးတောင်-ပြည်တော်အေးစေတီ-ဘုရင့်နောင်ကုန်း-ဘုရင့်နောင်အငူ-ဇာဒက်ကြီးကျွန်း-စေတန်ကျွန်း-မြင်းခွာကျွန်း (ကော့သောင်း)ခရီးစဉ်၊ နောင်ချိုဂုတ်ထိပ်-ရေပျံတောင်ရေတံခွန်ခရီးစဉ်၊ နောင်ချို ဂုတ်ထိပ်တံတားအောက် ပထမဂူခရီးကြမ်း(ထရက်ကင်း) ခရီးစဉ်၊ ကျိုက်ထီးရိုးဘုရားဖူး ခရီးစဉ်၊ ထားဝယ်-တီဇက်ကမ်းခြေ -ပဇင်ကျွန်း-ပညစ်ကမ်းခြေခရီးစဉ်၊ ဂေါ်ရင်ဂျီကျွန်းခရီးစဉ်၊ ငပလီကမ်းခြေခရီးစဉ်နှင့် မွန်-ကရင် သဘာဝထုံးကျောက်ဂူများ လေ့လာရေးခရီးစဉ်တို့ဖြစ်ကြောင်း ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများထံမှ သိရသည်။

"ပြီးခဲ့တဲ့ ခရစ္စမတ်ပိတ်ရက်တုန်းက ရှမ်းပြည်နယ် ဂုတ်ထိပ်ခရီးစဉ်သွားဖြစ်ခဲ့တယ်၊ တော်တော်လည်း ပျော်စရာကောင်းတယ်၊ ပင်လည်းပင်ပန်းခဲ့တယ်၊ ဒါပေမယ့် အလုပ်တွေကိုခဏမေ့ထားပြီး ရက်နည်းနည်းနဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့တယ်၊ ခရီးသွားရတာ ပျော်စရာလည်းကောင်းသလို စိတ်လှုပ်ရှားဖို့လည်းကောင်းပါတယ်၊ ကိုယ့်နိုင်ငံမှာ လူတွေတော်တော်များများ မရောက်သေးတဲ့၊ မတွေ့ကြရသေးတဲ့အလှတွေ အများကြီးကျန်သေးတယ်၊ စိတ်ဝင်စားဖို့ကောင်းသလို အကုန်အကျကလည်း နာမည်ကြီးနေရာတွေသွားတာထက်စာရင် အများကြီးသက်သာတယ်၊ အခု ဖေဖော်ဝါရီ ပိတ်ရက်မှာတော့ ကျွန်မနဲ့ သူငယ်ချင်းတွေက ထားဝယ်ကိုသွားမယ်၊ ထားဝယ်အထိကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပဲ၊ ဟိုရောက်ရင် ထားဝယ်မင်းသမီး ရေယာဉ်နဲ့ကမ်းရိုးတန်းတစ်ရက်ခရီးကို သွားမယ်၊ တစ်ခါမှ မရောက်ဖူးသေးတော့ စိတ်တော့လှုပ်ရှားတယ်၊ ဓာတ်ပုံလည်း ကောင်းကောင်းရိုက်လို့ရမယ်၊ အစားအသောက်လည်းကောင်းမယ်၊ သဘာဝတရားကြီးကိုလည်း ခံစားခွင့်ရမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ကုမ္ပဏီဝန်ထမ်း မမေက သူ့ခရီးစဉ်အကြောင်းကို ရှင်းပြသည်။

ပိတ်ရက် သုံးရက်တာကာလအတွင်း ခရီးသွားနိုင်ရန် ခရီးစဉ်တိုများကိုလည်း ခရီးသွားလုပ်ငန်းများက ကြိုတင်ရေးဆွဲထားကြပြီး ခရီးသွားများအတွက် လိုအပ်သည့် ဖြည့်ဆည်းမှုများကိုလည်း လုပ်ဆောင်ပေးရန် ရည်ရွယ်ထားကြသည်။ "အခုနောက်ပိုင်းမှာ မိသားစုလိုက် ခရီးသွားတာထက် မိတ်ဆွေ၊ အပေါင်းအသင်းတွေနဲ့ သွားလည်ကြတာ ပိုပြီး အားကောင်းလာတာတွေ့ရတယ်၊ ကျွန်တော်တို့ကတော့ ခရီးသည်တွေရဲ့ ဘေးကင်းလုံခြုံမှု၊ နေထိုင်စားသောက်လည်ပတ်ရာမှာ သက်သောင့်သက်သာ ရှိမှုကို စဉ်းစားရတယ်။ အရင်နှစ်တွေကထက်စာရင် ပြည်တွင်းခရီးသွားလုပ်ငန်းက အများကြီးဖွံ့ဖြိုးလာတာကိုတွေ့ရတယ်၊ လမ်းပန်းဆက်သွယ်ရေးတွေလည်း အားကောင်းလာတော့ အရင်လို အခက်အခဲတွေ သိပ်မရှိတော့ဘူး၊ သွားတဲ့အခါမှာလည်း ရက်တိုတိုနဲ့ ခရီးပိုတွင်လာတယ်၊ ဖေဖော်ဝါရီ ပိတ်ရက်အတွင်းမှာ ကျွန်တော်တို့ ရည်ရွယ်ထားတာကတော့ ပြည်-အကောက်တောင်နဲ့မြောက်ဦးခရီးစဉ်၊ သုံးရက်အတွင်းမှာ ခရီးသွားတွေအတွက် ထိုက်တန်တဲ့ အတွေ့အကြုံတွေရနိုင်ဖို့ ကြိုးစားထားပါတယ်"ဟု အံ့ဖွယ်မြန်မာ့ရှုခင်းခရီးသွားလုပ်ငန်းမှ ကိုစည်သူက ပြောသည်။

"ကျွန်တော်ကတော့ ဒီနှစ်ထဲမှာ နာမည်ကြီးလာတဲ့ ရေပျံတောင်ကို သွားဖို့စီစဉ်ထားတယ်၊ ကျွန်တော့်အတွက်တော့ ဒါက ဒုတိယခရီးစဉ်၊ ဇန်နဝါရီလတုန်းက ရောက်ခဲ့သေးတယ်၊ အခုက သူငယ်ချင်းတွေကို လိုက်ပို့ပေးမှာ။ ကျွန်တော့်မိတ်ဆွေတစ်ယောက်က အဲဒီမှာ ခရီးသွားတွေလာပြီးအပန်းဖြေနိုင်ဖို့ တော်တော်လေး လုပ်ထားတယ်၊ ရှမ်းပြည်နယ် နောင်ချိုမြို့ကနေ သွားရမှာပါ၊ နောင်ချိုကနေ ငါးပင်ရွာကို ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနဲ့ချိတ်ပြီး သွားရမယ်၊ အဲဒီကနေ လမ်းလျှောက်လည်းရတယ်၊ ဆိုင်ကယ်နဲ့ သွားမယ်ဆိုလည်းရတယ်၊ တော်တော်လှပြီး သာယာတယ်၊ လူတစ်ယောက်ကို ခရီးစဉ်အစအဆုံးဆိုရင် တစ်သိန်းခွဲလောက်တော့ကုန်မယ်"ဟု မိတ်ဆွေများနှင့် နောင်ချိုသို့သွားရန် ပြင်ဆင်နေသူ ကိုဝေထွန်းက ပြောပြသည်။



ယခုနှစ်အတွင်း ပိတ်ရက်တိုများ ဆက်တိုက်ပါဝင်မှုများပြားသဖြင့် ခရီးစဉ်အများစုကို သုံးရက်မှ လေးရက်ခရီးစဉ်များ ပိုမိုရေးဆွဲလာကြပြီး ဈေးနှုန်းများမှာမူ ခရီးစဉ်အကွာအဝေး၊ ဝန်ဆောင်မှုနှင့် ထပ်ဆောင်းခရီးစဉ်ကြေးများအရ လူတစ်ဦးလျှင် ရက်တိုသုံးညအိပ် ခရီးစဉ်အတွက် ငွေကျပ်ခုနစ်သောင်းမှ လေးသိန်းအထိရှိနေကြောင်း အိုးဝေခရီးသွားလုပ်ငန်းမှ သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-ပိုး**

# ပြည်တွင်းခရီးသွားများ အာဆီယံအစိမ်းရောင်ဆုရဟိုတယ်များတွင် တည်းခိုရန် ပိုမိုစိတ်ဝင်စားလာ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ခရီးသွားရာသီကာလ စတင်ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်တွင်းခရီးသွားများအဖို့ တည်းခိုရန် နေရာရွေးချယ်မှုကို ပိုမိုလုပ်ဆောင်လာပြီး ယခုနှစ်အတွက် အာဆီယံမှ ဆုရရှိထားသည့် ဟိုတယ်များတွင် တည်းခိုရန် ပိုမိုစိတ်အားထက်သန်လာကြောင်း ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများထံမှ သိရသည်။

ခရီးသွားရာတွင် သက်သောင့်သက်သာအနားယူနိုင်ရန် လိုအပ်ပြီး အများစုမှာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်ဖက်ညီပြီး သာယာလှပသည့် ရှုခင်းများ ထားရှိခြင်းကြောင့်လည်း ခရီးသွားများကို ပိုမိုဆွဲဆောင်ထားနိုင်ကြောင်း ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက သူ့အမြင်ကိုပြောပြသည်။ ၂၀၁၈ခုနှစ် ဇန်နဝါရီလကုန်က ကျင်းပခဲ့သည့် အာဆီယံခရီးသွားဖိုရမ် ၂၀၁၈ ကာလအတွင်း အာဆီယံ အစိမ်းရောင်ဟိုတယ်ဆုများကို ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံအတွင်းရှိ ဟိုတယ်များကလည်း ဆုများရရှိခဲ့ခြင်း ဖြစ်သည်။

"အစိမ်းရောင် ဟိုတယ်ဆိုတာကတော့ သဘာဝအရင်းအမြစ်နဲ့ စွမ်းအင်ချွေတာရေးနည်းလမ်းတွေကို စနစ်တကျနဲ့ လိုက်နာကျင့်သုံးပြီး သဘာဝတရားနဲ့ သဟဇာတဖြစ်ဖို့ အဓိကထားတဲ့ ဟိုတယ်တွေကို ဆိုလိုပါတယ်၊ မြန်မာနိုင်ငံက ဟိုတယ်အချို့ဟာ သဘာဝတရားနဲ့ နီးစပ်ပြီး တစ်သားတည်းရှိအောင် ကြိုးစားထားကြလို့ အခုလိုဆုချီးမြှင့်ခြင်းခံရတာဖြစ်တယ်"ဟု ၂၀၁၈ ခုနှစ် အာဆီယံဟိုတယ်များ၏ MICE လုပ်ဆောင်နိုင်စွမ်းဆုရ လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဟိုတယ်မက်စ်မှ ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

အာဆီယံအစိမ်းရောင်ဟိုတယ်ဆု ၂၀၁၈ ကို မြန်မာနိုင်ငံမှ ဟိုတယ်ငါးလုံး ရရှိထားခဲ့ပြီး ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်မှ Viewpoint Ecolodge၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ Victoria Cliff၊ ရှမ်းပြည်နယ် ကလောမြို့နယ်မှ The Hotel Kalaw Hill Lodge၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ Hotel Akimomi နှင့် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့နယ်မှ Ngwe Saung Yacht Club and Resort တို့ဖြစ်ကြောင်း သိရှိရသည်။

"ခရီးသွားတဲ့အခါ တည်းခိုတဲ့နေရာကလည်း တော်တော်အရေးကြီးတယ်၊ ဈေးလည်းမှန်ဖို့လိုသလို၊ တည်းခိုတဲ့အခါမှာလည်း အေးချမ်းဆိတ်ငြိမ်ဖို့ လိုအပ်တယ်၊ သဘာဝတရားနဲ့ နီးစပ်တဲ့ ဟိုတယ်တွေ ပေါ်လာတာလည်း ကောင်းပါတယ်၊ ရွေးချယ်မယ်ဆိုရင်တော့ ဆုရထားတဲ့ ဟိုတယ်တွေကို ရွေးမယ်ဆိုရင် တည်းခိုရတာ ပိုပြီးစိတ်ချလက်ချရှိတယ်" ဟု ကော့သောင်းမြို့ရှိ ဆုရရှိထားသည့် ဟိုတယ်တွင် တည်းခိုရန် ကြိုတင်စီစဉ်ထားသူ မရေခြယ်က ပြောပြသည်။

**ခင်ရတနာ**



သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေတည်ဆောက်ထားသည့် ဟိုတယ်တစ်ခု။ ဓာတ်ပုံ- အောင်အောင်

# ကိုယ်ပိုင်အစီအစဉ်ဖြင့်ခရီးသွားမည့်သူများ အွန်လိုင်းမှ ခရီးသွားအာမခံဝယ်ယူနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ခရီးသွားရာသီ ရောက်ရှိလာခဲ့ပြီး လာမည့်ပိတ်ရက်အတွင်း မိမိအစီအစဉ်ဖြင့် ခရီးသွားကြမည့်သူများအတွက် ခရီးသွားအာမခံကို အွန်လိုင်းမှတစ်ဆင့် အလွယ်တကူ ဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

"နိုင်ငံတကာမှာလည်း ရှိပါတယ်၊ အချို့တိုင်းပြည်တွေဆိုရင် ခရီးသွားအာမခံဝယ်မထားရင် နိုင်ငံထဲပေးမဝင်တာတောင်ရှိပါတယ်၊ မတော်တဆဖြစ်မှုဆိုတာ ကြိုတင်မသိမြင်နိုင်တာကြောင့် ကိုယ်ပိုင်ခရီးသွားသူတွေအတွက် စိတ်ချရအောင် ခရီးသွားအာမခံထားသင့်တယ်၊ ကျွန်တော်တို့ဆီမှာလည်း ခရီးသွားရင်း မတော်တဆဖြစ်မှုတွေ ဖြစ်ပွားတဲ့အခါ ဆုံးရှုံးနစ်နာမှုတွေ ကာမိအောင် အခုနောက်ပိုင်းမှာ ခရီးသွားအာမခံကိုထားလာကြတယ်"ဟု ဂျီဂျီအိုင်အာမခံမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းမှ မြန်မာ့အာမခံလုပ်ငန်းနှင့် သဘောတူညီမှုများ ရယူထားပြီး ယခုအခါ တစ်နှစ်လျှင် ခရီးသွားအာမခံထားရှိသူဦးရေမှာ ရှစ်သိန်းကျော်အထိရှိလာကြောင်း ပြည်တွင်းဘုရားဖူးနှင့် ဝန်ဆောင်မှုအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးကြီးက ပြောကြားသည်။ခရီးသွားအာမခံကို တစ်ယူနစ်မှဆယ်ယူနစ်အထိ ဝယ်ယူနိုင်ပြီး မတော်တဆ ထိခိုက်ဆုံးရှုံးမှုဖြစ်ပွားပါက ငွေကျပ်ငါးသိန်းအထိ ပေးလျော်ကြောင်း သိရသည်။

"လိုင်းကားတွေ၊ အဝေးပြေးကားတွေမှာတော့ ခရီးသွားအာမခံပါပြီးသားလေ၊ ဒါပေမယ့် ကိုယ်ပိုင်ကားနဲ့ ခရီးသွားကြမယ်ဆိုရင်တော့ ခရီးသွားအာမခံလုပ်ထားဖို့ လိုအပ်ပါတယ်၊ ကျွန်တော်တို့ဆီမှာ အွန်လိုင်းက ရောင်းချပေးနေပြီး ဂျီဂျီအိုင်အာမခံနဲ့ ဘီအန်အက်ဖ် အိပ်ပ်စ်ပရက်စ်တို့ ပူးပေါင်းပြီး ပိတ်ရက်မှာ ခရီးသွားကြမယ့်သူတွေကို ရောင်းချပေးနေပါတယ်"ဟု ဘီအန်အက်ဖ်မှ အရောင်းတာဝန်ခံက ရှင်းပြသည်။

ခရီးသွားအာမခံထားခြင်းဖြင့် ခရီးစဉ်အစမှ အဆုံးအထိ အာမခံလက်မှတ်ဝယ်ယူထားသည့် ခရီးသည်များသည် စီးနင်းလိုက်ပါလာသည့် ယာဉ်ကြောင့်ဖြစ်စေ၊ အာမခံထားသူ၏ မတော်တဆဖြစ်ရပ်များကြောင့်ဖြစ်စေ၊ အသက်ဆုံးရှုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိခြင်းများအတွက် အသက်ဆုံးရှုံးပါက အာမခံထားငွေကို အကျိုးခံစားခွင့်ရှိသူထံ လွှဲပြောင်းပေးသူကို ငွေကြေးထုတ်ပေးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်လျှင် ထာဝစဉ်မသန်စွမ်းဖြစ်မှု ရာခိုင်နှုန်းအချိုးအတိုင်း ဝယ်ယူသည့်ယူနစ်အလိုက် ပေးလျော်မည်ဖြစ်ပြီး ၁၀၀ ရာခိုင်နှုန်း ထာဝစဉ်မသန်စွမ်းဖြစ်ပါက လျော်ကြေးကို အာမခံထားငွေအပြည့်အဝ ပြန်လည်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

# ဟိမဝန္တာအရှေ့ဖျားဒေသ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ် စီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ရေးဆွဲရေး ဒေသအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်





**နေပြည်တော် ဖေဖော်ဝါရီ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဖွံ့ဖြိုးရေးဗဟိုအဖွဲ့ (International Center for Integrated Mountain Development-ICIMOD) တို့ ပူးပေါင်း၍ အိန္ဒိယ၊ တရုတ်နှင့် မြန်မာနိုင်ငံတို့ ဆက်စပ်ပါဝင်နေသည့် "ဟိမဝန္တာအရှေ့ဖျားဒေသ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်း အစီအစဉ်၊ စီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ရေးဆွဲရေး ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနား" ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက အမှာစကားပြောခဲ့ပြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံခန့်ခွဲရေး)နှင့် သစ်တောအရာရှိကြီးများ၊ ဆက်စပ်ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) ကိုယ်စားလှယ်များ၊ UNESCO နှင့် ICIMOD မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသ ဖွံ့ဖြိုးရေးဗဟိုအဖွဲ့ (ICIMOD) သည် အနောက်ဘက်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ အရှေ့ဘက်တွင် မြန်မာနိုင်ငံအထိကျယ်ပြန့်သည့် ဟိန္ဒူကုရှ် ဟိမဝန္တာဒေသရှိ နယ်နိမိတ်ဆက်စပ်ဒေသ ခုနစ်ခုတွင် ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အိန္ဒိယ၊ တရုတ်နှင့် မြန်မာနိုင်ငံတို့ ဆက်စပ်နေသည့် ဖြဟ္မပုတ္တရသံလွင်ဒေသသည်လည်း အပါအဝင်ဖြစ်သည်။

ဖြဟ္မပုတ္တရသံလွင်ဒေသ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေး အစီအစဉ်ကို ၂၀၀၉ ခုနှစ်တွင် စတင်ဆွေးနွေးခဲ့ပြီး နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် ဒေသအဆင့် အကြံပြုဆွေးနွေးပွဲတွင် ၎င်းအစီအစဉ်အား ဟိမဝန္တာအရှေ့ဖျားဒေသဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ် "Landscape Initiative for Far Eastern Himalaya (HI-LIFE)"ဟု အမည်ပြောင်းလဲခဲ့ပြီး ၇၃၄၅၂ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည့်ဒေသကို ကိုယ်စားပြုသည့် တရုတ်-၂၂%(ဂုန်လီဂုန် ရှန်တောင်တန်း)၊ အိန္ဒိယ-၁၂% (နန်ဒဖ ကျားထိန်းသိမ်းရေးကြိုးဝိုင်းနှင့် ဆက်စပ်ဧရိယာ)နှင့် မြန်မာ-၆၆% (ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ နောင်မွန်း၊ ပူတာအို၊ မချမ်းဘော၊ ခေါင်လံဖူး၊ ဆွမ်ပရာဘွမ်၊ တနိုင်းနှင့် နမ့်ယွန်းမြို့နယ်)တို့ ပါဝင်ပါသည်။

HI-LIFE အစီအစဉ်အား ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) မှ ရန်ပုံငွေပံ့ပိုးပေးပြီး ဒေသခံပြည်သူများ၏ လူမှုဘဝမြှင့်တင်ခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဒေသခံများ၏ သဘာဝအရင်းအမြစ်ဆိုင်ရာ မိရိုးဖလာအသိပညာအား မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်းတို့ကို အထောက်အကူပြုမည်ဖြစ်ပြီး အိန္ဒိယ၊ တရုတ်၊ မြန်မာနိုင်ငံတို့မှ ပြုစုသည့် နိုင်ငံအဆင့် ဖြစ်နိုင်ခြေလေ့လာခြင်းအစီရင်ခံစာ၊ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ မဟာဗျူဟာနှင့် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးဆိုင်ရာ ဘက်စုံစောင့်ကြည့်လေ့လာရေး မဟာဗျူဟာတို့ကို အခြေခံ၍ ICIMOD မှ ဒေသအဆင့် ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အား ပြုစုခဲ့ပြီး HI-LIFE သည် ဝန်ကြီးဌာနမှ အလေးပေးဆောင်ရွက်နေသည့် ခါကာဘိုရာဇီဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းခံရရေး ဆောင်ရွက်နေမှုတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ရန်၊ထောက်ခံအားပေးရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပူးပေါင်းဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)၏ (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း စုစည်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ သက်ဆိုင်ရာဒေသအသီးသီး၌ နေထိုင်ကြပုံကို တစ်နေရာတည်း၌ လေ့လာသိရှိနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ အထိမ်းအမှတ် ဥယျာဉ်၏ နှစ်ပတ်လည်နေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများနှင့်အတူ (၇၀)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင် တိုင်းရင်းသားများ၏ ဖျော်ဖြေတင်ဆက်မှုများကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အထိမ်းအမှတ်ဥယျာဉ် နှစ်ပတ်လည်နေ့ အခမ်းအနား ဖျော်ဖြေတင်ဆက်ပွဲသို့ မည်သူမဆို (အခမဲ့) လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**




ဇာစ်မြစ်၊ အကောက်ခွန်ဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# FDA မှ ပြည်သူများ သိရှိလိုက်နာနိုင်စေရန် အသိပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီခွဲတွင် စားသောက်ကုန်ပစ္စည်း၊ ဆေးဝါး၊ အလှကုန်များနှင့် ပတ်သက်ပြီး ပြည်သူများ သိရှိလိုက်နာနိုင်စေရန် ရည်ရွယ်၍ နေပြည်တော်ရှိ သပြေကုန်းဈေးနှင့် မြို့မဈေးတို့တွင် အဖွဲ့သုံးဖွဲ့ခွဲကာ အသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများ သိရှိလိုက်နာနိုင်စေရန် ဆေးဆိုင်များနှင့် သက်ဆိုင်သည့်"စပ်ဆေးအန္တရာယ်ကင်းရှင်းရေးဆေးဆိုင်များကို ပညာပေး" ဆောင်ပုဒ်၊ "ဆေးဝါးများကို မှတ်ပုံတင် FDA နှင့် လက်တွဲအစဉ်"ဆောင်ပုဒ်၊ စားသောက်ဆိုင်များနှင့် သက်ဆိုင်သည့် "တစ်မျိုးသားလုံးကျန်းမာဖို့ စပ်ဆေး၊ ဆိုးဆေး ရှောင်ရှားစို့" ဆောင်ပုဒ်ပါသည့် စတစ်ကာများ၊ အလှကုန်ပစ္စည်းရောင်းချသူများ လိုက်နာရန် အချက်များပါသည့် ပိုစတာများနှင့် လက်ကမ်းစာစောင်များကို သပြေကုန်းဈေး၊ မြို့မဈေးနှင့် အဝေးပြေးကားဂိတ်များတွင် ဖြန့်ဝေခြင်း၊ ကြော်ငြာကပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ "ရောင်းချသူတွေနဲ့ သုံးစွဲသူ ပြည်သူတွေဟာ အသိပညာနည်းပါးနေတာကို တွေ့ရပါတယ်၊ အများပြည်သူတွေ ထင်သာမြင်သာရှိတဲ့ နေရာတွေမှာ ဒီလိုလုပ်ဆောင်ခြင်းဟာ ပိုပြီးတော့ အသိပညာတွေရလာမယ်လို့ ယုံကြည်ပါတယ်၊ သုံးစွဲသူတွေက လိုက်နာရမယ့်အချက်တွေ သိလာရင် ရောင်းချသူတွေကလည်း လိုက်နာလာမယ်လို့ ယုံကြည်ပါတယ်၊ သုံးစွဲသူ ပြည်သူတွေက အသိပညာပိုရှိလေလေ ကျွန်တော်တို့ အစားအသောက်တွေ၊ ဆေးဝါးတွေ၊ အလှကုန်တွေ ကြီးကြပ်ခြင်းအလုပ်ဟာ ပိုပြီးတော့ မြန်ဆန်လာမယ်၊ ထိရောက်လာမယ်လို့ ယုံကြည်တဲ့အတွက် အသိပညာပေးခြင်းလုပ်ငန်းတွေကို ဒီနေ့မှာ လူအင်အား ၂၅ ယောက်လောက်သုံးပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်တာ ဖြစ်ပါတယ်၊ ရှေ့ဆက်ပြီးတော့လည်း ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ နည်းလမ်းပေါင်းစုံသုံးပြီးတော့ အသိပညာပေးနေပါတယ်၊ ရောင်းသူတွေနဲ့ ဝယ်ယူသုံးစွဲသူတွေအနေနဲ့ ကျွန်တော်တို့ရဲ့ စေတနာကို နားလည်ပြီး လိုက်နာစေချင်ပါတယ်"ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလင်းအောင်က ပြောသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်သူများသို့ အသိပညာပေးရာတွင် စတစ်ကာများ၊ လက်ကမ်းစာစောင်များ၊ ပိုစတာများ ဖြန့်ဝေခြင်း၊ ကြော်ငြာကပ်ခြင်းများအပြင် စားသောက်ကုန်ပစ္စည်း၊ ဆေးဝါး၊ အလှကုန်များနှင့် ပတ်သက်ပြီး အသိပညာပေးစာတန်းများ ပါသည့် ထီးများ၊ ပြက္ခဒိန်များကိုလည်း အမှတ်တရ လက်ဆောင်ပစ္စည်းများအဖြစ် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိမိဖြိုး**

# စင်ကာပူ လေကြောင်းလိုင်းမှ air bus 330 လေယာဉ်တစ်စင်း မန္တလေးမြို့ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့

**တံတားဦး ဖေဖော်ဝါရီ ၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှ စင်ကာပူမြို့သို့ ခရီးသည် ၁၉၀ နှင့် လေယာဉ် အမှုထမ်း ၁၂ ဦးတို့ လိုက်ပါပျံသန်းလာသည့် စင်ကာပူလေကြောင်းလိုင်းမှ air bus 330 လေယာဉ်သည် လက်ဝဲဘက်အင်ဂျင် ချွတ်ယွင်းမှုကြောင့် မန္တလေးမြို့ အပြည်ပြည်ဆိုင်ရာ တံတားဦးလေဆိပ်သို့ အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် ဖေဖော်ဝါရီ ၇ ရက် ညနေ ၃ နာရီ ၇ မိနစ်တွင် အရေးပေါ် ဆင်းသက်နိုင်ရန် တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ် လေကြောင်းထိန်းသို့ အကူအညီတောင်းခံခဲ့ပြီး ညနေ ၃ နာရီ ၃၁ မိနစ်တွင် ဆင်းသက်ခဲ့ကြောင်းနှင့် လိုက်ပါလာသော ခရီးသည်များကို စင်ကာပူလေကြောင်းလိုင်းမှ အစားထိုးလေယာဉ် ဘိုးရင်း 777 ဖြင့် ဖေဖော်ဝါရီ ၈ ရက် နံနက် ၃ နာရီ ၁၄ မိနစ်တွင် ပြန်လည် ခေါ်ဆောင်သွားကြောင်း တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အုပ်ချုပ်ရေးဌာနမှူး ဦးကျော်ဆန်းက ပြောသည်။

"အရေးပေါ်ဆင်းသက်ဖို့ ကျွန်တော်တို့ဆီ အကူညီတောင်းတဲ့အခါ မီးသတ်တို့ ဘာတို့နဲ့ အရန်သင့် စောင့်နေတယ်၊ ဆင်းလာတဲ့အခါမှာတော့ လိုက်ပါလာသူတွေ တစ်စုံတစ်ယောက်မှ ထိခိုက်မှုမရှိပါဘူး၊ ခရီးသည်တွေကို ကျွန်တော်တို့ လေဆိပ်ထဲမှာပဲ နားခိုင်းထားပြီး လိုအပ်တာတွေအကုန်လုံး ကူညီပေးလိုက်ပါတယ်" ဟု ၎င်းက ပြောသည်။

အရေးပေါ်ဆင်းသက်ခဲ့သော air bus 330 လေယာဉ်သည် ဝဲဘက်အင်ဂျင် ပန်ကာဒလက် နှစ်ချောင်း ကျိုးသွားခဲ့ပြီး အင်ဂျင်တစ်ခုလုံး လဲရမည်ဖြစ်သောကြောင့် ပြုပြင်ရန်အတွက် အဆိုပါလေကြောင်းလိုင်းမှ အင်ဂျင်နီယာများကို စောင့်ဆိုင်းနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ-အင်တာနက်**





# အငှားယာဉ်စီးနင်းလာစဉ် ယာဉ်ပေါ်၌ လုယက်ခံရကြောင်း ရဲစခန်းသို့ မမှန်သတင်းပေးတိုင်တန်းသူအား အမှုဖွင့်



မလှိုင်နှင်းဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ် သရက်တောကျောင်းတိုက်အနီးမှ ပန်းဆိုးတန်းသို့ သွားရန် မလှိုင်နှင်းဝေက အငှားယာဉ်တစ်စီး စီးနင်းခဲ့ရာ မော်တော်ယာဉ်ပေါ်တွင် လုယက်ခံရကြောင်း ကြည့်မြင်တိုင်ရဲစခန်းသို့ လာရောက်တိုင်တန်းသည့် အမှုမှာ ဖြစ်စဉ်အမှန်မဟုတ်ဘဲ မမှန်သတင်းပေး တိုင်တန်းကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တိုင်တန်းသူအား အမှုဖွင့် အရေးယူခဲ့ကြောင်း သိရသည်။

**လာရောက်တိုင်တန်း**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၇ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ မလှိုင်နှင်းဝေသည် မိဘများနှင့် ချိန်းဆိုထားသဖြင့် ပန်းဆိုးတန်းသို့သွားရန် လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ် သရက်တောကျောင်းတိုက်အနီးမှ ယာဉ်အမှတ် EE/-----တက္ကစီတစ်စီးအား ငှားရမ်းစီးနင်းလာခဲ့ရာ ယာဉ်မောင်းမှ ပန်းဆိုးတန်းသို့ မသွားဘဲ ကွေ့ပတ်မောင်းနှင်ကာ စမ်းချောင်းမြို့နယ် မြေနီကုန်းလမ်းဆုံတွင် မီးပွိုင့်မှ မီးနီသဖြင့် မော်တော်ယာဉ်ရပ်ထားစဉ် အမည်မသိ အမျိုးသားတစ်ဦး ယာဉ်ပေါ်သို့ တက်လာပြီး ၎င်းထံမှ ပိုက်ဆံအိတ်အား လုယူခဲ့ရာ အမျိုးသားက လက်နှစ်ဖက်အား ဖမ်းချုပ်ကာ ပါးစပ်ကိုလက်ဖြင့်ပိတ်၍ ယာဉ်မောင်း ထံမှ ကတ်ကြေးတောင်းယူကာ ၎င်း၏အင်္ကျီကို ကတ်ကြေးဖြင့် ဖြဲခဲ့ကြောင်း၊ ကြယ်သီးနှစ်လုံး ပြုတ်သွားပြီး ပိုက်ဆံအိတ်လုသွားခဲ့ကြောင်း၊ အငှားယာဉ်ကို လှည့်ပတ်မောင်းပြီး ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးဟောင်းရှေ့တွင် ယာဉ်ပေါ်မှချထားခဲ့ကြောင်း၊ ၎င်းထံမှ VIVO အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၅၀၃၀၀၀ ထည့်ထားသည့် ပိုက်ဆံအိတ်ပါ ဆုံးသွားကြောင်း ကြည့်မြင်တိုင် မြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

**မမှန်မကန်သတင်းပေး**

အမှုမှန် ပေါ်ပေါက်ရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ တိုင်တန်းသူ မလှိုင်နှင်းဝေ၏ ထွက်ဆိုချက်မှာ ရှေ့နောက်ညီညွတ်မှုမရှိဘဲ ကွဲလွဲစွာထွက်ဆိုနေကြောင်း၊ ၎င်းငှားရမ်း စီးနင်းလာသည့် ယာဉ်အမှတ် EE/----- ယာဉ်ဖြတ်သန်းမောင်းနှင်ခဲ့သည့် လမ်းကြောင်းတစ်လျှောက်ရှိ မှတ်တမ်းများ ကြည့်ရှုစစ်ဆေးခဲ့ရာတွင် အဆိုပါယာဉ် ဖြတ်သန်းမောင်းနှင်ခဲ့သည့် မှတ်တမ်းများ မတွေ့ရှိခဲ့ရကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တိုင်တန်းသူ မလှိုင်နှင်းဝေအား အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်းတိုင်တန်းသည့် အမှုမှာ ဖြစ်စဉ်အမှန်မဟုတ်ဘဲ၊ ၎င်းထံ၌ ငွေမရှိဘဲ မိဘများအား ပိုက်ဆံပေးမည်ဟု ပြောဆို၍ ရန်ကုန်သို့ လာရောက်ရန် ချိန်းဆိုပြောဆိုခဲ့ရာ မိဘများ ရန်ကုန်သို့ရောက်ရှိစဉ် ပိုက်ဆံပေးစရာမရှိသဖြင့် အကြောင်းပြပြီး လိမ်လည်၍ မမှန်မကန် သတင်းပေး တိုင်တန်းခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

**ထောင်ဒဏ်သုံးလချမှတ်**

အငှားယာဉ် ငှားရမ်းစီးနင်းလာရာမှ လုယက်ခံရကြောင်း ရဲစခန်းသို့ မမှန်မကန် သတင်းပေးတိုင်တန်းသူ မလှိုင်နှင်းဝေအား ကြည့်မြင်တိုင် မြို့မရဲစခန်းမှ တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ ကြည့်မြင်တိုင် မြို့နယ်တရားရုံးက လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူ မလှိုင်နှင်းဝေအား အလုပ်နှင့် ထောင်ဒဏ်သုံးလ ချမှတ်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ကော့သောင်းမြို့နယ်၌ ကျောင်းသားများတင်ဆောင်လာသည့် ကူးတို့လှေနစ်မြုပ်

**ကော့သောင်း ဖေဖော်ဝါရီ ၈**

ကော့သောင်းမြို့နယ် ဝါးကျွန်းကျေးရွာမှ ပုလောဘာလိုင်းကျေးရွာ အမက(မူလွန်) ကျောင်းသို့သွားရန် ကျောင်းသားကျောင်းသူများ တင်ဆောင်လာသည့် ကူးတို့ လှေငယ်တစ်စင်း ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက်ပိုင်းက ကျောင်းတက်ရန် ကျောင်းသား ကျောင်းသူ ၁၆ ဦးခန့် တင်ဆောင်လာသည့် လှေအနီးမှ လှေကြီးတစ်စင်း ဖြတ်မောင်းသွားသဖြင့် လှိုင်းရိုက်ပုတ်ကာ ဝါးကျွန်းကျေးရွာနှင့် မလှမ်းမကမ်းတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး လှေနစ်မြုပ်မှုဖြစ်စဉ်တွင် အနီးအနားကျေးရွာမှ ရေလုပ်သားများ အချိန်မီကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# မြဝတီမြို့၌ အထောက်အထားမဲ့ ခိုးဝင်လာသူများ ဖမ်းဆီးရမိ

**မြဝတီ ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ် မြဝတီမြို့ ၁၃ ဂိတ်အနီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးစဉ် တရားမဝင်ဝင်ရောက်လာသူများအား စစ်ဆေးတွေ့ရှိ၍ လဝက အက်ဥပဒေဖြင့် အရေးယူရန် စီစဉ်ထားရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့် မြဝတီမြို့ အမှတ် ၅ ရပ်ကွက် ၁၃ ဂိတ်သစ်အနီး တစ်ဖက်နိုင်ငံဘက်သို့ သွားရောက်မည့် မသင်္ကာဖွယ် အမျိုးသားနှစ်ဦး၊ အမျိုးသမီးငါးဦး ရောက်ရှိနေကြောင်း သတင်းအရ မြဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်နယ်(၃)မှ ဗိုလ်မှူး နိုင်မောင်ဇော် ဦးစီးသည့် ပူးပေါင်းအဖွဲ့များဖြင့် သွားရောက်စစ်ဆေးခဲ့ရာ အထောက်အထားမဲ့ ခိုးဝင်လာသူများဖြစ်သော ဟူစိန်အာမဒ်(၁၆ နှစ်)၊ အာဘူအူမတ်(၁၄ နှစ်)၊ သာဟာရရ် (၁၄ နှစ်)၊ ဖေရ်မိန် (၁၄ နှစ်)၊ ရေဟာနာဘေဂါမ်(၁၅ နှစ်)၊ ခါလီးဒါ(၁၅ နှစ်)၊ ဆော်ယေါ်ဒ်ဒါ (၁၂ နှစ်)တို့ ခုနစ်ဦးအား စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ပူးပေါင်းအဖွဲ့မှ တရားမဝင် ဝင်ရောက်လာသူ ခုနစ်ဦးအား လဝက အက်ဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ရေး မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးသို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ချီဖွေမြို့နယ်၌ စနက်တံ ၄၉၇ ချောင်း သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကချင်ပြည်နယ် ချီဖွေမြို့နယ် ချီဖွေ-ပန်ဝါကားလမ်းပေါ် (၄)မိုင်လုံခြုံရေးဂိတ်၌ ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက စနက်တံ ၄၉၇ ချောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

အဆိုပါနေရာတွင် တပ်မတော်သားများ စောင့်ဆိုင်းနေစဉ် ပန်ဝါမြို့မှ ချီဖွေဘက်သို့ ချီဖွေမြို့နေ ပေါ်ဆာရီ (၂၃ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ဝိုင်ယာကြိုးအရှည်ခြောက်ပေခန့် နှစ်ပင်တပ်လျက် အရှည်နှစ်လက်မရှိ စနက်တံ ၄၉၇ ချောင်းကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

**အမှုဖွင့်စစ်ဆေး**

စစ်ဆေးချက်အရ ချီဖွေမြို့တွင် ကျင်းပမည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာလာခဲ့ရာ ပန်ဝါဈေးအရောက် ဝိုင်းမော်မြို့နယ် နောင်ဟီးကျေးရွာနေ ဒေါ်ဆောမျှော်(၄၆ နှစ်)က ချီဖွေမြို့နေ မဆိုင်းတောင်(ခ)မယိမ်းမျှော်(၂၄ နှစ်)ထံသို့ လူကြုံထည့်ပေးသဖြင့် ယူဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ပေါ်ဆာရီ ပါသုံးဦးတို့ကို ချီဖွေမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် နှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် သီပေါမြို့နယ် ဟိုစန့်ကျေးရွာနေ တင်မျိုးထွန်း(၃၉ နှစ်)၏ နေအိမ်ရှေ့ ခြံစည်းရိုးဘေး သီပေါ-နမ့်လန်-လွယ်လင်ကားလမ်း မိုင်တိုင်အမှတ် ၁၂၂/၂ ၌ ဖေဖော်ဝါရီ ၇ ရက် ည ၇ နာရီခွဲက ဒေသန္တရ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့် ခြံစည်းရိုးဘေးတွင်ထိုင်နေသည့် တင်မျိုးထွန်း၏ဇနီး မအေးလျှန်(၃၂ နှစ်)တွင် ဒဏ်ရာ (မစိုးရိမ်ရ)နှင့် တင်မျိုးထွန်းထံ အလည်လာသည့် ဖခင်ဖြစ်သူ လားရှိုးမြို့ ဓမ္မဂုဏ်ရည်ကျောင်းတိုက်မှ ဥူးစံနိန္ဒ သက်တော်(၆၈ နှစ်) ဝါတော်ရှစ်ဝါတွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် နမ့်လန်ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ သံဘောစေ့များ တွေ့ရှိရပြီး ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ နယ်မြေခံတပ်မတော်သားများနှင့် နမ့်လန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပူးပေါင်းစုံစမ်းလျက်ရှိသည်။ **ကိုရဲ**



# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၈ စီး ၊ သွင်းကုန် ၁၀၂၃ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅ စီး၊ သွင်းကုန် ၁၉၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၃ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့် ခရီးသည်တင် မှန်လုံယာဉ်တစ်စီးအား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Brand New Dell Laptop Core i3,14 inches with battery charger and bag 9U စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၂ ဒသမ ၇၀၀ ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုလဲမြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တရားမဝင်သစ် ၁၅၂ တန်ကျော်နှင့် မော်တော်ယာဉ် ၁၅ စီး ဖမ်းဆီးရမိ

**ပုလဲ ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သစ်တောဦးစီးဌာနသည် မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင်သစ်များခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းများကို စီမံချက်ချ၍ လျှပ်တစ်ပြက်စစ်ကြောင်း အသွင်သဏ္ဍာန်ဖြင့် ကာကွယ်ဖမ်းဆီးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တရားမဝင်သစ် ၁၅၂ ဒသမ ၂၈၆၅ တန်၊ ဆက်စပ် မော်တော်ယာဉ် ၁၅ စီးနှင့် ပြစ်မှုကျူးလွန်သူ ၁၄ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက “ကျွန်တော်တို့ သစ်တောဦးစီးဌာန ဝန်ထမ်းတွေအနေနဲ့ မြို့နယ်အတွင်းမှာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး တရားမဝင် သစ်တွေခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းတွေကို စီမံချက်ချကာ လျှပ်တစ်ပြက်စစ်ကြောင်း အသွင်သဏ္ဍာန်နဲ့ ကာကွယ်ဖမ်းဆီးမှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်အထိ ကျွန်းသစ် ၁၈ လုံး ( ၃ ဒသမ ၀၃၇၂ တန်)၊ ကျွန်းခွဲသား ၁၅၄ ချောင်း (၁၃ ဒသမ ၃၃၁၄ တန်)၊ ၃ ပေအောက် ကျွန်းသစ်နှစ်လုံး (၀ ဒသမ ၃၇၂ တန်)၊ သစ်မာသစ်အလုံး ၂၀( ၃ ဒသမ ၆၆၆ တန်)၊ သစ်မာခွဲသား ၁၅၈၂ ချောင်း (၁၁၇ ဒသမ ၂၉၈၉ တန်)၊ ၃ ပေအောက် သစ်မာသစ်ငါးလုံး (၀ ဒသမ ၄၉၈ တန်)၊ အခြားသစ် ၁၂ လုံး (၂ ဒသမ ၁၈၂ တန်)၊ အခြားခွဲသား ၂၅၂ ချောင်း(၁၁ ဒသမ ၇၃၃၀ တန်)နှင့် ၃ ပေအောက် အခြားသစ်တစ်လုံး (၀ ဒသမ ၁၆၈ တန်) စုစုပေါင်း တရားမဝင်သစ် ၁၅၂ ဒသမ ၂၈၆၅ တန်၊ ဆက်စပ် မော်တော်ယာဉ် ၁၅ စီးနှင့် ပြစ်မှုကျူးလွန်သူ ၁၄ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်” ဟု ပြောသည်။

ပုလဲမြို့နယ်အတွင်း တရားမဝင်သစ် ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ကျေးရွာများသို့ ကွင်းဆင်း၍ ပညာပေးဟောပြော ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ ဖမ်းဆီးခြင်း လုပ်ငန်းကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၁၈ အာရှတာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ပထမနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှတာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ပထမနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားပြီး အာရှစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Onkar Sigh က အမှာစကား ပြောကြားကာ အာရှစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ အာရှစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့သည် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် ပြိုင်ပွဲပထမနေ့ ပွဲစဉ်များကို ဆက်လက်ကျင်းပရာ အမျိုးသားအသင်းလိုက် ၇၀ ကီလိုမီတာ တာဝေးစက်ဘီးပြိုင်ပွဲကို စတင်ကျင်းပသည်။ ယင်းပြိုင်ပွဲတွင် အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ စတင်တာထွက်ကာ နေပြည်တော်- ပျဉ်းမနား- တောင်ညိုကားလမ်းအတိုင်း သပြေကုန်းအဝိုင်းထိ လည်းကောင်း၊ ထိုမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း ပျဉ်းမနား-တပ်ကုန်းအမှတ်



(၁)လမ်းအတိုင်း ဗုဒ္ဓဂယာအထိ လည်းကောင်း၊ ထိုမှပြန်လှည့်၍ တပ်ကုန်း၊ ပျဉ်းမနားလမ်း အမှတ်(၁)မှ အင်ကြင်းပန်းအဝိုင်းမှတစ်ဆင့် ရာဇဌာနီလမ်းမှ ဇေယျာအောင်မြေလမ်းအတိုင်း ဝဏ္ဏသိဒ္ဓိအဝိုင်းတို့မှတစ်ဆင့် ပျဉ်းမနား-တောင်ညိုလမ်းသို့ ပန်းဝင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဂျပန်အသင်းက ပထမ၊ အီရန်အသင်းက ဒုတိယ၊ ဟောင်ကောင်အသင်းက တတိယရရှိခဲ့သည်။ Time Trial အမျိုးသားလူငယ်တစ်ဦးချင်းပြိုင်ပွဲတွင် Danill Pronskiy (ကာဇက်စတန်)က ပထမ၊ Tsun Wai Chu (ဟောင်ကောင်)က ဒုတိယ၊ Minh Nghia Huynh (ဗီယက်နမ်)က တတိယ၊ အမျိုးသမီးလူငယ်တစ်ဦးချင်းပြိုင်ပွဲတွင် Marina Kurnossova (ကာဇက်စတန်)က ပထမ၊ Yuno Ishigami (ဂျပန်)က ဒုတိယ၊ Sze Wing Lee (ဟောင်ကောင်)က တတိယတို့ရရှိခဲ့သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ကို ဖေဖော်ဝါရီ ၉ ရက် **(ယနေ့)**တွင် စတင်ကျင်းပမည်ဖြစ်ပြီး AFC Cup ပြိုင်ပွဲယှဉ်ပြိုင်ရမည့် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းမှာ သောကြာနေ့တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲစဉ် (၅) အဖြစ် ဖေဖော်ဝါရီ ၉ ရက် **(ယနေ့)** တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် စစ်ကိုင်းအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရခိုင်အသင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် မကွေးအသင်း၊ အောင်ဆန်းကွင်း၌ မြဝတီအသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် Southern အသင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် အောင်ဆန်းကွင်း၌ GFA အသင်းနှင့် ရေဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၄)အပြီးတွင် ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့က ၁၀ မှတ်စီ၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရှစ်မှတ်၊ မကွေးအသင်းက ခုနစ်မှတ်၊ Southern နှင့် ရခိုင်အသင်းတို့က ငါးမှတ်စီ၊ GFA၊ စစ်ကိုင်းနှင့် ဇွဲကပင်အသင်းတို့က လေးမှတ်စီ၊ ရေဝတီနှင့် ဟံသာဝတီအသင်းတို့က သုံးမှတ်စီ၊ မြဝတီအသင်းက တစ်မှတ်ရရှိထားသည်။ AFC Cup ပြိုင်ပွဲ အုပ်စုပွဲများ စတင်ကစားရမည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့မှာ အုပ်စုအဖွင့်ပွဲမတိုင်မီ ပြည်တွင်းပြိုင်ပွဲ၌ ရလဒ်ကောင်းရန် လိုအပ်နေပြီး အိမ်ကွင်း၌ မဖြစ်မနေ နိုင်ပွဲပြန်လည်ရှာဖွေရမည်ဖြစ်သည်။ ထိပ်ဆုံးမှ ရတနာပုံအသင်းသည် နိုင်ပွဲဆက်နေသည့် မကွေးအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း မကွေးအသင်း၏ လက်ရှိခြေစွမ်းကြောင့် ရှုံးကန်ရဖွယ်ရှိနေသည်။ အမှတ်ပေးဇယားအောက်ဆုံးရောက်နေသည့် မြဝတီနှင့် ဟံသာဝတီအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုမှာလည်း စိတ်ဝင်စားဖွယ်ကောင်းနေပြီး သွင်းဂိုးမရှိ၊ နိုင်ပွဲမရသေးသည့် မြဝတီအသင်း၏ ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ရာသီကြိုပြင်ဆင်မှုများနှင့် ရာသီအစရလဒ်များအရ ချန်ပီယံဆုအတွက် ရတနာပုံ၊ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ အပြိုင်ဖြစ်လာဖွယ်ရှိနေပြီး ခုနစ်မှတ်ရပြီး နောက်မှလိုက်နေသည့် မကွေးအသင်းကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်း၌ ကွန်တီ၏ နေရာကို အစားထိုးရန် ရေပန်းစားနေသော ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်သည် အင်္ဂလန်သို့ ပြောင်းရွှေ့ရန် ပြင်ဆင်လျက်ရှိကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် ၄၇ နှစ်အရွယ် အင်းနရစ်၏ နီးစပ်ရာမိတ်ဆွေများကလည်း အင်းနရစ်အနေဖြင့် ပရီမီယာလိဂ်၌ နည်းပြရန်ဆန္ဒရှိနေကြောင်းလည်း အတည်ပြုလိုက်သည်။
- ဘာစီလိုနာ ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သူ ဇာဗီက မက်ဆီနှင့် စီရော်နယ်ဒိုတို့သည် ဆယ်စုတစ်စုကြာ ဘလွန်းဒီအောဆုကို အပြန်အလှန်ရယူပြီးနောက်တွင် အဆိုပါဆုအတွက် ပီအက်စ်ဂျီတိုက်စစ်မှူး နေမာ ရရှိလိမ့်မည်ဟု ယုံကြည်နေကြောင်း သိရသည်။
- အသက် ၂၂ နှစ်အရွယ် တိုက်စစ်ကစားသမား လီမာသည် မိုနာကိုကလပ်၌ စာချုပ်သစ်ချုပ်ဆိုရန် ပယ်ချခဲ့ပြီးနောက် လီဗာပူးအသင်းက ၎င်း၏ အခြေအနေနှင့်ပတ်သက်ပြီး စောင့်ကြည့်လျက်ရှိကြောင်း အင်န်ဒီပင်းဒန့်၏ အဆိုအရ သိရသည်။
- တော့တင်ဟမ်အသင်းသည် နွေရာသီတွင် ဝက်ဖို့ဒ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဒူကော်ရီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း ဒေးလီးမေးလ်၏ ဖော်ပြချက်အရ သိရသည်။
- ပြီးခဲ့သော ရာသီတွင် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားခဲ့သော အသက် ၂၄ နှစ်အရွယ် ဘရာဇီးကွင်းလယ်ကစားသမား ဖာဘင်ဟိုသည် မိုနာကိုအသင်း၌ ၎င်း၏ကစားသမားဘဝ အဆုံးသတ်ရန် နီးစပ်လာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

**ဇော်ဇော်**

■ *ကျော့ဖုံးမှ*

ကျန်အနိုင်ဂိုးများကို ၆၊ ၃၄၊ ၅၃၊ ၅၆၊ ၅၈၊ ၇၉၊ ၈၇ မိနစ်တွင် ရှုပါခိုင်က ခုနစ်ဂိုးသွင်းယူခဲ့ပြီး လှယဉ်ဝင်းက ၅၊ ၃၆ မိနစ်တွင် နှစ်ဂိုး၊ မိဆက်က ၃၂ မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့ကာ ၁၂ ဂိုးမြောက်မှာမူ ဂန္ဓမာအသင်းက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းမှာ ၁၉ မှတ်စီရခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် မြဝတီအသင်းက ပထမအကျော့အပြီးတွင် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၇) စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၉ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်၊ တနင်္လာနေ့ "ပြည်ထောင်စုနေ့" သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း)

Major Media International Advertising Ltd.(MMI) မှတာဝန်ယူထားသော စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း၏ အရောင်းမြှင့်တင်ရေး Project များကို တာဝန်ယူ စီမံဆောင်ရွက်ပေးရန် Operation Manager ကျား /မ ( ၆ ) ဦး အလိုရှိသည်။

- အသက် ၂၅ နှစ်မှ ၃၅ အတွင်းရှိသူ ဖြစ်ရမည်၊ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိ ပြီးသူဖြစ်ရမည်၊
- Computer , Excel , Word , Internet Email ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်၊
- Sale & Marketing လုပ်ငန်းအတွေ့ အကြုံအနည်းဆုံး (၃) နှစ်ရှိသူ ဖြစ်ရမည်၊
- ရန်ကုန်မြို့တွင်း တာဝန်ကျရာ နေရာများသို့ သွားလာလုပ်ကိုင်နိုင်ရမည်၊
- လုပ်ငန်းလိုအပ်ချက်အရ အချိန်ပို (လိုအပ်လျှင်) လုပ်နိုင်ရမည်၊ လိုအပ်လျှင် နယ်များသို့ ခရီးသွားနိုင်ရမည်၊
- ယာဉ်မောင်းလိုင်စင်ရှိပြီး ယာဉ်မောင်းနိုင်သူဦးစားပေးမည်၊

ထိုက်သင့်သောလစာ + အပိုဆုကြေးများ ခံစားခွင့်ရှိသည်၊

လျှောက်ထားလိုသူများသည် မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ လေဘာမိတ္တူ၊ နေထိုင်ရာရပ်ကွက်/ရဲစခန်း (တပါတ်အတွင်း)ထောက်ခံစာ ၊ ဓါတ်ပုံတစ်ပုံ၊ ပညာ အရည်အချင်း ထောက်ခံစာမိတ္တူ ၊CVForm နှင့်အတူ (၁၅.၃.၂၀၁၈) ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်၊

Form တင်ပြီး Interview တန်းဝင်ရမည်၊

(တနင်္လာ မှ သောကြာ ရုံးချိန်အတွင်းလျှောက်ထားနိုင်ပါသည်၊)

ဆက်သွယ်ရန်လိပ်စာ

Major Media International Advertising Ltd., (MMI)

အမှတ်-5B, ပြည်လမ်း၊ တံတားဖြူ မှတ်တိုင်အနီး၊ မွှာရုံလမ်း နှင့် ခပေါင်းလမ်းကြား၊ လှိုင်မြို့နယ်၊ ရန်ကုန်၊

ဖုန်း- ၀၁ ၅၀၀၃၃၀၊ ၅၀၀၃၃၁၊ ၅၃၄၇၀၀၊ ၀၉ ၇၆၉၃၆၁၇၃၃

မန္တလေးရုံးခွဲ - အမှတ်-၇၀၃၊ ၃၀×၃၁ လမ်းကြား၊ ၈၆×၈၇ လမ်းကြား၊ ဓါတ်နန်းရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊

ဖုန်း- ၀၉ ၇၉၈၆၀၇၄၄၅၊ ၀၉ ၂၅၀၀၈၇၂၆၇

## ၈-၂-၂၀၁၈ရက်မှ ၁၂-၂-၂၀၁၈ရက်အထိ နေပြည်တော်တွင် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၈ ခုနှစ်၊ အာရှတာဝေးစက်ဘီးနှင့်မသန်စွမ်းစက်ဘီးပြိုင်ပွဲ လမ်းကြောင်းတစ်လျှောက်ပြိုင်ပွဲဝင်စက်ဘီးအားကစားသမားများ အန္တရာယ်ကင်းရှင်းစွာဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား အသိပေးမေတ္တာရပ်ခံချက်

၁။ စက်ဘီးပြိုင်ပွဲဝင် အားကစားသမားများ ဖြတ်သန်းလာရာ လမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာရှိ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများ ရပ်တန့်ပေးပါရန်။
၂။ စက်ဘီးပြိုင်ပွဲဝင် အားကစားသမားများ ယာဉ်တန်းများ၏နောက်မှ ကျော်တက်ခြင်းမပြုကြပါရန်။
၃။ လမ်းသွယ်မှယာဉ်များ ပြိုင်ပွဲလမ်းကြောင်းပေါ်သို့ စက်ဘီးပြိုင်ပွဲ အုပ်စုလိုက် ဖြတ်သန်းချိန်တွင် ဖြတ်သန်းခြင်းမပြုကြပါရန်။
၄။ စက်ဘီးပြိုင်ပွဲလမ်းကြောင်း ဖြတ်သန်းမည့်အချိန်တွင် ကျွဲ၊ နွား တိရစ္ဆာန်များ ဖြတ်သန်းခြင်းမပြုနိုင်ရေးအတွက် ကြိုတင်တားမြစ်ထားရန်။
၅။ ပြိုင်ပွဲဝင်စက်ဘီးများ၏အရှိန်ခန့်မှန်းခြေမှာ တစ်နာရီလျှင် ကီလိုမီတာ (၆၀)ခန့်ဖြင့် မာရှယ်ဆိုင်ကယ်နှင့် အသင်းကားများရှေ့/နောက်အရှိန်ဖြင့် လိုက်ပါရမည်ဖြစ်၍ မတော်တဆမှုများ ဖြစ်ပွားနိုင်ပါသဖြင့်နေရာ ကျယ်ကျယ် ပြန့်ပြန့် လိုအပ်ပါ၍ လမ်းဘေးသို့ကပ်၍ ရပ်ထားပေးကြပါရန်။
၆။ တစ်ဦးချင်းပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲ၊ အုပ်စုလိုက်ပြိုင်ပွဲများရှိပါသဖြင့် စက်ဘီးအုပ်စုများနှစ်ခု၊ သုံးခုကွဲပြားနိုင်ပါ၍ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ အန္တရာယ်ကင်းရှင်းမှသာ ဖြတ်သန်းသွားကြပါရန်။
၇။ ၂၀၁၈ အာရှတာဝေးစက်ဘီးပြိုင်ပွဲသို့ အာရှတိုက်ရှိ နိုင်ငံပေါင်း(၂၃) နိုင်ငံမှ စက်ဘီးအားကစားသမား (၄၀၀)ကျော်ခန့် ယှဉ်ပြိုင်လျက်ရှိပါသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာခြင်းအားဖြင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ဖခင်အမည်မှန်

ကျွဲပွဲမြို့၊ အထက နဝမတန်း(A)မှ မောင်စိုင်းသီဟဇော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုမှတ်ပုံတင်စာရင်းအရ ဦးဝင်းဆွေ ၇/အတန(နိုင်)၀၁၈၉၇၆ဖြစ်ပါကြောင်း။ ဦးဝင်းဆွေ

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းမြတ်မင်းထွန်း ၁၃/ လလန(နိုင်)၀၀၀၂၃၆၏ Possport No (633044)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်)

ဖုန်း-၀၉-၉၆၇၉၆၇၂၈၉

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/4394 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၉၀၇၈ Zong Shen 110 ၏ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းသက်ဝေ ၇/ပခတ(နိုင်) ၀၈၂၀၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8867 Lifan LFJ3053F1 ၏ အမည်ပေါက်သူ ဦးကျော်မိုးတင် ၁၄/ပသန(နိုင်) ၁၉၉၅၇၈ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းရုံး(ပုသိမ်)

## မွေးသက္ကရာဇ် အမှန်

ဦးစိုးမိုးအောင် ၁၄/ငပတ(နိုင်)၀၉၄၆၇၂၏သမီး ပုသိမ်မြို့၊ (၁၅)ရပ်ကွက်ရှိ Precious Educare Center ကိုယ်ပိုင်အထက်တန်းကျောင်း Grade -4 Jasmine တန်းမှ မချောစုညိမ်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁-၂၀၁၈ရက် ဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဦးကျော်လှိုင်၏သား မောင်အောင်သော်(ခ)မောင်အောင်သော်ဝင်း ၅/ စကန(နိုင်)၀၃၇၈၉၃မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မမြဝင်း ၁၀/ကမရ(နိုင်) ၀၅၈၇၃၀ ၏ Passport NO (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကိုင်းအုပ်စု၊မြေစွန်းကျေးရွာနေ ဦးအောင်ကျော်ဦးနှင့် ဦးကျော်ဦး ၈/ရစက(နိုင်)၀၅၀၆၃၈မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ နဝင်းရပ်ကွက်၊ အကွက်အမှတ်၄၊ နဝင်းတိုးချဲ့၊ ဦးပိုင်အမှတ် ၂၂၅၊ မြေချိန်ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးစိုးလွင်-ဒေါ်တင်သောင်း ဂရန်အမည်ပေါက် မြေကွက်အား ဒေါ်ညွှန့်ညွှန့်အမည်ဖြင့် ဂရန်အမည်ပြောင်း လျှောက်ထားဆောင်ရွက်မှုအပေါ် ကန့်ကွက်လိုသူများရှိပါက ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း သက်သေခံ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ညွှန့်ညွှန့် ၇/ပမန(နိုင်)၀၁၉၄၄၃

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၁/ပုဗ္ဗ သီရိမြောက်ရပ်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ-၃၄၅၉၄)ဦး ကိုကိုကြီး ၁၂/သကတ(နိုင်)၀၈၁၂၃၅ (ဘ)ဦးစောမောင်အမည်ပေါက် နှစ်၃၀မြေ ငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊၁၄၅၃/၂၀၁၅၊ ၁၄-၁၂-၂၀၁၅ဖြင့် မြေကွက်အမည်ပေါက် ဦးကိုကိုကြီး၏ အထူးကိုယ်စားလှယ်ရရှိထားသူဒေါ်ယမင်းသူဇာလွင် ၁၂/လကန(နိုင်)၁၇၆၂၇၆ (ဘ) ဦးမြင့်လွင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/5717 ၏ ဖောင်း ကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၄၆၀၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

# ဂါဇာကမ်းမြောင်ဒေသရှိ ရာဖာဝင်ပေါက်ထွက်ပေါက် နှစ်ခုစလုံးကို သုံးရက်တာ ဖွင့်လှစ်သွားမည်

**ဂါဇာ ဖေဖော်ဝါရီ ၈**

အီဂျစ်အာဏာပိုင်များက ဂါဇာကမ်းမြောင်ဒေသရှိ ရာဖာဝင်ပေါက်ထွက်ပေါက်နှစ်ခုစလုံးကိုသုံးရက်တာ ဖွင့်လှစ်ပေးသွားမည်ဟု မကြာသေးမီက ထုတ်ဖော်ကြေညာခဲ့ကြောင်း ကိုင်ရိုမြို့ရှိ ပါလက်စတိုင်းသံရုံး၏ ပြောကြားချက်အရ သိရသည်။

ဝင်ပေါက်ထွက်ပေါက်နှစ်ခုစလုံးကို ဖေဖော်ဝါရီ ၉ ရက်အထိ ဆက်လက်ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုသို့ ရာဖာဝင်ပေါက်ထွက်ပေါက်နှစ်ခုစလုံးကို ဖွင့်လှစ်ပေးခြင်းသည် ၂၀၁၈ ခုနှစ်တွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

အီဂျစ်နိုင်ငံသည် နယ်စပ်ဝင်ပေါက်ကို တစ်လလျှင်သုံးကြိမ် သို့မဟုတ် နယ်စပ်ဖြတ်ကျော် ပညာသင်ကြားနေကြသော ကျောင်းသူကျောင်းသားများ၊ အလုပ်လုပ်ခွင့်ပါမစ်ဖြင့် သွားလာသူများ သို့မဟုတ် အခြားနိုင်ငံများတွင် နေထိုင်နေကြသူများ အပါအဝင် ပုံမှန်သွားလာနေရသူများအတွက် နှစ်ကြိမ်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်သည် ကမ္ဘာကြီးနှင့် ဆက်သွယ်သွားလာရန် ဝင်ပေါက်ခုနစ်ခု ဖွင့်လှစ်ပေးထားသည်။ သို့သော်အီဂျစ်နိုင်ငံနှင့် ဆက်သွယ်ထားသော ရာဖာဝင်ပေါက်တစ်ခုမှလွဲကာ ကျန်ဝင်ပေါက် ခြောက်ခုကို ၂၀၀၇ခုနှစ်ကတည်းက အစ္စရေးတို့က ပိတ်ဆို့ထားခြင်းခံရကြောင်း သိရသည်။

**ဆင်ဟွာ**




# ဘရာဇီးနိုင်ငံမြောက်ပိုင်းတွင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ သုံးဦးသေဆုံး

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၈**

ဘရာဇီးနိုင်ငံမြောက်ပိုင်း ပါရာပြည်နယ်တွင် ယမန်နေ့က လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦးလုံးသေဆုံးခဲ့ကြောင်း ဘရာဇီးလေတပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။




ပျက်ကျမှုဖြစ်ပွားခဲ့သည့် လေယာဉ်မှာ အင်ဂျင်တစ်လုံးတပ် ဘီးချ်ခရက်ဖ်ဘွန်နာဇာလေယာဉ်ဖြစ်ပြီး အီတိုင်တူဘာမြို့တွင် မြေပြင်ပေါ်သို့ ပျက်ကျကာ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှုတွင် လေယာဉ်မှူးနှစ်ဦးနှင့် ခရီးသည်တစ်ဦးတို့ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အီတိုင်တူဘာမြို့အတွင်း လေယာဉ်ပျက်ကျမှုသည် ယခုတစ်ကြိမ်နှင့်ဆိုလျှင် လေးလအတွင်း နှစ်ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလကလည်း လူနှစ်ဦးတင်ဆောင်လာသော အခြားအင်ဂျင်တစ်လုံးတပ်လေယာဉ်တစ်စင်း အဆိုပါနေရာ၌ ပျက်ကျခဲ့ပြီး လေယာဉ်မှူးသေဆုံးသွားကာ ခရီးသည်များလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပြုံချမ်းအိုလံပစ် အားကစားပြိုင်ပွဲ မကျင်းပမီတစ်ရက်အလိုတွင် စစ်ရေးပြ အခမ်းအနားကျင်းပမှုကို မြောက်ကိုရီးယားထုတ်လွှင့်

**ပြုံယမ်း ဖေဖော်ဝါရီ ၈**

မြောက်ကိုရီးယားနိုင်ငံတွင် ကြာသပတေးနေ့ အစောပိုင်းကအကြီးအကျယ်ပြုလုပ်ခဲ့သည့် စစ်ရေးပြအခမ်းအနားကျင်းပမှုကို ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

ပြုံယမ်း၌ ကျင်းပပြုလုပ်ခဲ့သည့် အဆိုပါ စစ်ရေးပြ အခမ်းအနားတွင် လူငါးသောင်းကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း တောင်ကိုရီးယားသတင်းမီဒီယာက ဖော်ပြခဲ့သည်။




မြောက်ကိုရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားထုတ်လွှင့်မှု ညနေခင်းအစီအစဉ်၌ စစ်ရေးပြအခမ်းအနားကို ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာ၊ တင့်ကားများနှင့်လက်နက်များကို တင်ဆောင်ထားသည့် ယာဉ်များသည် ပြုံယမ်းမြို့တော်ရှိလမ်းများ တစ်လျှောက်တွင် ချီတက်စုဝေးခဲ့ကြသည်။

၎င်းတို့သည် မြောက်ကိုရီးယားတပ်မတော်တည်ထောင်သည့် နှစ် ၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဆင်နွှဲခဲ့ကြသည်။

ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲမစတင်မီတစ်ရက်အလိုတွင် ထိုသို့ စစ်ရေးပြပွဲဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

နှစ်ပတ်လည် အခမ်းအနားကို ပုံမှန်အားဖြင့် ဧပြီလတွင်ကျင်းပမြဲဖြစ်သော်လည်း မြောက်ကိုရီးယားသည် ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

# အိုလံပစ်အားကစားပြိုင်ပွဲ၌ အမေရိကန်နှင့် မည်သည့်ဆွေးနွေးပွဲမျှပြုလုပ်ရန် အစီအစဉ်မရှိကြောင်း မြောက်ကိုရီးယားပြော

**ဆိုးလ် ဖေဖော်ဝါရီ ၈**

မြောက်ကိုရီးယားသည် သောကြာနေ့တွင်တောင်ကိုရီးယားနိုင်ငံ၌ စတင်ကျင်းပမည့် ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲအတွင်း အမေရိကန်အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်မရှိကြောင်း ဒေသမီဒီယာကဖော်ပြခဲ့သည်။

အိုလံပစ်အားကစားပြိုင်ပွဲသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား လက်နက်အစီအစဉ်များနှင့်ပတ်သက်၍ ဖြစ်ပွားနေသည့် တင်းမာမှုအခြေအနေများကို ဖြေရှင်းရာတွင် အကူအညီဖြစ်စေလိမ့်မည်ဟူသော မျှော်လင့်ချက်များ ပေါ်ထွက်လာချိန်တွင် မြောက်ကိုရီးယားက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်ဒုတိယသမ္မတမိုက်ပန့်စ်သည် အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားမတိုင်မီ ကြာသပတေးနေ့တွင် တောင်ကိုရီးယားသို့ရောက်ရှိခဲ့သည်။

အိုလံပစ်အားကစားပြိုင်ပွဲအခမ်းအနားကို မြောက်ကိုရီးယားနှင့် နယ်နိမိတ်ထိစပ်နေသည့် လက်နက်ကိုင်အစောင့်တပ်ဖွဲ့ဝင်များအကြီးအကျယ်ချထားရာ နေရာမှ ၈၀ ကီလိုမီတာကွာဝေးသည့် ပြုံချမ်းရှိတောင်ပေါ်အပန်းဖြေစခန်းတွင် ပြုလုပ်သွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း၏ညီမဖြစ်သူ အပါအဝင် မြောက်ကိုရီးယားအာဏာပိုင်အဖွဲ့မှ အကြီးတန်းခေါင်းဆောင်တစ်ဦးနှင့် မြောက်ကိုရီးယား၏ အကြီးအကဲ ကင်ယွန်နမ်တို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ကင်ဂျုံအန်း၏ညီမဖြစ်သူ ကင်ယိုဂျွန်းနှင့် ၎င်း၏နောက်လိုက်တို့သည် ဆိုးလ်မြို့ အင်ချွမ်းနိုင်ငံတကာလေဆိပ်သို့ သောကြာနေ့နံနက်ခင်းတွင် ပုဂ္ဂလိကဂျက်လေယာဉ်ဖြင့် သွားရောက်ကြမည်ဖြစ်သည်။

ကိုယ်စားလှယ်များသည် စနေနေ့တွင်သမ္မတမွန်ဂျယ်အင်းနှင့် ညနေစာသုံးဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ ကျွန်ုပ်တို့သည် အမေရိကန်ပြည်ထောင်စုနှင့် ယခုရော နောင်အနာဂတ်တွင်ပါ စကားပြောဆိုဆွေးနွေးရန် ဘယ်သောအခါမှ တောင်းပန်ခယသွားမည်မဟုတ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ကေအင်န်စီအေသတင်းအေဂျင်စီက မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဂျိုယောင်ဆန်၏ ပြောဆိုမှုကို ကိုးကားဖော်ပြခဲ့သည်။

**ရိုက်တာ**

# တာလီဘန်တို့ ချုံခိုတိုက်ခိုက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံး

**တာလူကျန် ဖေဖော်ဝါရီ ၈**

အာဖဂန်နစ္စတန်မြောက်ပိုင်း တပ်ကဟာပြည်နယ်တွင် ကြာသပတေးနေ့က တာလီဘန်စစ်သွေးကြွများ၏ ချုံခိုတိုက်ခိုက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ကြာသပတေးနေ့ နံနက်ပိုင်းက ဒါကွက်ခရိုင်တွင်ပြုလုပ်ခဲ့သည့် ပူးတွဲစစ်ဆင်ရေးအတွင်း ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တာလီဘန်စစ်သွေးကြွများက တပ်မတော်ယာဉ်များကိုတိုက်ခိုက်ခဲ့ပြီး နှစ်ဖက်ထိတွေ့မှုများဖြစ်ပွားကာ တပ်မတော်တပ်ဖွဲ့တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူကာလီအဆာက ပြောကြားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်ရှိ ဆိုလာစက်ရုံများ၌ အလုပ်အကိုင်တစ်သောင်းနီးပါး ဆုံးရှုံးမှုဖြစ်ပွား

**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

အမေရိကန်ဆိုလာစက်ရုံ၌ ပြီးခဲ့သည့်နှစ်ကအလုပ်အကိုင် ၁၀၀ ကျော် ဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။ တပ်ဆင်မှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှေးကွေးသည့် ကယ်လီဖိုးနီးယားနှင့် မက်ဆာချူးဆက်ကဲ့သို့သောဈေးကွက်များတွင် အရှုံးပေါ်ခဲ့သည့်အတွက် ထိုသို့ဆုံးရှုံးမှုများ ဖြစ်ခဲ့ရကြောင်း ဗုဒ္ဓဟူးနေ့တွင် သတင်းဖော်ပြခဲ့မှုအရသိရသည်။

အကျိုးအမြတ်မကြည့်သော သုတေသနကုမ္ပဏီ The Solar Foundation က ၂၀၁၀ ပြည့်နှစ်တွင် ဆိုလာလုပ်ငန်းဆောင်ရွက်မှုများကို စစ်တမ်းကောက်ယူမှုစတင်ပြုလုပ်ခဲ့ချိန်မှစတင်ကာ အလျင်အမြန်တိုးတက်လာနေသည့် စက်ရုံအတွင်း အလုပ်အကိုင်ခန့်ထားမှုကန်ထရိုက်စာချုပ်ချုပ်ဆိုမှုကို ပထမဆုံးအကြိမ်ပြုလုပ်ခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် ဆိုလာလုပ်ငန်းအတွက်အလုပ်အကိုင်ခန့်ထားမှုသည် ၂၀၁၆ ခုနှစ်က ၂၆၀၀၇၇ မြင့်တက်ခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၃ဒသမရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။

ရိုက်တာ

### တူရကီနိုင်ငံ၌အထက်တန်းကျောင်းတစ်ကျောင်းတွင် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံး

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၈**

တူရကီနိုင်ငံအနောက်ပိုင်း အစ်ဇမာမြို့ရှိအထက်တန်းကျောင်းတစ်ကျောင်းတွင် ယမန်နေ့က သဘာဝဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး အခြားလူ လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း တူရကီသတင်းဌာနတစ်ခုတွင် ဖော်ပြခဲ့သည်။

ဂါဇီရာမာခရိုင်ရှိ စာသင်ကျောင်းတွင် ကလေးများ စာသင်ကြားနေစဉ်အတွင်း ကျောင်း၏ ဘွိုင်လာခန်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စီအင်န်အင်န်တာ့ခ်သတင်းတွင် ဖော်ပြခဲ့သည်။

သဘာဝဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးသတ်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အရေးပေါ်လူနာတင်ကားများ ရောက်ရှိလာကာ ကျောင်းသား ကျောင်းသူများကို အန္တရာယ်ကင်းစေရန် အဆောက်အအုံအတွင်းမှ ကယ်ထုတ်ခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုသည် ဓာတ်ငွေ့များ ပိတ်မိနေရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးဒဏ်ရာရသူများ၏ အချက်အလက်အသေးစိတ်ကို ချက်ချင်းမသိရသေးကြောင်း သိရသည်။

ဆင်ဟွာ

# တောင်အာဖရိကသမ္မတ ဇူးမား သမ္မတရာထူးကနေ ဆင်းပေးရဖို့ နီးပြီလား

**ခြူးစန္ဒီနွေး**




စွပ်စွဲမှုမျိုးစုံနဲ့ သမ္မတရာထူးကနေ ဆင်းပေးရတော့မယ်လို့ သတင်းတွေ ထွက်ပေါ်နေတဲ့ တောင်အာဖရိက သမ္မတ ဂျက်ကော့ဇူးမားဟာ တိုင်းပြည်အတွင်းမှာ လူကြိုက်များမှုနှုန်းဟာ အလွန်အမင်း ကျဆင်းနေပါတယ်။ သူ့ကို သမ္မတရာထူးကနေ နုတ်ထွက်ဖို့အတွက် ဖိအားတွေ များပြားလွန်းတာကြောင့် နိုင်ငံတော်အဆင့် မိန့်ခွန်းပြောကြားဖို့ စီစဉ်ထားတာကိုလည်း ရွှေ့ဆိုင်းလိုက်ရပါတယ်။

ပါလီမန်ဥက္ကဋ္ဌ မစ္စ ဘာလီကာ မဘီတီက သမ္မတ မိန့်ခွန်းပြောကြားမယ့်အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့တာပဲဖြစ်တယ်။ ဘယ်နေ့ဘယ်ရက်မှာ ပြန်လည်ပြီးရက်သတ်မှတ်မယ်ဆိုတာကိုတော့ အသိပေးခြင်း မရှိသေးပါဘူး။

သမ္မတ အနာဂတ်နဲ့ပတ်သက်ပြီး ဘယ်လို ဆုံးဖြတ်ကြမလဲဆိုတာကို တိုင်ပင်ဖို့အတွက် အာဏာရ ANC ပါတီထိပ်သီးပိုင်း ခေါင်းဆောင်တွေဟာ ဗုဒ္ဓဟူးနေ့ကပဲ တိုင်ပင်ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

**“သမ္မတ ဇူးမားအပေါ် ပြည်သူတွေအကြိုက် လျော့ကျရခြင်းရဲ့ အကြောင်းတွေထဲက တစ်ခုကတော့ ၂၀၁၆ ခုနှစ်မှာ သမ္မတဟာ Nkanhdla မှာရှိတဲ့ သူ့ရဲ့ ကိုယ်ပိုင်အိမ်ကို အစိုးရပိုင်ငွေတွေသုံးပြီး ပြင်ဆင်ဆောက်လုပ်ခဲ့ပါတယ်။ ဒီအတွက် နောက်ပိုင်းမှာ သူဟာ ပိုက်ဆံပြန်လည်ပေးဆောင်ခဲ့ရ”**

အသက် ၇၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ သမ္မတဇူးမားဟာ အကျင့်ပျက်ခြစားမှုတွေ ရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ဆန့်ကျင်မှုတွေကို ရင်ဆိုင်နေရသူလည်းဖြစ်တယ်။ သူဟာ ပါတီခေါင်းဆောင်အဖြစ်ကလည်း နေရာဖယ်ပေးလိုက်ရပါပြီ။ သူ့ကို လူထုထောက်ခံမှုကျဆင်းလာတဲ့အတွက် ပါတီအတွင်းမှာ နေရာအပြောင်းအလဲတွေလုပ်လိုက်တာဖြစ်ပြီး ဒီဇင်ဘာလအတွင်းကပဲ သူ့လက်ထောက်ဖြစ်သူ အသက် ၆၅ နှစ်အရွယ် ဆိုင်ရယ် ရာမာဖိုဆာကို ပါတီဥက္ကဋ္ဌ နေရာကို လွှဲပေးလိုက်ရပါတယ်။ အခုအချိန်မှာတော့ ဆိုင်ရယ် ရာမာဖိုဆာဟာ သမ္မတနေရာကိုရဖို့ ရှေ့တန်းကနေ ပြေးနေပါတယ်။

ဒီတစ်ပတ်အတွင်း အင်္ဂါနေ့အစောပိုင်းကလည်း နယ်လ်ဆင်မင်ဒဲလ်လား ဖောင်ဒေးရှင်းက မစ္စတာဇူးမားကို ရာထူးကနေဆင်းပေးဖို့ တိုက်တွန်းမှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။ သမ္မတဇူးမားရဲ့ အုပ်ချုပ်မှုအောက်မှာ တောင်အာဖရိကနိုင်ငံဟာ ပျက်စီးယိုယွင်းမှုတွေနဲ့ ပြည့်လာတယ်။ အနေနဲ့အမြန်ဆိုသလို ရာထူးကနေ ဆင်းပေးသင့်ပါတယ်လို့ နယ်လ်ဆင် မင်ဒဲလ်လား ဖောင်ဒေးရှင်းက ပြောတယ်။

ပါလီမန်ဥက္ကဋ္ဌကလည်း သမ္မတရဲ့ မိန့်ခွန်းကို ရွှေ့ဆိုင်းလိုက်ရတာနဲ့ ပတ်သက်ပြီး ရှင်းလင်းမှုတွေ လုပ်ခဲ့ပါတယ်။ လတ်တလောဖြစ်ပေါ်နေတဲ့ ကန့်ကွက်မှုတွေ၊ ဆန့်ကျင်မှုတွေကို ပါလီမန်အနေနဲ့လည်း စိုးရိမ်မှုတွေ ရှိလာတယ်။ ဒါကြောင့်မို့လည်း ဒီဆုံးဖြတ်ချက်ကို ချလိုက်ရတာပါ။

ပြီးတော့ သမ္မတကိုယ်တိုင်ကလည်း မိန့်ခွန်းပြောမယ့်အစီအစဉ်ကို ရွှေ့ဆိုင်းဖို့ အစီအစဉ်ရှိတယ်။

ဒါပေမယ့်လည်း သမ္မတနဲ့တွေ့ဆုံတဲ့အခါမှာတော့ သူ့မိန့်ခွန်းကို ဘာကြောင့် လွှတ်တော်က ရွှေ့ဆိုင်းရတာလဲဆိုတာကို မေးမြန်းဖို့ စာတောင်ရေးပြီးနေပြီလို့ သိရတယ်။ သမ္မတဇူးမားရဲ့ အရာရှိကတော့ သမ္မတဟာ လတ်တလောအခြေအနေတွေကြောင့် ရွှေ့ဆိုင်းဖို့ တောင်းဆိုလိုက် ရတာပဲဖြစ်တယ်လို့ နောက်ပိုင်းမှာ ကြေညာခဲ့ပါတယ်။

တောင်အာဖရိကရဲ့ အဓိကအတိုက်အခံပါတီဖြစ်တဲ့ Democratic Alliance (DA) ပါတီနဲ့ Economic Freedom Fighters (EFF) ပါတီတို့ဟာလည်း သမ္မတ ပါလီမန်မှာ မိန့်ခွန်းပြောမယ့်ရက်ကို ရွှေ့ဆိုင်းအောင် တွန်းအားပေးကြတဲ့ အဖွဲ့တွေပဲဖြစ်တယ်။

**ဇူးမားရဲ့ခေတ် ကုန်ပြီလား**

နိုင်ငံတော်အဆင့် မိန့်ခွန်းပြောကြားမယ့်ပွဲကို ရွှေ့ဆိုင်းလိုက်တာဟာဆိုရင် ဒါဟာ တစ်ခါမှ မကြုံဖူးသေးတဲ့ အတွေ့အကြုံတစ်ရပ်လည်းဖြစ်တယ်။ မလိုလားအပ်တဲ့ အနှောင့်အယှက် အတားအဆီးတွေ ပေါ်ပေါက်လာမှာစိုးတဲ့အတွက် ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်တယ်လို့ ပါလီမန်ဥက္ကဋ္ဌက ပြောတယ်။

တကယ်လို့များ သမ္မတဇူးမားက လွှတ်တော်မှာ မိန့်ခွန်းပြောလိုက်ရင် ပေါ်ပေါက်လာနိုင်တဲ့ အတိုက်အခံတွေ၊ သူ့ကို ဆန့်ကျင်သူတွေရဲ့ အနှောင့်အယှက် အဟန့်အတားတွေကို စိုးရိမ်တာလည်း ပါကောင်းပါနိုင်ပါတယ်။ ဒီအခြင်းအရာတွေ အားလုံးကတော့ သမ္မတဇူးမားရဲ့ အနာဂတ်ကို ဆုံးဖြတ်ပေးမယ့်အရာတွေပဲဖြစ်တယ်။

အာဏာရ ANC ပါတီကလည်း သူ့ကို ဖယ်ရှားမယ့် ဆုံးဖြတ်ချက်ဟာ သေချာသလောက်ရှိနေပါပြီ။ တကယ်လို့များ ပါတီကနေ သူ့ကို သမ္မတရာထူးကနေ ဖယ်ရှားပစ်တော့မယ်ဆိုတဲ့ သတင်းတွေသာမှန်ရင်တော့ သူပါလီမန်မှာ မိန့်ခွန်းပြောမယ့်ကိစ္စဟာ ပိုပြီးတော့ ကိုးရိုးကားရားနိုင်မှာပါ။ ဒီလိုဆိုရင်တော့ သမ္မတဇူးမားရဲ့ ခေတ်ကုန်ပြီလို့ ဆိုရမှာပါပဲ။

**သမ္မတ ဇူးမားအပေါ် ANC ပါတီရဲ့ သဘောထား**

သမ္မတဇူးမားဟာ လက်ရှိအာဏာရပါတီဖြစ်တဲ့ ANC ပါတီရဲ့ ဥက္ကဋ္ဌအဖြစ် အချိန်အတော်ကြာအောင် ထမ်းဆောင်ခဲ့သူလည်းဖြစ်တယ်။ ပြီးခဲ့တဲ့ တနင်္လာနေ့မှာတော့ ANC ပါတီဟာ မြို့တော် ဂျိုဟန်နက်စ်ဘတ်မှာ သမ္မတရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ဆုံးဖြတ်ဖို့ရာ အရေးပေါ်အစည်းအဝေး ပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးပွဲမှာ အားလုံးရဲ့ သဘောထားအမြင်ကို ကောက်ခံခဲ့ပါတယ်။

ပါတီရဲ့အလုပ်အမှုဆောင်ကော်မတီက ဘယ်လိုမျိုး ဆုံးဖြတ်ချက်ချခဲ့သလဲဆိုတာကိုတော့ သတင်းစာရှင်းလင်းပွဲမှာ အသိပေးတာမျိုး မပြုလုပ်သေးပါဘူး။ တကယ်လို့များ ကော်မတီက သမ္မတကို ရာထူးကနေ ဆင်းပေးဖို့ ဆုံးဖြတ်ပေးခဲ့မယ်ဆိုရင် သမ္မတအနေနဲ့ ဒါကိုဆန့်ကျင်ဖို့ဆိုတာ မလွယ်ပါဘူး။

ဘာလို့လဲဆိုရင် သမ္မတဟာ ANC ပါတီရဲ့ ထောက်ခံမှု မရှိဘဲ ပါလီမန်မှာ ရပ်တည်ဖို့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါပဲ။ သမ္မတဇူးမားဟာ တောင်အာဖရိကမှာ လူမျိုးရေးခွဲခြားမှုတွေကို တိုက်ဖျက်ရေးလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ရင်း ထောင်ထဲမှာ အချိန်အတော်များများ နေထိုင်ခဲ့ရသူလည်းဖြစ်တယ်။

တစ်ချိန်က သူရဲကောင်းဖြစ်ခဲ့ပေမယ့် သူ့ရဲ့ အကျင့်ပျက်ခြစားမှု စွပ်စွဲချက်တွေနဲ့အတူ အခုအခါမှာတော့ သမ္မတနေရာကနေ ဖယ်ပေးရဖို့ နီးနေပါပြီ။ ANC ပါတီရဲ့ ထိပ်သီးပိုင်းခေါင်းဆောင်ခြောက်ယောက်နဲ့ တွေ့ဆုံတဲ့အခါ သမ္မတဇူးမားက သူနဲ့ သူ့မိသားစုကို တရားစွဲဆိုခြင်းမပြုဖို့ တောင်းဆိုခဲ့တယ်ဆိုပြီးတော့လည်း အသေအချာ အတည်မပြုနိုင်တဲ့ သတင်းတွေ ထွက်ပေါ်လာပါတယ်။

**ဘာကြောင့် သူ့ကို ဖယ်ရှားဖို့ တွန်းအားတွေ ပေးနေရတာလဲ**

သမ္မတဇူးမားရဲ့သမ္မတသက်တမ်းမှာ အကျင့်ပျက်ခြစားမှုဆိုတဲ့ အရိပ်မည်းကြီးက နောက်ကအမြဲလိုက်နေတယ်။ မကြာသေးခင်နှစ်များအတွင်းက သမ္မတ ဇူးမားဟာ ချမ်းသာကြွယ်ဝတဲ့ ဂုပတမိသားစုနဲ့ ဆက်သွယ်မိတယ်။ အဲဒီမိသားစုဟာ မစ္စတာဇူးမားရဲ့ မိသားစုတွေကနေတစ်ဆင့် အစိုးရအတွင်းမှာ လွှမ်းမိုးမှုတွေ ရှိလာတယ်လို့ သတင်းတွေ ထွက်လာပြီးတဲ့ နောက်ပိုင်းမှာ သမ္မတ ဇူးမားရဲ့ လူကြိုက်များမှုဟာ တစ်ရှိန်ထိုးအောက်ကို ထိုးဆင်းကျသွားတယ်။

ဒါပေမယ့် သမ္မတဇူးမားရော၊ ဂုပတမိသားစုကရော ဒီကိစ္စကို ငြင်းဆိုထားတယ်။ နောက်ထပ်တစ်ချက်ကတော့ တိုင်းပြည်ရဲ့ စီးပွားရေးဟာ တစ်ရှိန်ထိုးကျဆင်းလာတယ်။ အလုပ်လက်မဲ့ပမာဏဟာ ၂၈ ရာခိုင်နှုန်းရှိတယ်။ ဒါကြောင့်လည်း ပြည်သူတွေက သူ့ကို မကြိုက်ကြဘူး။

အဲဒီလိုအကြောင်းတရားတွေ ပေါ်ပေါက်လာတော့ ANC ပါတီဟာ သမ္မတ ဇူးမားရဲ့အရိပ်မည်းကြီး သူတို့အပေါ် ထိုးလာမှာကြောက်လာတယ်။ ပြည်သူတွေရဲ့ မဲတွေဆုံးရှုံးမှာ စိုးရိမ်လာတယ်။ ၂၀၁၆ ခုနှစ် ဒေသတွင်းရွေးကောက်ပွဲတွေမှာ ပိုပြီးသိသာလာတယ်။

အတိုက်အခံပါတီဖြစ်တဲ့ Democratic Alliance ပါတီက မဲတွေပိုရလာပြီး ANC ပါတီရဲ့ အဓိကမဲဆန္ဒနယ်တွေကို လက်လွှတ်လိုက်ရတယ်။ ဒါကြောင့် ၂၀၁၉ ရွေးကောက်ပွဲမှာ အလားတူ ဖြစ်ရပ်မျိုးတွေနဲ့ မကြုံရအောင် ပါတီဥက္ကဋ္ဌနေရာကို လွှဲပြောင်းလိုက်တာပဲ ဖြစ်တယ်။ လက်ရှိပါတီဥက္ကဋ္ဌဖြစ်သူ မစ္စတာရာမာဖိုဆာကတော့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်မယ်ဆိုပြီး ကြွေးကြော်နေသူလည်းဖြစ်တယ်။

ဒါပေမယ့်လည်း ပါတီအတွင်းမှာ သမ္မတဇူးမားကို ထောက်ခံသူတွေ ကျန်သေးပါတယ်။ ပါတီအတွင်း ထိပ်တန်းပုဂ္ဂိုလ် ခြောက်ဦးအနက် အနည်းဆုံးနှစ်ဦးကတော့ သူ့ကို ထောက်ခံနေပါသေးတယ်။ သမ္မတ ဇူးမားအပေါ် ပြည်သူတွေ အကြိုက်လျော့ကျရခြင်းရဲ့အကြောင်းတွေထဲက တစ်ခုကတော့ ၂၀၁၆ ခုနှစ်မှာ သမ္မတဟာ နခန်ဒလာမှာရှိတဲ့ သူ့ရဲ့ ကိုယ်ပိုင်အိမ်ကို အစိုးရပိုင်ငွေတွေ သုံးပြီး ပင်ဆင်ဆောက်လုပ်ခဲ့ပါတယ်။

ဒီအတွက် နောက်ပိုင်းမှာ သူဟာ ပိုက်ဆံပြန်လည်ပေးဆောင်ခဲ့ရပါတယ်။ ဒီလိုမျိုး အလားတူဖြစ်ရပ်တွေလည်း အများကြီးရှိပါသေးတယ်။ ဒါကြောင့်လည်း ပြည်သူတွေက သူ့ကို မထောက်ခံ တော့တာပါ။ သမ္မတဇူးမားဟာ ကျန်ရှိနေသေးတဲ့ ကာလတိုလေးအတွင်းမှာ သူ့ရဲ့ သမ္မတရာထူးကို ဆက်လက် ထိန်းသိမ်းထားနိုင်မလား ဆိုတာကတော့ ပါတီရဲ့အဆုံးအဖြတ်ပေါ်မှာပဲ မူတည်သွားပါပြီ။ ။

ကိုးကား- ဘီဘီစီ

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ပါမောက္ခ ဒေါက်တာမိုမိုသန့် ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့ မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေ ညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာ တွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီး တစ်သင်းထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀ မှာ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီး တစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့ မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ “ တို့ဗမာအစည်းအရုံး” ရဲ့ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံမှာ ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမား အရေးတော်ပုံပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမား အရေးတော်ပုံမှာ အရေးတော်ပုံ မတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်နှစ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့်အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင် ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေး အရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ်ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲ လေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီ အုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာန အုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့ အမျိုးသားယာယီအစိုးရဆိုပြီးတွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်း ဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှု ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိ ကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိ ကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိ ကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

ဒ့ါအပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီအင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒ့ါအပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရဂျ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှု အပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်းဂန္ဒီ၏ ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက် သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှ နိုင်ငံတွေရဲ့အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ချမှတ်ပြီး ပြဿနာများကို ဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့အကြမ်းတမ်းဆုံးနဲ့အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရတဲ့ အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီး အားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကို သိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ ဖြစ်တယ်။ ဒါတွေကိုတစ်ခုချင်း လေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။

စာမျက်နှာ ၁၇ သို့ » »

»»» စာမျက်နှာ ၁၆ မှ

အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခုဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့ စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု(သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီစတဲ့ အရှေ့ ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေး ခံယူချက် တူညီမှု မရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကိုတွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂။ အန်ဇတ် (ANZUS)
၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ် အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော(Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

(၁) ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
(၂) ကိုရီးယားစစ်
(၃) စူးအက်အရေးအခင်း
(၄) ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း(က)၊ အပိုင်း (ခ)၊ အပိုင်း(ဂ)၊ အပိုင်း(ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ ငါးပုဒ်၊ ကမ္ဘာ့သမိုင်းမှ ငါးပုဒ်၊ စုစုပေါင်း ၁၀ ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ ၁ မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ ၁၀ မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်ပြီး 'မှား' သို့မဟုတ် 'မှန်' ကို ရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ သုံးပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ နှစ်ပုဒ်၊ စုစုပေါင်း ငါးပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ ၁ မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ ၅ မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း နှစ်ပုဒ်နဲ့ ကမ္ဘာ့သမိုင်း သုံးပုဒ်၊ စုစုပေါင်းငါးပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ ၁ မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ ၅ မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ) မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို လေးပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို လေးပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို လေးပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတို တစ်ပုဒ်ရမှတ်မှာ ၅ မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ ၂၀ မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း(ဂ) မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်းငါးပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်း ငါးပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ နှစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ ၁၅ မှတ်ဖြစ်ပြီး နှစ်ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ ၃၀ မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ) မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း ငါးပုဒ် ပါရှိမှာ ဖြစ်တယ်။ ယင်းငါးပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ နှစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ ၁၅ မှတ်ဖြစ်ပြီး နှစ်ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ ၃၀ မှတ် ဖြစ်တယ်။

ကျောင်းသား ကျောင်းသူများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ်ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်
၄။ မေးခွန်းကို သေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာ ဖြေဆိုရန်

ဖြစ်ကြောင်း တင်ပြရင်းပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

# ပုပ္ပားစိုက်ပျိုးရေးဥယျာဉ်ခြံ၌ အဆင့်မြင့်နည်းပညာအသုံးပြုပြီး သီးနှံများစိုက်ပျိုးထုတ်လုပ်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဥယျာဉ်ခြံစိုက်ပျိုးရေးခြံဝင်းအတွင်း အဆင့်မြင့်နည်းပညာဖြင့် စိုက်ပျိုးထားသော နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ အောင်မြင်မှုရရှိနေကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာန (ခွဲ) ပုပ္ပားစိုက်ပျိုးရေးခြံဝင်းအတွင်း နှစ်ရှည်သီးနှံ ၁၄ မျိုး စိုက်ပျိုးထားပြီး မျိုးကောင်းမျိုးသန့်သီးပင်စားပင်များစိုက်ပျိုးထုတ်လုပ်ပြီး ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော ပျိုးပင်များ အဖြစ်ရောက်ရှိအောင် ပြုလုပ်ကာ တောင်သူများအား ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

(G.A.P)- Good Agriculture Praetree စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများလိုက်နာကျင့်သုံး၍ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရဓာတ်နှင့်ကြွယ်ဝသော သီးနှံများစိုက်ပျိုးထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချပေးနိုင်ရန်နှင့် ဓာတုဆေးဝါးကင်းရှင်းကာ Green House စိုက်ပျိုးရေးနှင့် ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်စေရန် ဟောပြောပွဲများ ၊ အသိပညာပေးနိုင်အောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပုပ္ပားခြံဦးစီးမှူး ဒေါ်စိုးစိုးအောင်က ပြောသည်။



ပုပ္ပား စိုက်ပျိုးရေးခြံကို ၁၉၅၈ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ နှစ်ရှည်သီးနှံ ၁၄ မျိုး စိုက်ပျိုးအောင်မြင်နေကာ နဂါးမောက်သီး၊ သရက် (စိန်တလုံး)၊ နန်းတော်မှိုင်း၊ $R_2E_2$ သရက်၊ လောင်ဂန်သီး၊ လိုက်ချီး၊ စောင်းလျားချို၊ မန်ကျည်းချို၊ ကီလိုမာလကာ၊ အစေ့မဲ့မာလကာ၊ ထိုင်းဩဇာ၊ ထိုင်းဝမ်ပိန္နဲ၊ ဂရိတ်ဖရု၊ မက္ကဒေးမီးယား၊ တစ်သျှူးငှက်ပျော (ဘရာဇီး)၊ စပျစ်သီးပင်စားပင်များ စိုက်ပျိုးအောင်မြင်နေပြီး Green House စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထားသော ပင်ထောင်ခရမ်းချဉ်သီးခင်းမှာလည်းအထူးအောင်မြင်သဖြင့် ဒေသခံတောင်သူများအား အဆင့်မြင့် စိုက်ပျိုးနည်းပညာမျိုးစေ့များ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုထိန် (ငါ့သရောက်)**

# စလင်း၌ ယာဉ်စီးသူများစည်းကမ်းလိုက်နာရန် သတိပေး

**စလင်း ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ဖေဖော်ဝါရီ ၁ ရက်က ယာဉ်အန္တရာယ်လျော့ပေါ့ကျဆင်းစေရန်အတွက် ယာဉ်မောင်း ယာဉ်စီးနင်းသူများကို စလင်းမြို့၏ ယာဉ်အသွားအလာများသော လေးတိုင်စင်လမ်းဆုံ၌ ယာဉ်စည်းကမ်းကြပ်မတ်ထိန်းသိမ်းရေးအဖွဲ့က စောင့်ကြပ်၍ ထိန်းသိမ်းကြပ်မတ် သတိပေးခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်းကြပ်မတ်ထိန်းသိမ်းရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းမြင့်၊ မြို့နယ်မှူး ရဲမှူးတင်ထွန်း၊ မြို့မစခန်းမှူးဒုရဲမှူးသန်းဇော်တို့က ခေါင်းဆောင်၍ မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့လည်း ပါဝင်သော အဖွဲ့များက ဆိုင်ကယ်စီးနင်းသူများ စည်းကမ်းလိုက်နာမှုမရှိဘဲသုံးယောက်စီးခြင်း၊ ဝန်ပိုတင်ဆောင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ ဘက်မှန်မပါခြင်း၊ လူစီး လိုင်စင်မပါရှိဘဲ စီးနင်းခြင်းတို့ကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပေါ်နေမှုများအပြင် ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းလျက်ရှိသည့်အတွက် အသိပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ဂုတ်တွင်းကားလမ်းပိုင်း ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေးဆွေးနွေး

**နောင်ချို ဖေဖော်ဝါရီ ၈**

နောင်ချို- ဂုတ်တွင်း- ကွတ်ခိုင်ကားလမ်းပိုင်း ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေးလုပ်ငန်းစီမံချက်မူကြမ်း ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ရက်က မြို့နယ် လမ်းဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က နောင်ချို-ကျောက်မဲကြား ဂုတ်တွင်းကားလမ်းပိုင်း၊ ကွတ်ခိုင် ကားလမ်းပိုင်း ယာဉ်ကြောပိတ်ဆို့မှုအခြေအနေများနှင့် ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေးလုပ်ငန်းစီမံချက်များ၊ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာကော်မတီ အဖွဲ့အလိုက်ပူးပေါင်းဆောင်ရွက်ရေးကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ နောင်ချိုမြို့ ရပ်မိရပ်ဖ ဦးတင်ဦး၊ သက်ဆိုင်ရာ တာဝန်ရှိသူ တို့ကအကြံပြုဆွေးနွေး တင်ပြကြသည်။ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားရခြင်းမှာ အတက်/အဆင်း ယာဉ်များ စည်းကမ်းမဲ့စွာ ကျော်တက်ရာမှ လမ်းပိတ်ဆို့ခြင်း၊ မကျွမ်းကျင်သော ယာဉ်မောင်းများမောင်းနှင်ခြင်း၊ ယာဉ်ကြံ့ခိုင်မှုမရှိခြင်းတို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## ဒုတိယမြောက် လုပ်ခငွေအများဆုံး ကစားသမားဖြစ်လာရန် ဒီဂီယာ လိုလားနေ



မန်ယူအသင်းဂိုးသမား ဒေးဗစ်ဒီဂီယာသည် တစ်ပတ်လုပ်ခငွေ ပေါင် ၃၇၅၀၀၀ ဖြင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုရေးအတွက် မန်ယူအသင်းအား တောင်းဆိုသွားရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ရေးသား ဖော်ပြထားသည်။ စပိန်ဂိုးသမား ဒေးဗစ်ဒီဂီယာသည် ရီးရဲမက်ဒရစ်အသင်း၏ ပစ်မှတ်ထားခြင်းခံနေရသည့် ဂိုးသမားတစ်ဦးလည်းဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီဈေးကွက်ကာလအတွင်း အာဆင်နယ်အသင်းမှ မန်ယူသို့ ပြောင်းရွှေ့လာသူ တောင်ပံ တိုက်စစ်ကစားသမား အလက်ဆန်းချက်ဇ်သည် မန်ယူအသင်းတွင် တစ်ပတ် ပေါင် ၅၀၅၀၀၀ ရရှိနေခြင်းကြောင့် ဂိုးသမား ဒီဂီယာအနေဖြင့် သူ ၏ လုပ်ခငွေကို တိုးမြှင့်ပေးရန် လိုလားနေခြင်း ဖြစ်သည်။ အသက် (၂၇)နှစ် အရွယ်ရှိ ဂိုးသမားဒီဂီယာနှင့်မန်ယူအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ် သက်တမ်းမှာ ၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီအကုန်တွင် ပြီးဆုံးမည်ဖြစ်ပြီး လက်ရှိစာချုပ်အရ ဒီဂီယာသည် တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၂၀၀၀၀၀ ရရှိနေသူဖြစ်သည်။

မန်ယူအသင်းသည် ဂိုးသမား ဒီဂီယာနှင့် နှစ်ရှည်စာချုပ်သစ်တစ်ရပ် ချုပ်ဆိုသွားရန် စီစဉ်နေပြီး ဒီဂီယာအနေဖြင့် စာချုပ်သစ်အရ တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၃၀၀၀၀၀ ဝန်းကျင်ရရှိရန် ယခင်က လိုလားခဲ့သည်ဟုဆိုသည်။ သို့သော်လည်း မန်ယူအသင်းတာဝန်ရှိသူများက ဆန်းချက်ဇ်အား လုပ်ခငွေ အများအပြား ပေးချေရန် သဘောတူညီခဲ့မှုကြောင့် ဒီဂီယာအနေဖြင့် စာချုပ်သစ်ချုပ်ဆိုရာတွင် တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၃၇၅၀၀၀ ရရှိရန် လိုလားနေခြင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ဒီဂီယာအနေဖြင့် တစ်ပတ်လုပ်ခ ပေါင် ၃၇၅၀၀၀ ရရှိခဲ့ပါက မန်ယူအသင်း၏ ဒုတိယမြောက် လုပ်ခငွေအများဆုံး ရရှိသူဖြစ်လာမည် ဖြစ်သည်။

"မန်ယူအသင်းရဲ့လက်ရှိအခြေအနေက ဒီဂီယာနဲ့ သူ့ရဲ့ကိုယ်စားလှယ်တွေကို စာချုပ်သစ် ချုပ်ဆိုရေးနဲ့ ပတ်သက်ပြီး သတိပေးမှုတစ်ခုပြုလုပ်လိုက်သလိုပါပဲ၊ ဒီဂီယာက မန်ယူနဲ့ ချုပ်ဆို ဖြစ်နိုင်တဲ့ စာချုပ်သစ်ဟာ သူ့ရဲ့ကစားသမားဘဝအတွက် အရေးပါတဲ့ နောက်ဆုံးစာချုပ်တစ်ခုဖြစ်လာနိုင်တယ်ဆိုတာနဲ့ သူ့ကို ရီးရဲအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်ဆိုတာကို သိရှိနားလည်ထားပါတယ်"ဟု မန်ယူအသင်းအတွင်းလူတစ်ဦးက ပြောဆိုခဲ့သည်။ မန်ယူအသင်းအနေဖြင့် ဒီဂီယာနှင့် စာချုပ်သစ်ချုပ်ဆိုရေးအတွက် ယခု နှစ်ဘောလုံးရာသီမကုန်ဆုံးမီတွင် ဆွေးနွေးမှုများပြုလုပ်ပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ စာချုပ်သစ်အား လက်မှတ်ရေးထိုးနိုင်ရန် လိုလားနေသည်ဟု ဆိုသည်။

## ကမ္ဘာ့ဖလားပြိုင်ပွဲမှ စပိန်အသင်း ထုတ်ပယ်ခံရနိုင်သည့်အခြေအနေအတွက် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့




၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲမှ စပိန်လက်ရွေးစင်အသင်း ထုတ်ပယ်ခံရနိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ ဖြေရှင်းရန် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ) အထွေထွေအတွင်းရေးမှူး ဖက်မာဆာမိုယူရာသည် စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် စပိန်ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

စပိန်အာဏာပိုင်များသည် စပိန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲများအပေါ် ဝင်ရောက်စွက်ဖက်မှုများ ရှိနေခြင်းကြောင့် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းတွင် ဖီဖာက စပိန်ဘောလုံး အဖွဲ့ချုပ်အား လာမည့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲမှ စပိန်အသင်း ထုတ်ပယ်ခံရနိုင်ကြောင်း သတိပေးမှုပြုလုပ်ခဲ့သည်။ စပိန်ဘောလုံးအဖွဲ့ချုပ်ထံသို့ ဖီဖာမှ ပေးပို့ခဲ့သော သတိပေးစာတွင် ဘောလုံးအဖွဲ့ချုပ်၏ ကိစ္စရေးရာများကို အဖွဲ့ချုပ်ကိုယ်တိုင်သာ လွတ်လပ်စွာ လုပ်ဆောင်ရန် လိုအပ်ပြီး အစိုးရအပါအဝင် အခြားအဖွဲ့အစည်းများ၏ ဩဇာလွှမ်းမိုးမှုမရှိစေရန် လိုအပ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

စပိန်အစိုးရက ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် မေလအတွင်းတွင် ကျင်းပခဲ့သော စပိန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲ၌ မဲပေးရာတွင် မမှန်ကန်မှုများ ရှိခဲ့ခြင်းကြောင့် ဥက္ကဋ္ဌသစ် ရွေးကောက်ပွဲအသစ် ပြန်လည်ကျင်းပရန် စပိန်ဘောလုံးအဖွဲ့ချုပ်အား တိုက်တွန်းထားသည်။ ၂၀၁၇ ခုနှစ် မေလတွင် ကျင်းပခဲ့သော စပိန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရွေးကောက်ပွဲ၌ ၁၉၈၈ ခုနှစ်ကတည်းက စပိန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူလာခဲ့သူ အိန်ဂျယ်မာရီယာ ဗီလာက အနိုင်ရရှိခဲ့ပြီး ဥက္ကဋ္ဌတာဝန်အား ရှစ်ကြိမ်ဆက်အဖြစ် ၂၀၂၀ ပြည့်နှစ်အထိ တာဝန်ယူခွင့် ရရှိခဲ့သည်။ သို့သော်လည်း စပိန်ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဗီလာ (၆၇ နှစ်) သည် ရန်ပုံငွေများကို အလွဲသုံးစား ပြုလုပ်မှု၊ အကျင့်ပျက်ခြစားမှု၊ စာရင်းမမှန်မကန်ပြုလုပ်မှုများကြောင့် ၂၀၁၇ ခုနှစ် ဇူလိုင်လအစောပိုင်းတွင် ရာထူးမှ ထုတ်ပယ်ခံခဲ့ရကာ တရားရင်ဆိုင်ရန် စောင့်ဆိုင်းနေရသူဖြစ်သည်။ လက်ရှိအချိန်တွင် စပိန်ဘောလုံးအဖွဲ့ချုပ်၏ ယာယီဥက္ကဋ္ဌအဖြစ် ဂျူအန်လူးဝစ်လာရီယာက တာဝန်ယူလျက်ရှိသည်။

စပိန်ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖီဖာအထွေထွေအတွင်းရေးမှူး ဖက်မာဆာမိုယူရာတို့ တွေ့ဆုံဆွေးနွေးမှုသို့ စပိန်ပညာရေး၊ ယဉ်ကျေးမှုနှင့် အားကစားဝန်ကြီး အိုင်နီဂိုမန်ဒက်ဇ် ဒီဗီဂိုနှင့် စပိန်အားကစားကောင်စီဥက္ကဋ္ဌ ဟိုဆေးရာမန်လက်တီတို့လည်း တက်ရောက်ခဲ့ပြီး လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ဖြစ်နိုင်သမျှ အမြန်ဆုံး ဖြေရှင်းသွားရန် သဘောတူညီမှု ရရှိခဲ့သည်ဟုဆိုသည်။ ၂၀၁၀ ပြည့်နှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် စပိန်အသင်းသည် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပေါ်တူဂီ၊ မော်ရိုကို၊ အီရန်အသင်းတို့နှင့်အတူ အုပ်စု (B) တွင် ပါဝင်နေကာ ချန်ပီယံဖြစ်နိုင်သည်ဟု ထင်ကြေးပေးခံနေရသည့် အသင်းများအနက်မှ တစ်သင်းဖြစ်သည်။

## လာလီဂါပြိုင်ပွဲဥက္ကဋ္ဌ၏ ဝေဖန်မှုကြောင့် ဘာစီလိုနာခံစစ်မှူး ပီကေး ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေ

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အက်စ်ပန်ညိုအသင်းနှင့် ဘာစီလိုနာအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သော စပိန်လာလီဂါပွဲစဉ်၌ ဘာစီလိုနာအသင်းအတွက် အဖိုးတန် ချေပဂိုး သွင်းယူနိုင်ခဲ့သူ ဘာစီလိုနာခံစစ်မှူး ပီကေး၏ အောင်ပွဲခံပုံအား လာလီဂါပြိုင်ပွဲဥက္ကဋ္ဌ ဂျာဗီးယားတီဘာစ်က ဝေဖန်ပြောဆိုမှု ပြုလုပ်ခဲ့ပြီးနောက် ပီကေးသည် သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရနိုင်သည်ဟု သတင်းများ ထွက်ပေါ်လာသည်။

ဘာစီလိုနာအသင်းသည် ကာတာလိုနီးယားဒေသတွင်း ပြိုင်ဘက်ဖြစ်သည့် အက်စ်ပန်ညိုအသင်းအား ယခုနှစ် စပိန်ဘုရင့်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာစေခဲ့ပြီးနောက် ခံစစ်မှူး ပီကေးပြောဆိုခဲ့သည့် မှတ်ချက်စကားများသည် အက်စ်ပန်ညိုအသင်းပရိသတ်များအား အမျက်ဒေါသထွက်စေခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် အက်စ်ပန်ညိုအသင်းက အိမ်ကွင်း၌ ဘာစီလိုနာအသင်းအား လက်ခံကစားခဲ့သော စပိန်လာလီဂါပွဲစဉ်တွင် အိမ်ရှင်ပရိသတ်များသည် ခံစစ်မှူး ပီကေးအပေါ် လှောင်ပြောင်အော်ဟစ်မှုများ ပြုလုပ်ခဲ့သည်။

လာလီဂါပြိုင်ပွဲဥက္ကဋ္ဌ တီဘာစ်က "ပီကေးအနေနဲ့ ဒီလိုအပြုအမူမျိုးမလုပ်သင့်ပါဘူး၊ ဒီလိုအပြုအမူမျိုး ပြုလုပ်ခြင်းရဲ့ အကျိုးဆက်တွေကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရပြီးပါပြီ၊ ပီကေးအနေနဲ့ ဒါကိုလည်း သတိပြုမိမှာပါ၊ ပီကေ းဂိုးမသွင်းခင်မှာ ပရိသတ်တွေက သူ့ကို စော်ကားပြောဆိုတာမျိုးတွေ ကျွန်တော်တို့ မကြားခဲ့ရပါဘူး၊ ဂိုးသွင်းယူနိုင်တဲ့ အခိုက်အတန့်ဟာ တကယ့်ကို ကောင်းမွန်တဲ့အခိုက်အတန့်တစ်ခုပါ၊ ဒါပေမယ့် တစ်ဖက်သားရဲ့ စိတ်ကိုဆွပေးတဲ့ အပြုအမူမျိုးကတော့ ပရိသတ်တွေကို လက်တုံ့ပြန်တာမျိုးပါပဲ၊ ကစားသမားတွေ အနေနဲ့ ဒီလိုစော်ကားမှုမျိုးကို ရှောင်ကြဉ်သင့်ပါတယ်၊ ပီကေးရဲ့ အောင်ပွဲခံမှုပုံစံကြောင့် သူ့အပေါ် အရေးယူမှုတွေ ပြုမပြုဆိုတာကတော့ စပိန်ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီရဲ့အဆုံးအဖြတ်အပေါ် မူတည်ပါတယ်၊ ကျွန်တော်ကတော့ ဥပဒေစည်းမျဉ်းတွေအပေါ် စွက်ဖက်လိုမှုမရှိပါဘူး" ဟု ပြောဆိုခဲ့သည်။ ပီကေး၏ အပြုအမူအား အပြစ်ရှိသည်ဟု ဆုံးဖြတ်ခဲ့ပါက သုံးပွဲပယ် ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်သည်။

**ထက်အောင်**

# ကွန်တီရဲ့နေရာအတွက် ဘယ်သူဖြစ်နိုင်လဲ

● အောင်က



ချယ်လ်ဆီးအသင်း မန်နေဂျာကွန်တီဟာ ဝက်ဖို့ဒ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာတွေကြောင့် သူ့အနေနဲ့ ချယ်လ်ဆီးအသင်းမှာ ဆက်လက်ရှိနေရေးကတော့ သံသယဖြစ်စရာတွေ ထွက်ပေါ်လို့နေပါတယ်။ အသင်းပိုင်ရှင် အေဘရာမိုဗစ်ကိုယ်တိုင်ကလည်း ကွန်တီနဲ့ပတ်သက်ပြီး စိတ်သိပ် မရှည်တော့တဲ့ အခြေအနေတွေရှိနေတယ်လို့လည်း သတင်းတွေထွက်နေတယ်။ ကွန်တီအတွက်တော့ ဒီဇင်ဘာလနဲ့ ဇန်နဝါရီလက သူ့အတွက်တော့ အဆိုးရွားဆုံးလတွေလို့ ပြောနိုင်ပေမယ့် အဆိုးဆုံးလို့တော့ပြောလို့မရသေးပါဘူး။ ချယ်လ်ဆီးအသင်းဟာ အဆင့် ၄ နေရာမှာ ရှိနေပေမယ့် ဒုတိယနေရာမှာရှိနေတဲ့ မန်ယူအသင်းနဲ့ရမှတ် ကွာခြားမှုက ခြောက်မှတ်ပဲရှိတယ်။ ဒါကြောင့်လည်း ထိပ်ဆုံးလေးသင်းဝင်ရောက်ရေးကတော့ ချယ်လ်ဆီးအသင်းအတွက် ကောင်းကောင်းမျှော်မှန်းလို့ ရနိုင်တယ်။ ဒါပေမယ့် လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေထဲမှာတော့ ကွန်တီရဲ့နေရာဟာ မသေချာတော့ပါဘူး။ သူ့ရဲ့နေရာအတွက် ချယ်လ်ဆီးအသင်းဟာ အစားထိုးမယ့် မန်နေဂျာတွေကို စာရင်းလုပ်ထားခဲ့ပြီ။ ဒါကြောင့် လက်ရှိအချိန်မှာ ကွန်တီရဲ့နေရာနဲ့ပတ်သက်ပြီး အစားထိုးဖို့ သတင်းထွက်နေတဲ့ မန်နေဂျာတွေထဲမှာမှ အဖြစ်နိုင်ဆုံး မန်နေဂျာတွေကို ရွေးထုတ်ဖော်ပြလိုက်ပါတယ်။

### အန်ဆယ်လော့တီ

အန်ဆယ်လော့တီဟာ ချယ်လ်ဆီးအသင်းနဲ့ မစိမ်းတဲ့ မန်နေဂျာဖြစ်တယ်။ ၂၀၀၉-၁၀ ရာသီက ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်နဲ့ အက်ဖ်အေဖလားတို့ကို ရယူပေးခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအောင်မြင်မှုတွေဟာ သူ့ကို ချယ်လ်ဆီးအသင်းမှာ ဆက်လက်ရှိနေဖို့ မဆွဲထားနိုင်ခဲ့ပါဘူး။ အဲဒီနောက်ပိုင်းမှာတော့ သူဟာ ရီးရဲမက်ဒရစ်၊ ဘိုင်ယန်မြူးနစ်တို့လို ထိပ်တန်းအသင်းကြီးတွေကို ဆက်လက်ကိုင်တွယ်ခဲ့တဲ့သူ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးအသင်းအတွက် အသင့်တော်ဆုံးက အန်ဆယ်လော့တီကလွဲလို့ အခြားသူကတော့ သိပ်မရှိဘူးလို့ ပြောရမယ်။ သူဟာ ပြီးခဲ့တဲ့စက်တင်ဘာလက ဘိုင်ယန်မြူးနစ် အသင်းကနေ ထွက်ခွာလာခဲ့တာဖြစ်ပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေတဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် သူ့အနေနဲ့ မန်နေဂျာလောကမှာ ဆက်လက်ရှိနေဖို့ ဆန္ဒရှိနေတယ်လို့လည်း ပြောဆိုထားခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် အန်ဆယ်လော့တီဟာ ချန်ပီယံလိဂ် အတွေ့အကြုံကောင်း များစွာပိုင်ဆိုင်ထားတဲ့ ကမ္ဘာကျော် နည်းပြတစ်ဦးလည်း ဖြစ်ပါတယ်။ အဲဒီအချက်တွေကြောင့်လည်း ချယ်လ်ဆီးအသင်းက ခေါ်ယူချင်တဲ့ မန်နေဂျာထဲမှာတော့ အဓိက မန်နေဂျာတစ်ဦးအဖြစ်ပါဝင်နေတာ ဖြစ်ပါတယ်။

### အန်နရီကေး

အန်နရီကေးဟာ နည်းပြဘဝကို ဘာစီလိုနာလူငယ်အသင်းကိုစတင်ကိုင်တွယ်ပြီး ဝင်ရောက်ခဲ့သူ ဖြစ်ပါတယ်။ သူဟာ ရိုးမားအသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ကို ကိုင်တွယ်ခဲ့ပေမယ့် အောင်မြင်မှုမရရှိခဲ့ပါဘူး။ ဒါပေမယ့် ဘာစီလိုနာအသင်းကတော့သူ့အတွက် အောင်မြင်မှုတွေပွင့်ဖူးရာနေရာဖြစ်သလို ကမ္ဘာ့နည်းပြလောကဇာတ်ခုံပေါ်ကို တင်ပေးခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ ၂၀၁၄ ခုနှစ်ကနေစတင်ပြီး ဘာစီလိုနာအသင်းကို စတင်ကိုင်တွယ်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ ဘာစီလိုနာအသင်းကို စတင်ကိုင်တွယ်ခဲ့တဲ့ ရာသီမှာပဲ စပိန်လာလီဂါဆုဖလားကိုရယူပေးနိုင်ခဲ့သလို ချန်ပီယံလိဂ်ဆုဖလားကိုလည်း ရယူပေးခဲ့သူ ဖြစ်ပါတယ်။ ဒါ့အပြင် အသင်းအတွက် ကမ္ဘာ့ကလပ်ချန်ပီယံများဖလားကို ထပ်မံရယူပေးခဲ့ပါတယ်။ သူဟာဘာစီလိုနာအသင်းကို ကိုင်တွယ်ခဲ့တဲ့ ၂၀၁၄ခုနှစ်ကနေ ၂၀၁၇ခုနှစ်အတွင်း ဆုဖလားပေါင်း ကိုးလုံးရယူပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် မတ်လ ၁ ရက်နေ့မှာ အန်နရီကေးဟာ ရာသီကုန်မှာတော့ အသင်းကနေထွက်ခွာမှာ ဖြစ်တယ်လို့ကြေညာခဲ့ပါတယ်။ သူဟာ အသင်းကနေထွက်ခွာခဲ့စဉ်ကတည်းက ကလပ်အသင်းလက်မဲ့ဖြစ်နေပြီး အသင်းသစ် မရှာဖွေသေးတဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။ သူ့အနေနဲ့ ချယ်လ်ဆီးလိုအသင်းကသာကမ်းလှမ်းခဲ့မယ်ဆိုရင် ငြင်းပယ်ဖို့မရှိတဲ့ နည်းပြတစ်ဦး ဖြစ်ပါတယ်။

### အယ်လီဂရီ

အယ်လီဂရီဟာ ဂျူဗင်တပ်စ်အသင်းမှာတော့ ကွန်တီရဲ့နေရာကို ဆက်ခံခဲ့ပြီး အောင်မြင်မှုတွေရရှိအောင် ရယူပေးထားနိုင်တဲ့သူဖြစ်ပါတယ်။ အယ်လီဂရီဟာ ဂျူဗင်တပ်စ်အသင်းကို ကိုင်တွယ်ခဲ့ပြီးတဲ့နောက်မှာတော့ ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်တွေမှာ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအထိ ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းဆုဖလားဖြစ်တဲ့ စီးရီးအေဆုဖလားကိုလည်း သုံးနှစ်ဆက်တိုက် ရယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းကနေ ပီယာလို၊ တီဗက်ဇ်၊ ပေါ့ဂ်ဘာတို့လိုထိပ်တန်းကစားသမားတွေ ထွက်ခွာသွားခဲ့ပေမယ့် အယ်လီဂရီဟာအသင်းအတွက် အကောင်းဆုံးအစားထိုးပြီး အောင်မြင်မှုရရှိအောင်ရယူပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း သူဟာ ဂျူဗင်တပ်စ်အသင်းကို အောင်မြင်မှုတွေ ဖန်တီးပေးနိုင်ခဲ့သူ ဖြစ်တယ်။ သူဟာ အီတလီ ဘောလုံး လောကကို အကောင်းဆုံး ဦးဆောင်နိုင်သူ တစ်ဦးဆိုတာ မမှားဘူးလို့ပြောရမှာပါ။ သူ့အနေနဲ့ သာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ချင်တယ်ဆိုရင်တော့ ကမ္ဘာ့အကောင်းဆုံးနည်းပြတွေစုဝေးရာ ပရီမီယာလိဂ်ကို လာရောက်ရမှာလည်း ဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ ကမ္ဘာ့အကောင်းဆုံးနည်းပြတွေဖြစ်တဲ့ ဂွါဒီယိုလာ၊ ဂျာဂျင်ကလော့၊ မော်ရင်ညိုနဲ့ ပိုချက်တီနိုတို့လည်း ရှိနေပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းကနေ ခေါ်ယူခဲ့မယ်ဆိုရင်တော့ အယ်လီဂရီအနေနဲ့ သူ့ရဲ့ အရည်အချင်းတွေကို ပြသနိုင်ဖို့ ပရီမီယာလိဂ်ဟာ အကောင်းဆုံးနေရာဖြစ်လာမှာ ဖြစ်ပါတယ်။ ။

**ချယ်လ်ဆီးအသင်းဟာ အဆင့် ၄ နေရာမှာ ရှိနေပေမယ့် ဒုတိယ နေရာမှာရှိနေတဲ့ မန်ယူအသင်းနဲ့ရမှတ် ကွာခြားမှုက ခြောက်မှတ်ပဲရှိတယ်။ ဒါကြောင့်လည်း ထိပ်ဆုံးလေးသင်းဝင်ရောက်ရေးကတော့ ချယ်လ်ဆီးအသင်းအတွက် ကောင်းကောင်းမျှော်မှန်းလို့ ရနိုင်တယ်။ ဒါပေမယ့် လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေထဲမှာတော့ ကွန်တီရဲ့နေရာဟာ မသေချာတော့ပါဘူး။**

## ပရီမီယာလိဂ်ပွဲစဉ် (၂၇)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၁၀-၂-၁၈ |
| စပါး | - | အာဆင်နယ် | ည ၇း၀၀ |
| အဲဗာတန် | - | ပဲလေ့စ် | ည ၉း၃၀ |
| စတုတ် | - | ဘရိုက်တန် | ည ၉း၃၀ |
| ဆွမ်ဆီး | - | ဘန်လေ | ည ၉း၃၀ |
| ဝက်စ်ဟမ်း | - | ဝက်ဖို့ဒ် | ည ၉း၃၀ |
| မန်စီးတီး | - | လက်စတာ | နံနက် ၀၀း၀၀ |
| တနင်္ဂနွေနေ့ | | | ၁၁-၂-၁၈ |
| ဟတ်ဒါဖီးလ် | - | ဘုန်းမောက် | ည ၆း၃၀ |
| နယူးကာဆယ် | - | မန်ယူ | ည ၈း၄၅ |
| ဆောက်သမ်တန် | - | လီဗာပူး | ည ၁၁း၀၀ |
| တနင်္လာနေ့ | | | ၁၂-၂-၁၈ |
| ချယ်လ်ဆီး | - | ဝက်စ်ဘရွန်း | နံနက် ၂း၃၀ |

## စပိန်လာလီဂါပွဲစဉ် (၂၃)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၉-၂-၁၈ |
| ဘီလ်ဘို | - | လက်ပဲလ်မက်စ် | နံနက် ၂း၃၀ |
| စနေနေ့ | | | ၁၀-၂-၁၈ |
| ဗီလာရီးရဲ | - | အလာဗက်စ် | ည ၆း၃၀ |
| မာလာဂါ | - | အက်သလက် | ည ၉း၄၅ |
| လီဂါနက်စ် | - | အီဘာ | နံနက် ၀၀း၀၀ |
| ရီးရဲ | - | ဆိုစီဒက်စ် | နံနက် ၂း၁၅ |
| တနင်္ဂနွေနေ့ | | | ၁၁-၂-၁၈ |
| ဆီဗီလာ | - | ဂျီရိုနာ | ည ၅း၃၀ |
| ဘာစီလိုနာ | - | ဂီတာဖေး | ည ၉း၄၅ |
| ဆဲလ်တာဗီဂို | - | အက်စ်ပန်ညို | နံနက် ၀၀း၀၀ |
| ဗလန်စီယာ | - | လီဗန်တေး | နံနက် ၂း၁၅ |
| တနင်္လာနေ့ | | | ၁၂-၂-၁၈ |
| ဒီပို့တီဗို | - | ဘက်တစ် | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၅)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၉-၂-၁၈ |
| စိန့်အက်တီယန် | - | မာဆေး | နံနက် ၂း၁၅ |
| စနေနေ့ | | | ၁၀-၂-၁၈ |
| တူးလောက်စ် | - | ပီအက်စ်ဂျီ | ည ၁၀း၃၀ |
| အန်ဂျာစ် | - | မိုနာကို | နံနက် ၁း၃၀ |
| ဘော်ဒိုး | - | အာမီယန် | နံနက် ၁း၃၀ |
| ဒီဂျွန် | - | နိုက်စ် | နံနက် ၁း၃၀ |
| ဂူအင်ဂမ့် | - | ကိန်း | နံနက် ၁း၃၀ |
| မက်ဇ် | - | မောင့်ပယ်လီယာ | နံနက် ၁း၃၀ |
| တနင်္ဂနွေနေ့ | | | ၁၁-၂-၁၈ |
| စထရက်ဘော့ချ် | - | ထရွိုင်းယတ်စ် | ည ၈း၃၀ |
| နန့်စ် | - | လိုင်လီ | ည ၁၀း၃၀ |
| လိုင်ယွန် | - | ရိန်းစ် | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ် (၂၄)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၁၀-၂-၁၈ |
| SPAL | - | မီလန် | ည ၈း၃၀ |
| ခရိုတိုနီ | - | အတ္တလန်တာ | ည ၁၁း၃၀ |
| နာပိုလီ | - | လာဇီယို | နံနက် ၂း၁၅ |
| တနင်္ဂနွေနေ့ | | | ၁၁-၂-၁၈ |
| ဆက်ဆူအိုလို | - | ကယ်ဂလီယာရီ | ည ၆း၀၀ |
| အင်တာ | - | ဘိုလော့ဂ်နာ | ည ၈း၃၀ |
| ချီယေဗို | - | ဂျီနိုအာ | ည ၈း၃၀ |
| ဆမ်ဒိုးရီးယား | - | ဗီရိုနာ | ည ၈း၃၀ |
| တိုရီနို | - | အူဒီးနိစ် | ည ၈း၃၀ |
| ရိုးမား | - | ဘီနီဗန်တို | နံနက် ၂း၁၅ |

CHAMPIONS LEAGUE

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့်

| | | | |
|---|---|---|---|
| အင်္ဂါနေ့ | | | ၁၃-၂-၁၈ |
| ဂျူဗင်တပ်စ် | - | စပါး | နံနက် ၂း၁၅ |
| ဘေဆယ် | - | မန်စီးတီး | နံနက် ၂း၁၅ |
| ဗုဒ္ဓဟူးနေ့ | | | ၁၄-၂-၁၈ |
| ပေါ်တို | - | လီဗာပူး | နံနက် ၂း၁၅ |
| ရီးရဲ | - | ပီအက်စ်ဂျီ | နံနက် ၂း၁၅ |

ပရီမီယာလိဂ်ပွဲစဉ် ၂၇ကို ဖေဖော်ဝါရီလ ၁၀၊ ၁၁၊ ၁၂ရက်နေ့တွေမှာ ကျင်းပဖို့ရှိနေကာ အဲဗာတန်ကို ငါးဂိုး-တစ်ဂိုးနဲ့အနိုင်ရခဲ့တဲ့ အာဆင်နယ်က စပါးကွင်းမှာကစားရမှာဖြစ်လို့ အာဆင်နယ်ခြေစွမ်းအမှန်တကယ် ကောင်းမွန်မှုရှိသလားဆိုတာကို စောင့်ကြည့်ရမယ့်ပွဲစဉ်ဖြစ်နေကာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာ ဆောက်သမ်တန်၊ ကာဆယ်တို့နဲ့ရင်ဆိုင်ရမယ့် လီဗာပူး၊ မန်ယူတို့လည်း အခက်အခဲနဲ့ ရင်ဆိုင်ရနိုင်တယ်။





## စပါး VS အာဆင်နယ်

စနေနေ့ : ၁၀-၂-၁၈ : ည ၇း၀၀

အာဆင်နယ် ၂ - ၀ စပါး

စပါးခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် ပွဲဆက်တွေများနေသလို ဒီပွဲအပြီးမှာ ဂျူဗင်တပ်စ်နဲ့ ချန်ပီယံလိဂ်အဝေးကွင်းပွဲကစားရဖို့ရှိနေတယ်။ ဒီပွဲမတိုင်ခင်မှာလည်း စပါးဟာ အက်ဖ်အေဖလား ပြန်ကန်ပွဲကစားခဲ့ရလို့ ပွဲပန်းနိုင်တယ်။ စပါးတို့ အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း အာဆင်နယ်ခြေက ကောင်းမွန်နေတယ်။ ဒါပေမယ့် အာဆင်နယ်ကလည်း ယူရိုပါလိဂ်ကစားရဖို့ရှိနေလို့ ခြေကုန်ထုတ်နိုင်ဖို့ခက်မယ်။ အပြန်အလှန်ဂိုးတွေနဲ့ သရေကျမယ်။

## စတုတ် vs ဘရိုက်တန်

ပကျော့ ဘရိုက်တန် ၂ ၂ စတုတ်

ဘရိုက်တန်ခြေစွမ်းမဆိုးပေမယ့် အဝေးကွင်းမှာခံစစ်ရေး၊ တိုက်စစ်ပါအားနည်းတတ်ပါတယ်။ စတုတ်ကနှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ စတုတ်တိုက်စစ်ကလည်း ဂိုးသွင်းခြေမတည်ငြိမ်ပေမယ့် အိမ်ကွင်းမှာအသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်လေ့ရှိပါတယ်။ ဒီလိုပွဲမျိုးမှာ နိုင်ပွဲရဖို့လိုနေတာကြောင့်လည်း စတုတ်အားစိုက်မှာ ဖြစ်သလို နိုင်ပွဲလည်း ကပ်ရမယ်။

## မန်စီးတီး vs လက်စတာ

ပကျော့ လက်စတာ ၀ ၂ မန်စီးတီး

ဘန်လေနဲ့ သရေကျခဲ့တာကြောင့် မန်စီးတီးတို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာပါ။ ဒါပေမယ့် ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် မန်စီးတီးခြေကုန်ထုတ်နိုင်ဖို့တော့ ခက်မယ်။ လက်စတာကလည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်လို့ မန်စီးတီးအနေနဲ့အနည်းငယ် ရုန်းကန်ရနိုင်ပါတယ်။ မန်စီးတီးတိုက်စစ်ကောင်းမွန်နေသလို အိမ်ကွင်းလည်း ဖြစ်ပေမယ့် ဂိုးများများနဲ့ နိုင်ဖို့တော့ခက်မယ်။

## ဆောက်သမ်တန် vs လီဗာပူး

ပကျော့ လီဗာပူး ၃ ၀ ဆောက်သမ်တန်

လီဗာပူးတို့ စပါးကို သရေသာကစားနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့် လီဗာပူးဟာ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေလို့ ခြေကုန်ထုတ်နိုင်ဖို့ခက်နေသလို ဆောက်သမ်တန်ရဲ့အိမ်ကွင်းမှာဆိုရင် လီဗာပူး ကစားရခက်လေ့ရှိပါတယ်။ ဆောက်သမ်တန်ကလည်း အိမ်ကွင်းမှာအားစိုက်ကစားမှာဖြစ်တာကြောင့် လီဗာပူးနိုင်မယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

## အဲဗာတန် vs ပဲလေ့စ်

ပကျော့ ပဲလေ့စ် ၂ ၂ အဲဗာတန်

အဲဗာတန်အိမ်ကွင်း နောက်ဆုံးပွဲမှာခြေစွမ်းပိုင်းကောင်းခဲ့ပြီး လက်စတာကိုတောင်အနိုင်ရခဲ့တယ်။ ဒါပေမယ့် တန်းမဆင်းရဖို့အားစိုက်နေတဲ့ ပဲလေ့စ်ခြေစွမ်းက ကောင်းမွန်နေပါတယ်။ ဒါပေမယ့် ပဲလေ့စ်အနေနဲ့ အခုနောက်ပိုင်းပွဲတွေမှာ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေကျဆင်းနေတာကို တွေ့ရတယ်။ ဒါကြောင့် ဒီပွဲမှာ အဲဗာတန်တို့ တိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင် ပဲလေ့စ်ကို ထိန်းချုပ်နိုင်မှာပါ။ အဲဗာတန်တို့ အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရယူသွားနိုင်မှာပါ။

## ကာဆယ် vs မန်ယူ

ပကျော့ မန်ယူ ၄ ၁ ကာဆယ်

မန်ယူတို့ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲ မကစားရသေးပါဘူး။ ဒါကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေတယ်။ ဒါပေမယ့် မန်ယူမှာ ဆန်းချက်ဇ်ထင်သလောက်အထိုင်မကျသေးတာကြောင့် တိုက်စစ်ပိုင်းက ဂိုးရယူနိုင်ဖို့ ရုန်းကန်နေရတယ်။ ဒါ့အပြင် ကာဆယ်ရဲ့ ခံစစ်ကစားပုံကလည်း ကောင်းမွန်မှုရှိသလို အိမ်ကွင်းပွဲစဉ်တွေမှာ ကာဆယ်ရဲ့ ရုန်းအားကလည်း ပိုမိုကောင်းမွန်တယ်။ မန်ယူကပ်ပြီးပဲ နိုင်မယ်။

## ဆွမ်ဆီး vs ဘန်လေ

ပကျော့ ဘန်လေ ၂ ၀ ဆွမ်ဆီး

တန်းမဆင်းရဖို့ရုန်းနေတဲ့ ဆွမ်ဆီးခြေက တိုးတက်မှုတွေရှိလာတယ်။ လက်စတာကို သရေကစားနိုင်ခဲ့သလိုအိမ်ကွင်းနောက်ဆုံးနှစ်ပွဲမှာလည်း အာဆင်နယ်ကိုရော လီဗာပူးကိုပါ အနိုင်ရယူနိုင်ခဲ့တယ်။ ဒီပွဲကလည်း အိမ်ကွင်းပွဲဖြစ်နေလို့ အမှတ်လိုနေတဲ့ဆွမ်ဆီးတို့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါပေမယ့် ဘန်လေရဲ့ခြေကလည်း ကောင်းမွန်နေကာ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခံစစ်ပိုင်းကတည်ငြိမ်မှုရှိတယ်။ ဒါကြောင့်လည်း သွင်းဂိုးနည်းနိုင်ပြီး ဆွမ်ဆီး အနိုင်ရမယ်ဆိုရင်တောင် ဂိုးမပြတ်နိုင်ဘူး။

## ဝက်စ်ဟမ်း vs ဝက်ဖို့ဒ်

ပကျော့ ဝက်ဖို့ဒ် ၂ ၀ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းအနေနဲ့ သုံးပွဲဆက်အနိုင်မရခဲ့တာကြောင့် ဒီအိမ်ကွင်းပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဝက်စ်ဟမ်းတိုက်စစ်ကလည်း ဂိုးသွင်းခြေ မဆိုးဘူး။ ဝက်ဖို့ဒ်ကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပြီး ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုအားနည်းနေတာကို တွေ့ရပါတယ်။ ဒါကြောင်းလည်း အိမ်ကွင်းပွဲဖြစ်လို့ ဝက်စ်ဟမ်းတို့ တိုက်စစ်ဖွင့်ကစားလာရင် ဝက်ဖို့ဒ်ကို အနိုင်ရသွားနိုင်ပါတယ်။

## ဟက်ဒါဖီးလ် vs ဘုန်းမောက်

ပကျော့ ဘုန်းမောက် ၄ ၀ ဟက်ဒါဖီးလ်

ဘုန်းမောက်ခြေက အတော်လေးကောင်းနေတယ်။ နောက်ဆုံး ငါးပွဲဆက်မရှုံးခဲ့ဘူး။ အဝေးကွင်းနောက်ဆုံးပွဲမှာဆိုရင်လည်း ချယ်လ်ဆီးကိုတောင် အနိုင်ကစားနိုင်ခဲ့တယ်။ ဒါပေမယ့် ဟက်ဒါဖီးလ်က တန်းဆင်းဇုန်ထဲရောက်သွားလို့ နိုင်ပွဲရယူနိုင်ရေးအိမ်ကွင်း၌ အားစိုက်ကစားလာမှာကို သတိပြုရမှာဖြစ်သလို အိမ်ကွင်းမှာ ဟက်ဒါဖီးလ်ခြေကလည်း ပိုမိုကောင်းတတ်တယ်။ သရေကျဖို့များတဲ့ပွဲပါ။

## ချယ်လ်ဆီး vs ဝက်စ်ဘရွန်း

ပကျော့ ဝက်စ်ဘရွန်း ၀ ၄ ချဲလ်ဆီး

ချယ်လ်ဆီးအနေနဲ့ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့မရှိသေးတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် ဝက်စ်ဘရွန်းကလည်း တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းက အားနည်းမှုတွေများနေကာ ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းနိုင်ပွဲ ပြန်ရဖို့အတွက် အားစိုက်လာမယ့် ချယ်လ်ဆီးကသာ နိုင်ပွဲရမယ်။

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၀၇)

# ဥပဒေသုတေသန မှတ်စုများ

**ဦးဟန်ညွန့် (ဥပဒေ)**






**စာအုပ်စင်သို့**

အိမ်တွင်းဥပဒေစာအုပ်စင်သို့ စာအုပ်တစ်အုပ်ရောက်ရှိသည်။ အလုပ်များနေ၍ ချက်ချင်း မဖတ်ဖြစ်။ ဒီနေ့တော့ ရုံးပိတ်ရက်မို့ အချိန်ရသမျှ ဖတ်ကြည့်ရသည်။ ရေးသူ **ဦးသန်းမောင် (စစ်တွေ)**။ စာအုပ်အမည်က **"ဥပဒေသုတေသန မှတ်စုများ"** ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် Notes of Legal Research; U Than Maung (Sittwe) ဖြစ်သည်။ wisdom House စာအုပ်တိုက်က ၂၀၁၇ နိုဝင်ဘာလတွင် ထုတ်ဝေသည်။

**မာတိကာ**

စာရေးသူ၏ အမှာစာ၊ ပြစ်မှုဆိုင်ရာ ဥပဒေမာတိကာ အညွှန်း၊ မြန်မာနိုင်ငံ၏ ခေတ်အလိုက် ပြဋ္ဌာန်းခဲ့သော ဥပဒေများ၊ မြန်မာနိုင်ငံ စီရင်ထုံးများ နောက်ခံသမိုင်း၊ The Code of Criminal Procedure ၏ ပုံနှိပ်အမှားတချို့၊ ရာဇသတ်ကြီးဥပဒေမှ နာကျင်စေမှု၊ လူသေစေမှုတို့နှင့် ပတ်သက်သော ပုဒ်မများ၏ ဆက်နွှယ်မှု၊ ဥပဒေရေးရာ အရေးအသား သတိပြုရန်များ၊ ဒီမင်းသမီးတွေထောင် မကျသင့်ပါ။ အဖေက သားကို တရားစီရင်နိုင်သလား။ အောဘီစီဒီအရှည်ကြီးနဲ့ ပုဂ္ဂိုလ်တွေ၊ မြန်မာနိုင်ငံ တရားဥပဒေသမိုင်း၏ နေ့စွဲမှတ်စုများ၊ မြန်မာပြည်၏ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေနှင့် အမိန့်များ ဖော်ပြပါရှိသည်။

**စာရေးသူ၏ အမှာစာ**

စာရေးသူ ဦးသန်းမောင် (စစ်တွေ) သည် အဘိုး ဦးမောင်သာဇံ (စက်ရှင်တရားသူကြီး-ငြိမ်း) ၏ ဥပဒေလေ့လာပုံ၊ မှတ်စုထုတ်ပုံ၊ အချက်အလက်စုဆောင်းပုံတို့ကို နည်းနာရခဲ့သူဖြစ်သည်။

"စာအုပ်တစ်အုပ်ကို ကြည့်လိုက်တာနဲ့ ဒီစာအုပ်ရဲ့ပိုင်ရှင် စာတကယ်ဖတ်၊ မဖတ်သိသာတယ်။ မှန်ဗီရိုထဲမှာ ညီညီညာညာရှိုးပြ အလှထားရုံသက်သက် ရေးခြစ်မှတ်သားထားတာတောင် မရှိဘူးဆိုရင် အဲဒီစာအုပ်တွေလည်း အလကားပဲ။ စာအုပ်ပိုင်ရှင်လည်း အလကားပဲ" တဲ့။

ဦးသန်းမောင်၏ အဘိုးပြောပြချက်မှာ လေးနက်သည်။ စွဲမက်ဖွယ်ဖြစ်သည်။ ဥပဒေသမားများ "စံ" ထားအပ်သည်။ ဦးသန်းမောင်ကိုယ်တိုင် ဥပဒေသုတေသနပြုခဲ့ခြင်း၊ ဇယားနှင့် မှတ်သားခြင်း၊ နှိုင်းယှဉ်လေ့လာခြင်း၊ စာအုပ်စာတမ်းများကို ရှာဖွေ တိုက်ဆိုင်ခြင်းအလေ့အကျင့်များ ကြိုးစားလုပ်ကိုင်ခဲ့ပုံ သိရ၊ မှတ်ရသည်။ ဤစာအုပ်က သက်သေခံနေသည်။

**အတိုကောက်ရေးသားခြင်း (ABBREVIATIONS)**

ဦးသန်းမောင်က ၎င်း၏စာအုပ်ကို အောက်ပါမာတိကာ အညွှန်း(အတိုကောက်ရေးပုံ) ဖြင့် မိတ်ဆက်တင်ပြသည်။

| | | |
|---|---|---|
| AGO | - | Attorney gemeral Office, Direction of |
| BCM | - | Bruma Court Manual |
| BPM | - | Burma Police Manual |
| BLR | - | Burma Law Report |
| CPC | - | Civil Procedure Code |
| CPJ | - | Council of People's Justices, order of |
| Crp.c | - | Criminal Procedure Code |
| EV | - | Evidence Act |
| ICL | - | Interpretation of Clauses Law |
| JL 2000 | - | Judicial Law 2000 |
| LoM | - | Law Office Manual |
| Pc | - | Penal Code |
| O | - | Order of CPC |
| R | - | Rule of CPC |
| SC (H.C) Dir | - | Supreme Court (High Court) Direction |
| U Mya | - | သောင်းပြောင်းတွေလာ ဥပဒေ (Miscellaneous Legal Topics) by U Mya [ပုံစံနမူနာ ဖြစ်ပါသည် ] |

**ပြဋ္ဌာန်းခဲ့သောဥပဒေများ**

မြန်မာနိုင်ငံ၏ ခေတ်အလိုက်ပြဋ္ဌာန်းခဲ့သော ဥပဒေများကဏ္ဍတွင် Myanmar Code အတွဲ ၁၃ တွဲမှဥပဒေများ၊ အတွဲ ၁၃ တွဲတွင် မပါသောဥပဒေများ၊ မူလရုပ်သိမ်းတည်ဆဲဥပဒေဇယားများ ဖော်ပြထားသည်။ ၂၀၁၇ ဩဂုတ်လအထိ ဖြစ်ပါသည်။ ခေတ်အလိုက် ပြဋ္ဌာန်း၊ ရုပ်သိမ်း၊ ပယ်ဖျက်၊ လက်ကျန်၊ မူရင်း၊ ပြင်ဆင်ချက်ခေါင်းစဉ်များဖြင့် ရှင်းလင်းထားသည်။ ပြည်ထောင်စုလွှတ်တော်ခေတ်အထိ စာရင်းချုပ်လည်းပါသည်။

**စီရင်ထုံးများသမိုင်း**

မြန်မာနိုင်ငံစီရင်ထုံးများ နောက်ခံသမိုင်းကဏ္ဍတွင် အငြိမ်းစား စက်ရှင်တရားသူကြီးနှင့် တရားရုံးချုပ်ရှေ့နေကြီး ဦးမောင်သာဇံ (စစ်တွေမြို့) ပြုစုရေးဆွဲထားသော "တရားရုံးနှင့် စီရင်ထုံးများသမိုင်း" (History of courts & Rulings in chronology) and Digest charts ကို အဘိုး၏ ခွင့်ပြုချက်ဖြင့် ဦးသန်းမောင်က ဖော်ပြပေးသည်။ **(စာ-၄၇)**။ ရှားပါးသောလေ့လာချက်ဖြစ်၍ တန်ဖိုးကြီးလှသည်။

**ပုံနှိပ်အမှားတချို့**

ရှေ့နေချုပ်ရုံး ဥပဒေဂျာနယ် အတွဲ (၁)၊ အမှတ် (၂) တွင် ဖော်ပြခဲ့ပြီးသော ဆောင်းပါးဖြစ်သော်လည်း ယခုစာအုပ်တွင် The Code of criminal Procedure ၏ပုံနှိပ်အမှားတချို့ကို ထပ်မံဖော်ပြထားသည်။ ဘယ်အချိန်ပြန်ဖတ်ဖတ် မှတ်သားအပ်သော ပြင်ဆင်သင့်သော အမှားများဖြစ်ပါသည်။ အမှားပြင်မှ အမှန်ရမည်ပင်။

**အရေးအသားသတိပြုရန်များ**

ဥပဒေရေးရာ အရေးအသားသတိပြုရန်များကဏ္ဍတွင်-

ဥပမာ- ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂ လူသတ်မှုဆိုရာ၌ ကွင်းတပ်ပြီး ပုဒ်မ(၃၀၂)ဟု ရေး၍ မရပါချေ။ "ထို့ပြင်၊ ပုဒ်မ ၃၀၂ ၌ပင် ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က)(ခ)(ဂ)နှင့် ပုဒ်မခွဲ (၂) ဟူ၍ ကွဲပြားစွာ ရှိပြန်ပါသည်။ ပြဋ္ဌာန်းချက်များ ကွဲပြားသလို ပြစ်ဒဏ်ချင်းလည်း မတူပါချေ။"

ဟု သတိပြုစရာ ထောက်ပြထားသည်။ **(စာ-၇၅)**

**ရိုးရိုးကကြီးနှင့် ကွင်းစကွင်းပိတ်ကကြီး**

အလွန်မှားလေ့မှားထရှိသော ပုဒ်မတစ်မျိုးမှာ ရာဇသတ်ကြီးဥပဒေမှ ပုဒ်မ ၃၀၄-က (အရမ်း သို့မဟုတ် ပေါ့လျော့ခြင်းဖြင့် လူသေစေမှု) ဖြစ်ပေသည်။ ယင်းပုဒ်မသည် ယာဉ်တိုက်မှုကြောင့် လူသေခြင်း၊ မတော်တဆပြစ်မှုတစ်ခုခုကြောင့် လူသေခြင်းတို့တွင် ပြစ်ဒဏ်ချမှတ်သော ပုဒ်မဖြစ်ပေရာ သတင်းစာ ဂျာနယ်တို့တွင် အတွေ့ရဆုံးပြစ်မှုပုဒ်မမျိုးဖြစ်ကြောင်း၊ ယင်းကို "၃၀၄ (က)" ဟု မကြာခဏ မှားယွင်းဖော်ပြလေ့ရှိကြောင်း **(စာ-၇၅)** တွင် သတိပေးထားသည်။

ဦးသန်းမောင် (စစ်တွေ) ၏ သတိပေးချက်မှာ အထူးသတိပြုစရာဖြစ်ပါ၍ မမှားသင့် မမှားထိုက်ကြောင်း ထပ်လောင်း တင်ပြအပ်ပါသည်။ အခြားစိတ်ဝင်စားဖွယ်ရာများလည်း ဖော်ပြထားရာ အဆိုပါစာအုပ်ကို ရှာဖွေလေ့လာကြစေလိုပါသည်။

**အဖေကသားကို**

"အဖေကသားကို တရားစီရင်နိုင်သလား" ဆောင်းပါးတွင် ကိုယ့်တရားကို ကိုယ်မစီရင်ရ၊ မိမိကိုယ်တိုင်အမှုသည်အဖြစ်ပါဝင်သော သို့မဟုတ် အကျိုးပတ်သက်သော အမှုတစ်စုံတစ်ရာကို စစ်ဆေးစီရင်ခြင်း၊ စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ခြင်း မပြုလုပ်ရဟု ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၅၆ တွင် ပြဋ္ဌာန်းထားပုံကိုလည်း ရှင်းလင်းတင်ပြထားပါသည်။ ရုံးပြောင်း အခွင့်အရေးနှင့် အမြင်ကြည်လင်ဖို့ လိုအပ်ပုံလည်း ဖော်ပြထားပါသည်။

**အခြားဆောင်းပါးမှတ်သားစရာများ**

အောဘီစီဒီအရှည်ကြီးနဲ့ ပုဂ္ဂိုလ်တွေ မြန်မာနိုင်ငံ တရားဥပဒေသမိုင်း၏ နေ့စွဲမှတ်စုများ၊ မြန်မာပြည်၏ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေနှင့် အမိန့်များ (Amnesties of Myanmar) ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လေ့လာဖတ်ရှုနိုင်ပါသေးသည်။

**Notes**

Notes of Legal Research အဖြစ်-

1. Where to find Myanmar Laws?
2. Counting Myanmar Acts and Laws
3. Development of Myanmar Private International Law
4. Judiciary and courts of Myanmar, Update
5. Time Essence of Contract စသည့်ဆောင်းပါးငါးပုဒ်ကို အင်္ဂလိပ်ဘာသာကဏ္ဍ (English section) တွင် ဖော်ပြထားသည်။ မြန်မာ၊ အင်္ဂလိပ်ဆက်စပ်ယှဉ်တွဲ လေ့လာဖတ်ရှုနိုင်ပါသေးသည်။

**ဓားသွေးသလို**

နိုင်ငံတကာရှေ့နေများနှင့် တန်းတူရည်တူ ဆွေးနွေးပြောဆိုနိုင်ဖို့ မိမိ၏အသိပညာ၊ အတတ်ပညာကို ဓားသွေးသလို အမြဲ သွေးနေပြီး ကြိုတင်ပြင်ဆင်မှု အတတ်နိုင်ဆုံး လုပ်ဆောင်ထားမှ ဖြစ်နိုင်ကြောင်းဖြင့် ဦးသန်းမောင် (စစ်တွေ) က အသိပေးထောက်ပြထားပါသည်။

**စေတနာ**

(၁) တရားဥပဒေလောကတွင် ထက်မြက်ဖို့ သွက်လက်ဖို့ ဥပဒေသုတေသန (ဓား)တွေသွေးဖို့ အမှန်တကယ် လိုအပ်နေချေပြီ။

(၂) ဦးသန်းမောင်(စစ်တွေ)၏ "ဥပဒေသုတေသန မှတ်စုများ" စာအုပ်က ညွှန်ပြဝေငှသည့် ကျွန်တော်တို့ဥပဒေသမားများအတွက် တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ။ ။

> **"စာအုပ်တစ်အုပ်ကို ကြည့်လိုက်တာနဲ့ ဒီစာအုပ်ရဲ့ပိုင်ရှင် စာတကယ်ဖတ်၊ မဖတ် သိသာတယ်၊ မှန်ဗီရိုထဲမှာ ညီညီညာညာ ရှိုးပြအလှထားရုံသက်သက် ရေးခြစ်မှတ်သား ထားတာတောင် မရှိဘူးဆိုရင် အဲဒီစာအုပ်တွေလည်း အလကားပဲ၊ စာအုပ်ပိုင်ရှင်လည်း အလကားပဲ"**

## လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာများ စဉ်ဆက်မပြတ် သင်ကြားပေးလျက်ရှိ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျေးလက်နေလူငယ်များ အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ကြပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ကာ သက်မွေးပညာသင်တန်းများကို ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စဉ်ဆက်မပျက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွက် ကျောင်းကုန်းမြို့နယ်၏ ပထမဆုံး သက်မွေးပညာသင်တန်းဖြစ်သည့် ဆိုင်ကယ်ပြင်သင်တန်းကို ဇန်နဝါရီလအတွင်းက ဖွင့်လှစ်ခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်က သင်တန်းဆင်းပွဲ ကျင်းပခဲ့ကြောင်းသိရသည်။ အဆိုပါသင်တန်းကို ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်ခဲ့ပြီး ကျောင်းကုန်းမြို့နယ်သည် ဆိုင်ကယ်စီးနင်းမှုများပြားသည့် ဒေသဖြစ်သဖြင့် ဆိုင်ကယ်ပြင်သင်တန်းကို စတင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဖုန်းပြင်ဆင်မှုသင်တန်းများ၊ အခြေခံစားသောက်ကုန်ထုတ်လုပ်မှု သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ပြောကြားသည်။ သင်တန်းဆင်းပွဲတွင် သင်တန်းသားများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## သမဝါယမသင်တန်းကျောင်း အမှုထမ်းများအတွက် မွမ်းမံသင်တန်း ပုသိမ်မြို့၌ဖွင့်

**ပုသိမ် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး သမဝါယမသင်တန်းကျောင်း အမှုထမ်းများ မွမ်းမံသင်တန်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ပုသိမ်မြို့ရှိ သမဝါယမသင်တန်းကျောင်း (ပုသိမ်)၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက သင်တန်းသားများသည် ဌာနဝန်ထမ်းများဖြစ်သည့်အတွက် ဌာန၏မူဝါဒ၊ လုပ်ငန်းစဉ်၊ ဝန်းထမ်းစည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများကို သိရန်လိုကြောင်း၊ သမဝါယမလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ဝန်းထမ်းများအနေဖြင့် သမဝါယမအမှုဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လက်ရှိ ဆောင်ရွက်နေသည့် EximPlan (၈) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ယခုသင်ကြားပေးလိုက်သည့် ဘာသာရပ်များကို ကြိုးစားသင်ယူကြပြီး လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကာ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်ပြီး ဦးဆောင်လမ်းညွှန်မှု ကောင်းမွန်ကာ ဆုံးဖြတ်ချက်များ မှန်ကန်တိကျမှုရှိမှသာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လေလွင့်ဆုံးရှုံးမှုများ နည်းပါးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြား၍ သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ သင်တန်းတွင်



သမဝါယမဘာသာရပ်၊ သမဝါယမအသင်းများတွင် လက်ရှိဆောင်ရွက်နေသော Action Plan (၈) ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ စာရင်းရေး၊ စာရင်းကိုင်၊ စာရင်းစစ် ဘာသာရပ်များကို သင်ကြားမည်ဖြစ်ကာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေး အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူ လက်တွဲပေး

**ခင်မောင် (ဟိုတယ်ခရီး)**




**"သို့သော် အခြားနိုင်ငံများကဲ့သို့ ငွေကြေးများစွာသုံးစွဲပြီး ခရီးစဉ်ဆိုင်ရာ ကြော်ငြာမြှင့်တင်မှုတွင် တွင်ကျယ်စွာ မဆောင်ရွက်နိုင်သောကြောင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအကြောင်းကို နိုင်ငံတကာခရီးသွားဈေးကွက်တွင် လူသိနည်းလျက်ရှိနေဆဲဖြစ်ပြီး လာရောက်လည်ပတ်သည့် ခရီးသွားအရေအတွက်မှာ အခြားဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေဆဲ"**

*ယမန်နေ့မှအဆက်*

ဒေသခံပြည်သူများခရီးသွားလုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီးခရီးသွားလုပ်ငန်းမှဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် ရည်ရွယ်၍ခရီးသွားများစိတ်ဝင်စားသည့်ဒေသများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း (Community-Based Tourism)များအကောင်အထည်ဖော်နိုင်ရေးအတွက် ကျွမ်းကျင်သူများ၏ နည်းစနစ်အကူအညီများဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပါသည်။ ဒေသခံများအားခရီးသွားလုပ်ငန်းနှင့် ပတ်သက်သောအသိပညာပေးမှုများ၊ သင်တန်းများပေးခြင်းများ ဆောင်ရွက်ပြီးစနစ်တကျအကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ CBT Sites ၁၀ ခုကို အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပင်းတယမြို့နယ်ရှိစီးကျအင်း၊ ပင်စိမ်းပင်ရွာများ၊ ရွှင်မြို့နယ်ရှိရာဇကြီးရွာနှင့် တောင်မြင့်ရွာ၊ ညောင်ရွှေမြို့နယ်ရှိ လယ်နွဲ့ဘုရားတောင်၊ ရေဆိပ်ကျေးရွာ၊ စကားကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆင်တောင်ကျေးရွာတို့၌ Community-Based Tourism ကို စတင်ဖော်ဆောင်လျက်ရှိပါသည်။ ယင်းCBT Sites များကိုဖော်ထုတ်ခြင်းဖြင့် ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရေး အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံရှိ ဒေသခံပြည်သူလူထု၏ လူနေမှုနေ့စဉ်ဘဝများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို နီးနီးကပ်ကပ် ကိုယ်တိုင်ပါဝင်လေ့လာနိုင်ပြီး အတွေ့အကြုံသစ်များ ရရှိစေမည်ဖြစ်ပါသည်။

**ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရာတွင် အစိုးရမှ မူဝါဒများချမှတ်သူဖြစ်ပြီးပုဂ္ဂလိကကဏ္ဍသည် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသူများ၊ မြေပြင်တွင် နိုင်ငံတကာခရီးသည်များနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်နေကြသူများ ဖြစ်ကြပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးဆောင်ကာ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် လက်အောက်ခံညီနောင်အသင်း ၁၁ သင်း၏ပူးပေါင်းပါဝင်မှုဖြင့်ခရီးသွားပြပွဲများတွင်သွားရောက်ပြသခြင်း၊ဆွေးနွေး အကြံပြုချက်များရယူခြင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားဈေးကွက်မြှင့်တင်ဆောင်ရွက်ခြင်း၊ ခရီးသွားနယ်ပယ်ရှိ ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်ရေး၊ ခရီးစဉ်ဒေသများ၏အဆင့်အတန်းမြင့်မားရေးစသည်တို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များအားဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဧည့်လမ်းညွှန်လိုင်စင်၊ခရီးသွားလာသူများပို့ဆောင်ရေး လိုင်စင်၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်စသည့်လိုင်စင်လေးမျိုးထုတ်ပေးလျက်ရှိရာ လုပ်ငန်းလိုင်စင်များ လျှောက်ထားရာတွင် လွယ်ကူစေရန်အတွက်Online မှလျှောက်ထားခြင်းကို ၂၀၁၆ ခုနှစ်တွင် စတင်ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းရှင်များမှ ပေးသွင်းရသည့် လုပ်ငန်းလိုင်စင်ကြေးများကိုလည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ ၅၀ ရာခိုင်နှုန်းလျှော့ချ ကောက်ခံခဲ့ပါသည်။ ထို့အတူ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဥပဒေသစ်ကို ပြင်ဆင်ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့တင်ပြထားပြီး ဥပဒေသစ်ပြဋ္ဌာန်းပြီးပါက ဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးလျက်ရှိသောလုပ်ငန်းလိုင်စင်များအား တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက စီမံခန့်ခွဲ ခွင့်ပြုထုတ်ပေးနိုင်တော့မည်ဖြစ်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။

ထို့အပြင် ပြည်တွင်းဘုရားဖူးလုပ်ငန်းရှင်များ အသင်းကိုအားပေးမြှင့်တင်သည့်အနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသိအမှတ်ပြုလက်မှတ် ၅၀ ခန့်ထုတ်ပေးခဲ့ပြီး၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ယင်းအသင်း၏ လိုအပ်ချက်များကို ပံ့ပိုးကူညီခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းပြည်တွင်း ဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းမှ အသင်းဝင်လုပ်ငန်းရှင်များ၏ ဘုရားဖူးနှင့်ခရီးသွားမော်တော်ယာဉ်များအား ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်အတွင်းနှင့် မြို့တွင်းမှ ပြင်ပသို့ထွက်ရာလမ်းများရှိ အဓိကအချက်အချာကျသော ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား)၊ အောက်ကြည့်မြင်တိုင်လမ်း (သခင်မြပန်းခြံ)၊ ကြည့်မြင်တိုင်ဘူတာ၊ စလင်းကွင်း၊ ဘုရင့်နောင်လမ်းမ (ချောင်းဝ)၊ အင်းစိန်လမ်းမ (ကမာရွတ်)၊ စံရိပ်ငြိမ်သံလမ်း၊ သမိုင်းလမ်းဆုံ၊ ဘီအိုစီကွေ့၊ ပြည်လမ်းမ၊ မဟာမြိုင်၊ ၈မိုင်၊ ၉မိုင်၊ ၁၀မိုင်၊ စော်ဘွားကြီးကုန်း၊ ခရေပင်လမ်းခွဲ၊ မင်္ဂလာဒုံ (ဝါယာလက်)၊ တာမွေမြို့နယ်တွင် အသောက၊ တာမွေပလာဇာ စသည့်နေရာများသို့ ည ၉ နာရီ ကျော်အချိန်တွင် ဝင်ရောက်ခွင့်နှင့် ခရီးသည်များကို မောင်းတင်စနစ်ဖြင့် တင်ဆောင်ခွင့်ပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရမှ ခွင့်ပြုပေးခဲ့သဖြင့် ဘုရားဖူးဝန်ဆောင်မှုဆောင်ရွက်သူ လုပ်ငန်းရှင်များမှ ဘုရားဖူးများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ပါသည်။

ခရီးစဉ်ဒေသများတွင် လိုအပ်လျက်ရှိသော Public Toilet များခရီးစဉ်ဒေသအလိုက် စနစ်တကျပေါ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ဒေသအလိုက် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းရှင်များမှ ဆောင်ရွက်လိုစိတ်ပိုမိုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကျင်းပရာတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများအသုံးပြုရန် (အခမဲ့)သန့်စင်ခန်းများ စနစ်တကျ စီစဉ်ပေးခြင်း ဆောင်ရွက်ခဲ့သဖြင့် Public Toilet ဆုကို ချီးမြှင့်ပေးခဲ့ခြင်းဖြင့် အားပေးဆောင်ရွက်ခဲ့ပါသည်။ အလားတူပင် ASEAN Green Hotel၊ Green Rest Room၊ Green Restaurant စံနှုန်းများကို သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် အသိပညာပေးခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ပေးခဲ့ပါသည်။

**ဈေးကွက်ဦးတည်ခြင်း**

မြန်မာနိုင်ငံသို့ နိုင်ငံတကာဧည့်သည်များ မျှော်မှန်းသလောက် မလာရောက်၍ ခရီးသွားဧည့်သည်များလျော့နည်းသွားပါက ခရီးသွားလုပ်ငန်းကဏ္ဍကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ယခုအခါ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ရည်မျှော်အားထားခဲ့သော အနောက်နိုင်ငံဈေးကွက် အစားဈေးကွက်အင်အားကြီးပြီး အလားအလာကောင်းသော ASEAN+3 နိုင်ငံများ၏ ဈေးကွက်ရရှိနိုင်ရန် နည်းလမ်းရှာထိုးဖောက်ခြင်းဖြင့် ၂၀၁၈ ခုနှစ် နှစ်သစ်တွင် ခရီးသွားလုပ်ငန်းကို စတင်ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်ခရီးသွားဈေးကွက်ကို ဦးတည်သည့်အနေဖြင့် ဂျပန်နိုင်ငံတွင် ပြုလုပ်သော JATA Tourism Expo ခရီးသွားပြပွဲသို့ သွားရောက်ပြသခဲ့သည့်အပြင် ဂျပန်-မြန်မာချစ်ကြည်ရေး ချယ်ရီပန်းစိုက်ပျိုးရေးပွဲတော်ကို ပြုလုပ်ခဲ့ပြီးထိုသို့ချယ်ရီပန်းများ စိုက်ပျိုးခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုရရှိပြီး ဂျပန်နိုင်ငံမှ ခရီးသွားများအား ဆွဲဆောင်နိုင်မည်ဖြစ်ကာ ပြည်တွင်းခရီးသွားများအတွက်လည်း လည်ပတ်အပန်းဖြေစရာ နေရာတစ်ခု တိုးလာမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအဖြစ် ပထမအကြိမ် တရုတ်-မြန်မာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၇ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် အပြင် တရုတ်-မြန်မာခရီးသွားပြပွဲများလည်း ကျင်းပနိုင်ခဲ့ပါသည်။ ကိုရီးယား - မြန်မာ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအဖြစ် ASEAN - Korea Center နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စများတွင် ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။

**မြန်မာနိုင်ငံအား ပိုမိုသိရှိစေရန် ကြော်ငြာခြင်း**

